The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL. 19, NO. 32 တနင်္လာနေ့တိုင်းထုတ်ဝေသည် August 26, 2019

# စပါးများကို အရည်အသွေး သတ်မှတ်ဝယ်ယူရေး

စာမျက်နှာ - ၈



## စက်တင်ဘာ ၁ ရက်မှစ၍ မြန်မာ့ပင်လယ်ပြင်တွင် ငါး၊ ပုစွန် ဖမ်းဆီးခွင့် ပြန်လည်ခွင့်ပြုတော့မည်

စာမျက်နှာ - ၁၂

## ရန်ကုန်ရေပေးဝေရေး လုပ်ငန်းကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရန် စီစဉ်နေ

စာမျက်နှာ - ၂၄

## ဆန်စပါး အထွက်တိုးခြင်းဆိုင်ရာ စာအုပ်များကို အစိုးရနှင့် တောင်သူများထံ ပေးအပ်

စာမျက်နှာ - ၂၆

## ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်တွင် လိုက်နာဆောင်ရွက်မှု (၆)

စာမျက်နှာ - ၆



# NEW MAXTHERM MYANMAR

## BOILER MANUFACTURING IN MYANMAR SINCE 2012

မြန်မာနိုင်ငံတွင် ပထမဦးဆုံး ထုတ်လုပ်သည်။










၅ တန်မှ တန် ၃၀ ဘွိုင်လာများကိုလည်း အန္ဒိယ နိုင်ငံမှ တင်သွင်းရောင်းချပါသည်။

**India နိုင်ငံ Maxtherm Company နှင့်ပူးပေါင်း၍ IBR ကိုအခြေခံပြီးထုတ်လုပ်ပါသည်။**

>> Packaged Boiler Capacity - 500 Kg/Hr to 5000 Kg/Hr

>> Max. Working Pressure – 10.54 Kg/cm² to 24.5 Kg/cm²

>> Multi Fuel – Husk/ Agrowaste / Wood Chips/ Coal

MORE THAN DECADE IN POCESS HEAT ENERGY

NEW MAXTHERM MYANMAR ENGINEERING CO.,LTD

Office : No. 30/34 (A), 3rd Floor, 39th Street, Ward No.(8), Kyauktada Township, Yangon, Myanmar.

Factory : No. 47, Development Zone(1), Yawatwinwon U Phoe Hlaing Rd, Dagon Seaikkan Township, Yangon, Myanmar.

Tel : 09 5106587, 095117412, 09 5123979 E-mail : newmaxtherm.mm@gmail.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဂျပန်နိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးဦးမြင့်သူအား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဂျပန်နိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးဦးမြင့်သူအား ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ(၁)၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာ-ဂျပန်နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေး၊ သီလဝါ အထူးစီးပွားရေးဇုန် ပိုမို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ မြန်မာနိုင်ငံအနေဖြင့် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းများစွာရှိပြီး အနာဂတ်တွင်လည်း ဂျပန်နိုင်ငံမှ အထောက်အပံ့နှင့် နည်းပညာဆိုင်ရာအကူအညီများ ဆက်လက်ရယူဆောင်ရွက်သွားနိုင်ရေး၊ မြန်မာနိုင်ငံသို့ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်ရေးတို့အတွက် ဂျပန်နိုင်ငံရှိ မြန်မာသံရုံးအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး စစ်ဆေးရေးအရာရှိများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ အမှာစကားပြောကြား



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနရုံး အမှတ်(၅၂)၊ သင်တန်းခန်းမတွင် ကျင်းပသော စစ်ဆေးရေးအရာရှိများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အမှတ်စဉ် (၁/၂၀၁၉ ) ဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ယနေ့အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအဟောင်းအရ ဌာနစုံပါဝင်သောအဖွဲ့ဖြင့် ဆောင်ရွက်ခဲ့သော်လည်း ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သော ဥပဒေအသစ်အရ စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား စစ်ဆေးရေးအရာရှိများအဖြစ် တာဝန်ပေးအပ်ထားသည့်အတွက် စစ်ဆေးရေးအရာရှိများအနေဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှုများအပေါ် စစ်ဆေးသည့်အခါ နည်းစနစ်ကျနစွာဖြင့် စစ်ဆေးနိုင်ရန်၊ ပညာပေးခြင်းလုပ်ငန်းများ၊ တိုင်ကြားမှုကိစ္စများ၊ အခြားဆက်စပ်ဌာနများက အကူအညီ တောင်းခံဆောင်ရွက်လုပ်ကိုင်သည့် အခါများတွင် စနစ်တကျဖြင့် ဆောင်ရွက်နိုင်စေရန်နှင့် စားသုံးသူပြည်သူများကို ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း ထိထိရောက်ရောက် အကာအကွယ်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဥပဒေအရပြည်တွင်းထုတ်ကုန်များနှင့် ပြည်ပက တင်သွင်းရသည့် ကုန်စည်များအပေါ် စားသုံးသူများအတွက် ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် စောင့်ကြည့်စစ်ဆေးရန် ပြဋ္ဌာန်းထားကြောင်း၊ စစ်ဆေးရေးအရာရှိများအနေဖြင့် မိမိတို့စစ်ဆေးတွေ့ရှိချက်များအပေါ် သက်ဆိုင်ရာအဆင့်ဆင့် ဆက်လက်တင်ပြပြီး ဥပဒေနှင့်အညီ စနစ်တကျ ကိုင်တွယ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် စားသုံးသူ ကာကွယ်ရေးဥပဒေအသစ်နှင့်ပတ်သက်ပြီး စစ်ဆေးရေးအရာရှိများ မဖြစ်မနေ သိရှိလိုက်နာဆောင်ရွက်သွားရန် လိုအပ်ချက်များကို စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့က ပါဝင်ပို့ချသွားမည်ဖြစ်၍ လက်တွေ့နယ်ပယ်တွင် စားသုံးသူပြည်သူများ၏ အကျိုးစီးပွားကို အကောင်းဆုံး အကာအကွယ်ပေးရန် လိုအပ်ပါကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲကို တစ်ကြိမ်လျှင် ငါးရက်ဖြင့် သုံးကြိမ်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**MOC(IR)**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်

**စာတည်းမှူးချုပ်**
အောင်သူရ

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွင့်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၀၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုတစ်ပတ် ဆန်နှင့် ဆန်ကွဲ တင်ပို့မှုလျော့ကျ

ဩဂုတ် ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများဖြစ်သော ချင်းရွှေဟော်၊ လွယ်ဂျယ်နှင့်ကန်ပိုက်တီတို့မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၈ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၁၇၀ကျော်တင်ပို့ခဲ့ရာ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် တန်ချိန် ၈၈၀ ကျော်၊ လွယ်ဂျယ်စခန်းမှတန်ချိန် ၁၇၀ ကျော်နှင့် ကန်ပိုက်တီစခန်းမှ တန်ချိန် ၁၂၀ တင်ပို့ခဲ့ကြောင်းသိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်အထိ ကာလအတွင်းအမေရိကန်ဒေါ်လာ ခုနစ်သန်းနီးပါးတန်ဖိုးရှိ ဆန်တန်ချိန် ၂၀၀၀၀ ကျော် တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဆန်အများဆုံးတင်ပို့သောနိုင်ငံများမှာ တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံသို့တန်ချိန် ၇၈၈၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ၆၃၀၀ ကျော် တင်ပို့ကာ အခြားတင်ပို့သည့်နိုင်ငံများမှာ အီးယူသို့ တန်ချိန် ၃၆၀၀ ကျော်၊ ကင်မရွန်းသို့တန်ချိန် ၇၅၀၊ ဘီနင်သို့ တန်ချိန် ၇၈၀၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၆၃၀ကျော်၊ မိုဇမ်ဘစ်သို့ တန်ချိန် ၅၀၀ ကျော်နှင့် ရုရှားနိုင်ငံသို့တန်ချိန် ၂၅၀ ဖြစ်ကြောင်းသိရသည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၈၀၀၀ ကျော် လျော့ကျခဲ့သည်။

ယခုတစ်ပတ်တွင် ရေကြောင်းမှ အမေရိကန်ဒေါ်လာ သုံးသန်းနီးပါးတန်ဖိုးရှိဆန်ကွဲတန်ချိန် ၁၁၅၀၀ ကျော်တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုများမှာ အီးယူနိုင်ငံများသို့ တန်ချိန် ၅၉၀၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၄၁၀၀၊ အိုင်ဗရီကို့စ်သို့ တန်ချိန် ၅၂၀၊ ဂျီဘူတီသို့ တန်ချိန် ၇၅၀ တင်ပို့ခဲ့ပြီး ထိုင်း၊ အိုင်ဗရီကို့စ်နှင့် မက်ဒါဂါစကားနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၂၀၀၀ ကျော်လျော့ကျခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ်အတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှုစုစုပေါင်းမှာ ဆန်တန်ချိန် ၂၁၀၀၀ ကျော်နှင့် ဆန်ကွဲတန်ချိန် ၁၁၅၀၀ ကျော်ဖြစ် ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ဆန်ရောဆန်ကွဲပါ လျော့ကျခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်အေး**

# ပုသိမ်တွင် ဆန်/စပါးဈေးနှုန်း အနည်းငယ်မြင့်

ပုသိမ်မြို့နယ် ဆန်စပါးဈေးကွက် ဩဂုတ်လ တတိယပတ်အတွင်း ပေါ်ဆန်းစပါး၊ ဆန်ဈေးနှုန်း ပုံမှန်ရှိသော်လည်း မိုးဧည့်မထစပါး၊ ဆန်နှင့် နှွေသီးထပ်စပါး၊ ဆန်ဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိကြောင်း ဧည့်မထမိုးစပါး ရွှေသွယ်၊ ပေါင် ၅၀ တင်း ၁၀၀ ကို ယခင်ကျပ်ရှစ်သိန်းခွဲဝန်းကျင်မှ ယခုဈေးကျပ်ကိုးသိန်းဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၃၂၀၀၀/ ၃၃၀၀၀ မှ ယခု ဈေး ကျပ် ၃၄၀၀၀/ ၃၅၀၀၀၊ မိုးဧည့်မထ မနောသုခ၊ မျိုးပွားစပါးပေါင် ၅၀ တင်း ၁၀၀ ကို ယခင် ကျပ် ၆၂၀၀၀၀/၆၃၀၀၀၀ မှ ယခုဈေး ကျပ် ၆၅၀၀၀၀/၇၀၀၀၀၀ ဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၂၂၀၀၀/ ၂၃၀၀၀ မှ ယခုဈေး ကျပ် ၂၄၀၀၀/ ၂၅၀၀၀၊ နွေသီးထပ်ရင်စပါးပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၅၂၀၀၀၀/ ၅၃၀၀၀၀ ဈေးမှ ယခုဈေး ကျပ် ၅၅၀၀၀၀/ ၅၆၀၀၀၀ ဝန်းကျင် ဆန်တစ်အိတ်ကို ကျပ် ၁၉၀၀၀/ ၁၉၅၀၀ ဈေးမှ ယခုဈေး ကျပ် ၂၁၀၀၀/ ၂၁၅၀၀ ဈေးမြင့်တက်မှုရှိကြောင်း ဈေးကွက်မှသိရသည်။

ဆန်စပါးဈေးကွက်မှာ မိုးတွင်းကာလဖြစ်၍ ပုံမှန်သာ အရောင်းဝယ်ဖြစ်လျက်ရှိပြီး ပွင့်လင်းရာသီ ဆန်စပါးပေါ်ချိန် အရောင်းအဝယ်ပိုသွက်လျက်ရှိ၍ အများစားသုံးသော ဧည့်မထစပါး၊ ဆန်ဈေးနှုန်းမှာ မြင့်တက်လျက်ရှိကြောင်း ဈေးကွက်မှ သိရသည်။

**မင်းမင်းဦး**

# ပြောင်းစိုက်တောင်သူများ အစုအဖွဲ့ ဖွဲ့စည်း

ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနက ဩဂုတ် ၂၁ ရက်တွင် ပြည်တွင်းထုတ်ကုန်များ၏ သတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ရန်နှင့် ဒေသတွင်း ပုဂ္ဂလိကလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူဖြစ်စေသော အစုအဖွဲ့(သို့)အသင်းအဖွဲ့ များ၊ သီးနှံဇုန်များနှင့် ကုန်စည်ဒိုင်များ ဖွဲ့ စည်းနိုင်ရေးအတွက် တွန်းအားပေး ဆောင်ရွက်လျက်ရှိရာ လွိုင်ကော်မြို့နယ်ရှိ မထောခူကျေးရွာအုပ်စုတွင် ပြောင်းစိုက်တောင်သူများ အစုအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

ရှေးဦးစွာ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြို့ရီက အဖွင့်အမှာစကား ပြောကြားရာတွင် အစုအဖွဲ့ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များ၊ အစုအဖွဲ့(သို့)အသင်းအဖွဲ့ ဖွဲ့စည်းခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ ၊ ပြည်တွင်းရှိ အစုအဖွဲ့များ (သို့)အသင်းအဖွဲ့များ၏ ဖွဲ့စည်းဆောင်ရွက်နေမှုများနှင့် တိုးတက်အောင်မြင်နေမှုများ၊ လိုအပ်သော အကူအညီရရှိနိုင်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော ပြောင်းစိုက်တောင်သူများက လိုအပ်သောအကူအညီများ၊ ပြည်တွင်း/ပြည်ပဈေးကွက်များတွင် သီးနှံများရောင်းချရမှု အခက်အခဲများ၊ ဈေးကွက်တွင်းရှိ ကြားခံပွဲစားများ၏ ဈေးနှိမ်ခံရမှုများ ၊ စိုက်ပျိုးရေးနည်းစနစ် လိုအပ်ချက်များ၊ စိုက်ပျိုးသီးနှံများတွင် ဓာတ်ကြွင်း/ဓာတ်ကျန်များ များပြားမှုနှင့် စပ်လျဉ်းပြီး ဓာတ်မြေဩဇာ(သို့) ပိုးသတ်ဆေး အသုံးပြုမှုနည်းပညာ သင်တန်းများလိုအပ်ကြောင်း၊ အဆင့်မြင့် လယ်ယာသုံးစက်များနှင့် သီးနှံအခြောက်ခံစက် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ မထောခူကျေးရွာအုပ်စု ပြောင်းစိုက်တောင်သူများအစုအဖွဲ့ EC/CEC များ ရွေးချယ်မှုပြုလုပ်ကာ ဥက္ကဋ္ဌအဖြစ် လောလာလီကျေးရွာမှ ဦးသန်းဝင်း၊ အတွင်းရေးမှူးအဖြစ် ဦးကူးရယ်၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးတိုးရယ်နှင့် စာရင်းစစ်အဖြစ် ဦးဗျားရယ်တို့ကို တက်ရောက်လာသူများ၏ သဘောထားဆန္ဒနှင့်အညီ လျှို့ဝှက်မဲခွဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရှိရသည်။

**ဖြိုးဝေအောင် (လွိုင်ကော်)**

# မကွေးကုန်စည်ဒိုင်တွင် ဆန်ချောဈေးမြင့်တက်

မကွေးတိုင်းဒေသကြီးအတွင်း ဆန်များကို ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မိုးများ၍ရေကြီးသဖြင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် မကွေးတိုင်းဒေသကြီးအတွင်း ဆန်ဝင်ရောက်မှုနည်းသွားပြီး ဆန်လက်ကျန်နည်းသွားရာမှဆန်ချောဈေးများ ဈေးမြင့်တက်ခဲ့ သည်။

ယခုတစ်ပတ်တွင် ဧရာပဒေသာ(ခပ်ချက်)တစ်အိတ်လျှင် ကျပ် ၄၄၀၀၀ မှ ၄၆၅၀၀၊ ပေါ်ဆန်မွှေး(ဖျာပုံ) တစ်အိတ်လျှင် ကျပ် ၄၃၀၀၀ မှ ၄၅၀၀၀၊ ပေါ်ဆန်မွှေး (ရွှေဘို) တစ်အိတ်လျှင် ကျပ် ၅၄၅၀၀ မှ ၅၉၀၀၀ တို့ဖြင့် ဈေးမြင့်တက် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရှိရသည်။

**လှမိုးခိုင် (ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**

# အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၂၃-၈-၂၀၁၉ | ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၂၀ | ၄၁၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၁၀ | ၄၀၅ | ▽ | ၃၄၀ | ၃၃၅ | ▽ | ၄၀၅ | ၄၀၅ | □ | ၃၅၇ | ၃၆၃ | △ |
| ဆန်ဖြူ ၁၀% | ၄၀၉ | ၄၀၄ | ▽ | ၃၃၅ | ၃၃၀ | ▽ | - | - | - | ၃၅၂ | ၃၅၈ | △ |
| ဆန်ဖြူ ၁၅% | ၄၀၄ | ၄၀၃ | ▽ | ၃၃၀ | ၃၂၅ | ▽ | - | - | - | ၃၄၇ | ၃၅၃ | △ |
| ဆန်ဖြူ ၂၅% | ၃၉၄ | ၃၉၅ | △ | ၃၂၀ | ၃၁၇ | ▽ | ၃၆၅ | ၃၆၅ | □ | ၃၂၈ | ၃၃၀ | △ |
| ပေါင်းဆန် | ၄၃၉ | ၄၃၉ | □ | - | - | - | ၃၇၅ | ၃၇၃ | ▽ | ၃၉၃ | ၃၉၃ | □ |

*Source: liverice*

# ပြည်တွင်းမြို့ကြီးများ၏ (၂၃-၈-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၅၅၀ | □ | ၂၂၀၀၀ | □ | ၉၂၀၀ | □ | ၄၂၀၀၀ | □ |
| ပုသိမ် | ၅၈၈၀ | □ | ၂၄၅၀၀ | □ | ၉၆၇၀ | □ | ၄၁၀၀၀ | □ |
| ပဲခူး | ၅၆၀၀ | □ | ၂၃၀၀၀ | □ | ၉၂၀၀ | □ | ၄၃၀၀၀ | □ |
| ရွှေဘို | ၅၅၀၀ | □ | ၂၃၀၀၀ | □ | ၁၇၀၀၀ | □ | ၅၄၀၀၀ | △ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၉၆၀၀ | □ | ၄၁၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၅၀ | □ | ၂၈၀၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၀၀၀ | △ | ၂၅၀၀၀ | □ | - | - | ၅၇၅၀၀ | △ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၂၀၀၀ | □ | ၉၆၆၀ | □ | ၄၀၀၀၀ | □ |
| လွိုင်ကော် | ၉၇၁၀ | □ | ၄၆၀၀၀ | □ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၅၆၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ဘားအံ | ၅၉၀၀ | □ | ၂၄၀၀၀ | △ | - | - | ၄၈၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

### ၁၆-၈-၂၀၁၉ မှ ၂၂-၈-၂၀၁၉ ထိ Online CO Application မှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 703 | 35 | - | - | - | 738 |
| | Form AANZ | 15 | 3 | - | - | - | 18 |
| | Form AHK | 2 | - | - | - | - | 2 |
| | Form AI | 286 | 23 | - | - | - | 309 |
| | Form CHINA | - | - | - | - | - | - |
| | Form AJ | 28 | 2 | - | - | - | 30 |
| | Form AK | 286 | 16 | - | - | - | 302 |
| | Form D | 272 | 18 | - | - | 1 | 291 |
| | Form DFTP | 1 | 3 | - | - | - | 4 |
| | Form E | 209 | 17 | - | - | - | 226 |
| | Form Korea | 19 | 1 | - | - | - | 20 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 1821 | 118 | - | - | 1 | 1940 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၃-၈-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၆/၈ | ၂၃/၈ | ပြောင်းလဲမှု | ၁၆/၈ | ၂၃/၈ | ပြောင်းလဲမှု | ၁၆/၈ | ၂၃/၈ | ပြောင်းလဲမှု | ၁၆/၈ | ၂၃/၈ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၂၆၇ | ၁၄၉၄ | ▲ | ၁၃၀၀ | ၁၂၅၀ | ▼ | ၁၂၅၀ | ၁၂၀၀ | ▼ | ၁၂၀၀ | ၁၂၀၀ | ■ |
| ပဲစင်းငုံ | ၁၅၂၆ | ၁၄၈၅ | ▼ | ၁၅၈၃ | ၁၅၃၃ | ▼ | ၁၄၆၅ | ၁၅၂၅ | ▲ | ၁၅၀၀ | ၁၅၀၀ | ■ |
| ပဲတီစိမ်း | ၁၀၀၀ | ၁၀၀၀ | ■ | ၁၇၇၈ | ၁၇၇၈ | ■ | ၁၇၁၁ | ၁၇၃၇ | ▲ | ၁၇၄၀ | ၁၆၃၀ | ▼ |
| ကုလားပဲရိုးရိုး | ၁၇၅၀ | ၁၈၂၅ | ▲ | ၁၄၁၅ | ၁၃၈၉ | ▼ | ၁၄၁၁ | ၁၃၈၄ | ▼ | ၁၄၀၅ | ၁၄၀၅ | ■ |
| ပဲလွန်းဖြူ | ၁၁၁၅ | ၁၁၁၅ | ■ | ၁၂၀၀ | ၁၂၀၀ | ■ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၁၆၀ | ၁၁၆၀ | ■ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၆၅၀ | ■ | ၁၈၆၇ | ၁၈၁၃ | ▼ | ၁၅၇၉ | ၁၅၇၉ | ■ | ၁၇၄၀ | ၁၇၄၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၀.၈.၁၉)ထိ | ယခုတစ်ပတ် (၁၇.၈.၁၉)ထိ | (၁.၁.၁၉) မှ (၁၇.၈.၁၉) ထိ |
| မတ်ပဲ | ၂၃၄၆၃၇ | ၈၈၈၉ | ၂၄၃၅၂၆ |
| ပဲတီစိမ်း | ၁၆၉၅၁၀ | ၂၆၁၄ | ၁၇၂၁၂၄ |
| ပဲစင်းငုံ | ၇၅၂၂၂ | ၂၉၅၈ | ၇၈၁၈၀ |
| ကုလားပဲ | ၄၇၆၇၉ | ၆၉ | ၄၇၇၄၈ |
| ပဲလွန်းဖြူ | ၃၁၀၇၉ | ၃၃၉ | ၃၁၄၁၈ |
| မြေထောက်ပဲ | ၈၅၄၈ | ၁၄၈ | ၈၆၉၆ |

## ပြည်ပဲဈေးကွက်၌ မတ်ပဲသီးနှံ ရက်ခြားရောင်းဝယ်မှုဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ မတ်ပဲဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်နေသည်ဟု ဆိုရမည်ဖြစ်သည်။ ယခင်တစ်ပတ်က တစ်တင်းကျပ် ၂၄၅၀၀ ဖြင့် ရောင်းဝယ်နေပြီး ယခုတစ်ပတ်မှာ ကျပ် ၂၅၀၀၀ ဖြင့် ရောင်းဝယ်နေသည့်အတွက် ဈေးအလျှော့အတင်း သိပ်မဖြစ်ဘဲ ရောင်းဝယ်နေခဲ့ကြကြောင်း သိရသည်။

ပဲလက်ကျန်များ ရန်ကုန်ဝယ်လိုအားရှိမှုအပေါ် ရက်ခြား ရောင်းဝယ်မှုဖြစ်ပြီး အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၁၅၀/၂၀၀ ကျော်ရောင်းချမှုဖြစ်ခဲ့ကြသည်။ ပဲဝင်ရောက်မှု ပမာဏမှာလည်း နေ့စဉ်ဝင်ရောက်မှုမရှိ၍ တစ်ခါတစ်ရံမှသာ ဝင်ရောက်ပြီး ဝင်ရောက်သည့်ရက်များတွင် အိတ် ၁၀၀ ကျော်သာ ဝင်ရောက်ခဲ့ကြောင်း သိရသည်။ မတ်ပဲသီးနှံဈေးမှာ ယခင်နှစ်က ဩဂုတ်လတွင်တစ်တင်း ကျပ် ၁၄၀၀၀ ခန့်သာရရှိခဲ့သည့်အတွက် ယခုနှစ်မှာ မတ်ပဲသီးနှံဈေးအေးသည်ဆိုသော်လည်း ယခင်နှစ်ထက်တော့ကျပ်တစ်သောင်းကျော် ပိုရခဲ့ကြောင်း သိရသည်။ **ခင်ဆွေဝင်း (ပြည်)**



## မြေပဲဆန်ဈေးကွက် အတက်ဈေးဖြင့်ဈေးငြိမ်လျက်ရှိ

ယခုတစ်ပတ်တွင် ဆီထွက်သီးနှံဖြစ်သည့် မြေပဲဆန်သည် မုံရွာဈေးကွက်အတွင်းသို့ ပစ္စည်းလက်ကျန်နည်းပါးခြင်းနှင့် မြေပဲအသစ်များ ဝင်ရောက်လာခြင်း မရှိသေး ခြင်းတို့ကြောင့် အတက်ဈေးဖြင့်ဈေးငြိမ်လျက်ရှိကြောင်း သိရသည်။

ယခုတစ်ပတ် မြေပဲလုံးဆန်ပေါက်ဈေးနှုန်းများမှာ လုံးဆန်(ဖြူ) တစ်ပိဿာ ကျပ် ၄၀၅၀ မှ ၄၁၀၀၊ လုံးဆန်(နီ) ကျပ် ၄၂၀၀မှ ၄၂၅၀၊ ဆီဆန် ကျပ်၃၅၀၀နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခင်နှစ်ကာလတူ ပေါက်ဈေးနှုန်းမှာလုံးဆန် (ဖြူ) တစ်ပိဿာ ကျပ်၂၇၅၀ မှ ၂၆၅၀၊ လုံးဆန်(နီ) ကျပ် ၂၉၀၀ မှ၂၉၅၀၊ ဆီဆန် ကျပ် ၂၃၅၀ နှုန်းပေါက်လျက်ရှိ၍ နှိုင်းယှဉ်ပါကတစ်ပိဿာ ကျပ်၁၃၀၀ခန့် ဈေးမြင့်လျက်ရှိကြောင်း တွေ့ရသည်။ မုံရွာကုန်စည်ဒိုင်၏ ဆီပေါက်ဈေးနှုန်းများမှာ မြေပဲဆီတစ်ပိဿာ ကျပ် ၇၃၀၀၊ နှမ်းဆီတစ်ပိဿာ ကျပ် ၆၅၀၀၊ စားအုန်းဆီတစ်ပိဿာ ကျပ် ၁၆၁၀ မှ ၁၆၃၀ နှုန်းပေါက်လျက်ရှိကြောင်းသိရသည်။

**ကြည်ကြည်နွယ်(ဇေယျာကုန်သွယ်မှု ဗဟိုဌာန)**

## တည်းကုန်းဈေး၌ ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်းကုန်း လက်ကားဈေးကြီးအတွင်းသို့ ဩဂုတ် ၁၂ ရက်မှ ၁၈ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံး ဝင်ရောက်ရောင်းချနေကြောင်း သိရသည်။ ထိုသို့ ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီးထိုင်ဝမ် (ပိဿာ)ကျပ် ၆၇၀ မှ ၁၀၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၂၈၀ မှ ၅၀၀ အတွင်း၊ ပန်းဂေါ်ဖီ (တစ်ထုပ်)ကျပ် ၄၅၀ မှ ၅၀၀ အတွင်း၊ အာလူး(ပိဿာ) ကျပ် ၈၀၀ မှ ၁၂၀၀ အတွင်း၊ မုန်လာဥနီ (ပိဿာ) ကျပ် ၁၈၀၀၊ ရွှေဖရုံသီး(လုံး) ကျပ် ၈၀၀ မှ ၂၅၀၀ အတွင်း၊ ဘူးသီး (လုံး) ကျပ် ၇၀၀ မှ ၁၃၀၀ အတွင်း၊ မုန်ညင်း(ထုပ်) ကျပ် ၁၂၀၀၊ ကြက်သွန်နီ(ဆိပ်ဖြူ) (ပိဿာ) ကျပ် ၉၀၀၊ ကြက်သွန်ဖြူ(ရှမ်း) (ပိဿာ) ကျပ် ၂၀၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) (ပိဿာ) ကျပ် ၃၃၀၀၊ ချင်း (ပိဿာ)ကျပ် ၃၀၀၀၊ ဆလတ်ရွက် (စီး) ကျပ် ၂၀၀၊ ရုံပတီသီး (တောင့်) ကျပ် ၄ မှ ၁၀ အတွင်း၊ ကန်စွန်းရွက် (တရုတ်) (စီး) ကျပ် ၂၀၀ မှ ၃၅၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး) ကျပ် ၅၀ မှ ၈၀ အတွင်း၊ ခရမ်းသီး (ရှည်)(လုံး) ကျပ် ၁၀၀ မှ ၂၀၀ အတွင်း၊ သံပရာသီး (လုံး)ကျပ် ၃၀ မှ ၈၀ အတွင်း၊ ပဲသီး (စီး) ကျပ် ၅၀ မှ ၁၀၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ) ကျပ် ၈၀၀ မှ ၁၂၀၀ အတွင်း၊ နာနတ်သီး (လုံး) ကျပ် ၃၀၀ မှ ၅၀၀ အတွင်း ဈေးအသီးသီးရှိကြောင်း သိရသည်။

ယခုရက်သတ္တပတ်အတွင်း အာလူး၊ ဆလတ်ရွက်နှင့် ကန်စွန်းရွက်တို့မှာ အနည်းငယ်ဈေးတက်နေပြီး ကြက်သွန်ဖြူ (ရှမ်း)၊ ကြက်သွန်ဖြူ(ကြူကုတ်)၊ ပဲသီးနှင့် ငရုတ်သီးစိမ်း (ကျောက်စိမ်း)တို့မှာ အနည်းငယ် ဈေးကျနေခဲ့ကြောင်း သိရသည်။ တည်းကုန်း လက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီး အလုံးပေါင်း ၃၅၀၀၀ ကျော်၊ ခရမ်းသီး (ရှည်)(လုံး) ၁၀၀၀၀၀ ကျော်၊ ဘူးသီးအလုံးပေါင်း ၁၄၀၀၀ ကျော်၊ ရွှေဖရုံသီးအလုံးပေါင်း ၂၆၀၀၀ ကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၃၅၀၀၀ ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း ၄၅၀၀၀ ကျော်နှင့် မုန်ညင်း (ထုပ်)ပေါင်း ၁၂၅၀၀ ကျော် အသီးသီးကုန်အဝင်ရှိကြောင်း သိရသည်။ **ခိုင်ရွှေ(ရန်ကုန်)**

## ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်းနက်(ဂွ)နှင့် နှမ်းနက်(စမုံ)အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ်ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်းနက်(ဂွ)တစ်တင်းလျှင် ကျပ် ၆၃၀၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ နှမ်းညိုတစ်တင်းလျှင် ကျပ် ၅၁၀၀၀ ဖြင့် အိတ် ၅၀၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၁၉၂၀၀ ဖြင့် အိတ် ၅၀၊ ခုနှစ်ထွက် ပဲစင်းငုံနီ (အဟောင်း) တစ်တင်းလျှင် ကျပ် ၂၈၅၀၀ ဖြင့် အိတ် ၅၀၊ ပဲတီစိမ်းသေး တစ်တင်းလျှင် ကျပ် ၄၀၂၀၀ ဖြင့် အိတ် ၅၀၊ ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် ကျပ် ၈၁၀၀ဖြင့် အိတ် ၅၀၊ ကုလားပဲဖြူလုံးကြီး (V2 )တစ်တင်းလျှင် ကျပ် ၂၆၇၀၀ ဖြင့် အိတ်၅၀၊ ကုလားပဲဝါလုံးကြီး (929)တစ်တင်းလျှင် ကျပ် ၂၆၇၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲ (V6)တစ်တင်းလျှင် ကျပ် ၂၅၈၀၀ ဖြင့် အိတ် ၅၀၊ ၂၀၁၇ ခုနှစ်ထွက် ပဲစင်းငုံနီ (အဟောင်း)တစ်တင်းလျှင် ကျပ် ၂၉၅၀၀ ဖြင့် အိတ် ၅၀ ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်း အဝယ်ဖြစ်လျက်ရှိသည်။

ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲနီလုံးဆန်တစ်ပိဿာလျှင် ကျပ် ၃၉၀၀၊ ကျွန်းမြေပဲနီလုံးဆန် တစ်ပိဿာလျှင် ကျပ် ၃၈၀၀၊ စွန်တာနီ တစ်တင်းလျှင် ကျပ် ၁၉၀၀၀ ကျပ်၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၈၈၀၀၊ ပဲနီပြား တစ်တင်းလျှင် ကျပ် ၁၉၀၀၀ ၊ ပဲပုပ်တစ်တင်းလျှင် ကျပ် ၁၉၀၀၀၊ ပြောင်းဖူးစေ့တစ်တင်းလျှင် ကျပ် ၇၈၀၀ ပေါက်ဈေးဖြင့် အရောင်းအဝယ် အနည်းငယ်သာဖြစ်လျက်ရှိသည်။ **လှိုင်ဥမ္မာဦး (ပခုက္ကူ)**

## ပြည်ဈေးကွက်တွင် လှော်မြေပဲဆန်များ အရောင်းအဝယ်ဖြစ်

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်တွင်မြေပဲဆန်များ မပေါ်သေးသော်လည်း လှော်ထားသည့် မြေပဲဆန်များဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခုနှစ်တွင် မိုးမြေပဲစိုက်ပျိုးဧကမှာ ၄၈၉၂၂ ဧက စိုက်ပျိုးခဲ့သည်။ ယခင်နှစ်ကာလတူစိုက်ဧကမှာ ၄၂၇၃၄ ဧက စိုက်ပျိုးခဲ့ပြီး ယခုနှစ်၌ ၆၁၈၈ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။ ယခုနှစ်တွင် မိုးမြေပဲတစ်ဧက ကုန်ကျစရိတ်မှာ ကျပ် ၂၉၄၅၀၀ ကုန်ကျခဲ့ကာ မြေပဲများထွက်ပေါ်ချိန်တွင် အထွက်နှုန်းမြင့်ပြီး ဈေးနှုန်းမှာလည်း ယခုဈေးအတိုင်းတည်ငြိမ်နေလျှင် တောင်သူများ တွက်ခြေကိုက်မည်ဟု ခန့်မှန်းရသည်။

ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာဆီဆန် (ဖြူ)တစ်ပိဿာလျှင်ကျပ် ၃၇၀၀၊ (အနီ)တစ်ပိဿာလျှင် ကျပ် ၃၈၀၀ နှင့် လုံးဆန်(ဖြူ) တစ်ပိဿာလျှင် ကျပ် ၄၂၀၀၊ (အနီ)တစ်ပိဿာလျှင် ကျပ် ၄၃၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်ပြီး တစ်နေ့လျှင်အိတ် ၇၀-၈၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ **ဝေဝေမင်း(ပြည်)**

## ဈေးအမြင့်ဆုံးရသည့် ပြည်ပဲကြီး

ဩဂုတ်လမှစ၍ပြည်ပဲဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရနေသည့် ပဲသီးနှံမှာပဲကြီးသီးနှံဖြစ်ခဲ့သည်။ ပဲကြီးသီးနှံမှာ ဒေသတွင်းသာ အဝယ်ဖြစ်သော်လည်း ပြည်ပဝယ်လက်များထက် ဈေးပိုရလျက်ရှိပြီး (ရွှေကျွန်း) တစ်တင်းကျပ် ၃၆၀၀၀၊ (ကမ်းနား) တစ်တင်း ကျပ် ၃၄၀၀၀ တို့ဖြင့် ရောင်းဝယ်နေခဲ့ကြသည်။

ပဲအဝင်ပါးလာသော်လည်း လက်ကျန် လှော်ပဲသမားများရှိနေသည့်အတွက် ဝယ်လိုအားရှိသလောက်ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ ပဲကြော်ဖိုလုပ်ငန်းသမားများ နေ့စဉ်အဝယ်ရှိ၍ အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့သလို ပဲဝင်ရောက်မှုမှာလည်း တစ်ရက်အိတ် ၁၀၀/၁၅၀ ကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။ **ခင်ဆွေဝင်း (ပြည်)**

## ပြည်ပဲတီစိမ်းသီးနှံ အရောင်းအဝယ်သွက်လျက်ရှိ

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ဩဂုတ်လမှာ အရောင်းအဝယ်သွက်နေသည့် ပဲသီးနှံသည် ပဲတီစိမ်း သီးနှံဖြစ်ခဲ့သည်။ မိုးပဲတီစိမ်းထွက်ပေါ်ချိန်ကာလဖြစ်သည့်အတွက်ပဲဈေးကွက်သို့ ပဲဝင်ရောက်မှုများနေသလို ဝယ်လိုအားအနေဖြင့်လည်း ရန်ကုန်၊ မန္တလေးလိုင်းသမားများ ဝင်လာသမျှဝယ်ယူခဲ့ကြောင်း သိရသည်။

ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ရွှေတောင်၊ ကျိုးသဲနှင့် ပြည်အနီးတစ်ဝိုက်မှ နေ့စဉ်ဝင်ရောက်ခဲ့၍ တစ်ရက်အိတ် ၃၀၀/၄၀၀ကျော်အထိ ပဲအဝင်များပြီး ဝယ်လိုအားလည်းကောင်းနေသည့်အတွက် ပဲဈေးကွက်၌ မိုးပဲတီစိမ်းသီးနှံသည် အရောင်းအဝယ်သွက်နေခဲ့သည်။ ပဲဈေးမှာပဲ အရည်အသွေးလိုက်ဈေးကွာခြားခြင်းကြောင့် ရိုးရိုးစတစ်တင်းကျပ် ၂၉၀၀၀၊ အလတ်စတစ်တင်းကျပ် ၃၀၀၀၀ နှင့်ထိပ်စ တစ်တင်း ကျပ် ၃၁၅၀၀ တို့ဖြင့် အသီးသီး ရောင်းဝယ်နေခဲ့ကြောင်း သိရသည်။

**ခင်ဆွေဝင်း (ပြည်)**

Vol: 19, No.32 Monday August 26 2019

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်တွင် လိုက်ပါဆောင်ရွက်မှု (၆)

**မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်အတွက် ကြိုတင်ဆောင်ရွက်ခဲ့သည့် အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲများ**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် မြန်မာနိုင်ငံ၏ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် စတင်ကာ ၂၀၂၀ပြည့်နှစ် အောက်တိုဘာလအတွင်း အပြီးဆောင်ရွက်သွားနိုင်ရန် ရည်မှန်းချက်ထား၍ စတင်ကြိုးပမ်းပြင်ဆင်လျက်ရှိသည်။ ယင်းလုပ်ငန်းစဉ်အား အပြည့်အဝအောင်မြင်မှုရရှိနိုင်ရေးအတွက် ဆက်စပ်အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုများမှာ အဓိကကျပါသည်။ ယင်းအတွက် ဆက်စပ်အစိုးရဌာနများမှ တာဝန်ရှိသူများအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အများပြည်သူများမှ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့သည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် နေပြည်တော်၌ မြန်မာနိုင်ငံ၏ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်၍ ကျင်းပခဲ့သည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းသည် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပရန် ရည်ရွယ်ထားသည့် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းအစည်းအဝေး ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ ကုန်သွယ်မှုနှင့်သက်ဆိုင်သည့်အပြောင်းအလဲများ၊ မူဝါဒများ၊ ရှေ့ဆက်ဆောင်ရွက်သွားရမည့် အစီအစဉ်များ သိရှိရန်နှင့် လိုအပ်သည်များကို အသိပညာဖြန့်ဝေ ပေးနိုင်ရေးအတွက်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများနှင့်ကုန်သွယ်မှုနှင့်ဆက်စပ်သော ဝန်ကြီးဌာန ၁၂ ဌာနအောက်ရှိ ဦးစီးဌာန ၂၇ ဌာနမှ ကိုယ်စားလှယ် စုစုပေါင်း ၅၅ ဦး၊ UMFCCI မှ ကိုယ်စားလှယ် သုံးဦးနှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာအခြေစိုက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကုန်သွယ်မှု မူဝါဒဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ၂၀၁၉ ခုနှစ် ဧပြီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် နေပြည်တော်၌ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းဆိုင်ရာ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း ဦးဆောင်၍ ကျင်းပခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ပထမအကြိမ် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းတွင် ပါဝင်သည့် အကြံပြုချက်ပါ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် ကျင်းပရန် လျာထားသည့် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် အပြောင်းအလဲများ၊ မူဝါဒများ၊ ရှေ့ဆက်ဆောင်ရွက်သွားရမည့် အစီအစဉ်များအား သိရှိရန်နှင့် လိုအပ်သည်များကို အသိပညာဖြန့်ဝေပေးနိုင်ရေးအတွက် ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ် အတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် အောက်ဖော်ပြပါ လုပ်ငန်းစဉ် ခြောက်ရပ်ကို ညှိနှိုင်းအကြံပြုခဲ့ကြပါသည်-

(က) ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင် ရွက်ရာ၌ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အထောက်အပံ့အကူအညီများ ပိုမိုရရှိ



WTO

အသုံးပြုသွားနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားရန်၊ (ခ)မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်မူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်အား ပြင်ဆင်ဆောင်ရွက်ရာတွင် တာဝန်ယူဆောင်ရွက်မည့် ဝန်ထမ်းများနှင့် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများ၏ စွမ်းရည်မြှင့်တင်နိုင်မည့်အစီအစဉ်များကိုလည်း ထည့်သွင်းဆောင်ရွက်ရန်၊ (ဂ) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အပြင် ဆက်စပ်နိုင်ငံတကာအဖွဲ့အစည်းများမှ နည်းပညာဆိုင်ရာ အထောက်အပံ့များကိုလည်း လိုအပ်သလို ရယူဆောင်ရွက်သွားနိုင်ရေး ၎င်းတို့နှင့်ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန်၊ (ဃ) ဆက်စပ်အစိုးရဌာနများနှင့် အဆင့်တိုင်းတွင် ချိတ်ဆက်ပြီး အနီးကပ် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အကြံပြုချက်များ ရယူဆောင်ရွက်ရန်၊ (င)လုပ်ငန်းစဉ် စတင်ဆောင်ရွက်စဉ်ကပင် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်အဖွဲ့အစည်းများ၊ အခြားသောပါဝင်ပတ်သက်သူများနှင့် ပိုမိုကျယ်ပြန့်စွာဆွေးနွေးပြီး အကြံပြုချက်များရယူ၍ ပူးပေါင်းဆောင်ရွက်သွားရန်။

**မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်အတွက် ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အသိပညာပေးလုပ်ငန်းများ**

လက်ရှိအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်အတွက် အသိပညာပေးသည့် ဆွေးနွေးပွဲများကို သက်ဆိုင်ရာ အထူးပြုနယ်ပယ်အလိုက် အချိန်ဇယားသတ်မှတ်ကာ ဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့၏ လမ်းညွှန်ချက်များနှင့်အညီ အသိပညာပေးလုပ်ငန်းများအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် WTO ဌာနခွဲမှ အရာထမ်း၊ အမှုထမ်းများက အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အသိပညာပေးလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ယခုလ ၁၅ ရက်တွင် နေပြည်တော်၌မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရေး အကြိုညှိနှိုင်းဆွေးနွေးပွဲကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်၍ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲသို့ ကုန်သွယ်မှုနှင့် ဆက်စပ်လျက်ရှိသည့် ဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအား ကုန်စည်ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှုဟူ၍ အပိုင်းနှစ်ပိုင်းခွဲကာ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲ နံနက်ပိုင်းတွင် ကုန်စည်ကုန်သွယ်မှုနှင့် ဆက်စပ်လျက်ရှိသည့် ဌာနများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ ကိုယ်စားလှယ်စုစုပေါင်း ၄၀ ခန့် ပါဝင်တက်ရောက်ခဲ့ပြီး နေ့လယ်ပိုင်းတွင် ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှုနှင့်ဆက်စပ်လျက်ရှိသည့်ဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှကိုယ်စားလှယ် စုစုပေါင်း ၄၀ ခန့် ပါဝင်တက်ရောက်ခဲ့သည်။ ယင်းဆွေးနွေးပွဲ၌ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညီညီအောင်က ကုန်သွယ်မှုမူဝါဒလေ့လာဆန်းစစ်ခြင်း လုပ်ငန်းစဉ်နှင့်ပတ်သက်၍ အောက်ဖော်ပြပါအပိုင်းငါးပိုင်းအား ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများကလည်း အကြံပြုဆွေးနွေးခဲ့ကြသည်-

(က) ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်အကြောင်း သိကောင်းစရာများအား ဆွေးနွေးခြင်း၊

(ခ) ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းတွင် ပါဝင်သည့်အခန်းကဏ္ဍများအား မိတ်ဆက် ရှင်းလင်းဆွေးနွေးခြင်း၊

(ဂ) ကုန်စည်ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှုအတွက် ကောက်ခံသွားမည့် အချက်အလက်များအား ရှင်းလင်းဆွေးနွေးခြင်း၊

(ဃ) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ခြောက်လတစ်ကြိမ် ထုတ်ပြန်သည့် Mid-Term Report ပါ အချက်အလက်များနှင့် ချိန်ညှိရန်လိုအပ်မှုအား ရှင်းလင်းပြောကြားခြင်း၊

**စာမျက်နှာ - ၂၅ သို့**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၃.၈ . ၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT.AU GEMINI | P.Oil (In Bulk) ၄၃၀၀ ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၁) | - CAPE FLORES | TEU835တင်TEU532ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - SINAR BALI | TEU905တင်TEU646ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - LILY QUEEN | TEU350တင်TEU440ချဆဲ |
| အလုံဆိပ်ကမ်း(၁) | - BL PL BLESSING | TEU440တင်TEU798ချဆဲ |
| အလုံဆိပ်ကမ်း(၂) | - CHERRY VESTA | TEU440တင် |
| အလုံဆိပ်ကမ်း(၃) | - HANTHAR | STEEL PRODUCTS D 511 |
| စက်မှုဆိပ်ကမ်း(၃) | - OLYMPIA | TEU786တင်TEU624ချဆဲ |
| ဆူးလေဆိပ်ကမ်း(၂) | - LIMCO MARU | ဆန်တန် ၃၈၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၇) | - ALEA | ဆန်တန် ၂၂၀၀၀ တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - AISOPOS II | TEU647တင်TEU269ချဆဲ |
| သီလဝါဆိပ်ကမ်းသစ် (၁) | - MCC DHKA | TEU470တင်TEU218ချဆဲ |
| သီလဝါဆိပ်ကမ်းသစ် (၄) | - ENDEAVOUR STARIT | STEEL & FERTILIZER 27639 ချဆဲ |
| IBTT | - LADY LILY | WHEAT(IN BULK) ၂၀၀၀၀ ချဆဲ |
| REGENCY SPC JETTY | - MT.YU HAI | DIESEL OIL ၁၈၈၆၅ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MCL(20) | X Block ၁၂၃၈ ချရန် | TMIT | ၂၂.၈.၂၀၁၉ |
| KING TUNG | Steel Bar ၁၀၅၀၀ ချရန် | IRAN | ၂၃.၈.၂၀၁၉ |
| TRAMON TANA | Steel Product ၂၃၅၇၄ ချရန် | UAE | ၂၃.၈.၂၀၁၉ |
| UNI PROFIT | D bar & H Bean ၈၁၂၆ ချရန် | MALAYSIA | ၂၃.၈.၂၀၁၉ |
| SUN SHINE | X Block ၁၅၉၇ တင်ရန် | BANGALADASH | ၂၃.၈.၂၀၁၉ |
| SEDONA OCEAN | Steel Pipe ၄၃၁၁ ချရန် | MALAYSIA | ၂၆.၈.၂၀၁၉ |
| APUANAD | Clinker(In Bulk), ၂၅၀၀၀ ချရန် | MALAYSIA | ၂၆.၈.၂၀၁၉ |
| CETUS STAR | COAL(IN BULK) ၂၅၅၀၀ ချရန် | INDONESIA | ၂၇.၈.၂၀၁၉ |
| TAI YUAN | Coal(In Bulk) , ၃၁၀၀၀ ချရန် | S'AFRICA | ၂၈.၈.၂၀၁၉ |
| HAI YI | Vehicle & G/C, ၂၄၅ ချရန် | CHINA | ၂၈.၈.၂၀၁၉ |
| DOLPHIN STAR | Z UNIT MILITARY TRUCK, | UKRAINE | ၃၀.၈.၂၀၁၉ |
| COSMIC TIGER | PKG CONSTRUCTION CARGO | COLOMBO | ၃.၉.၂၀၁၉ |
| VIKING EMERALD | UNIT VEHICLE | JAPAN | ၃.၉.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ISEACO FORTUNE | SINGAPORE | စက်မှု /သီလဝါဆိပ်ကမ်း | ၂၂.၈.၂၀၁၉ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၃.၈.၂၀၁၉ |
| KUO TAI | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၃.၈.၂၀၁၉ |
| MAERSK WIESBADEN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၄.၈.၂၀၁၉ |
| XETHA BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၅.၈.၂၀၁၉ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၈.၂၀၁၉ |
| PACAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၈.၂၀၁၉ |
| BOX ENDEA VOUR | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၈.၈.၂၀၁၉ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၈.၂၀၁၉ |
| KOTA HADIAH | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၈.၂၀၁၉ |
| ALS SATSUKI | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၉.၈.၂၀၁၉ |
| OCEAN PROBE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၉.၈.၂၀၁၉ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁.၈.၂၀၁၉ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁.၈.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN MARLIN | MOGAS (92Ron) | PUMA JETTY | ၂၃.၈.၂၀၁၉ |
| MT.CHAO ANOMA | P.Oil(In Bulk) | INDONESIA | ၂၄.၈.၂၀၁၉ |
| MT.SKLINE-1 | P.Oil(In Bulk) | INDONESIA | ၂၄.၈.၂၀၁၉ |
| MT.VL 21 | P.Oil(In Bulk) | INDONESIA | ၂၄.၈.၂၀၁၉ |
| MT.ROYAL 36 | P.Oil(In Bulk) | INDONESIA | ၂၄.၈.၂၀၁၉ |
| MT.YU HAI | MOGAS (92Ron) | SINGAPORE | ၂၄.၈.၂၀၁၉ |
| MT.POLE STAR | P.Oil(In Bulk) | INDONESIA | ၂၄.၈.၂၀၁၉ |
| MT.AU VIRGO | P.Oil(In Bulk) | INDONESIA | ၂၄.၈.၂၀၁၉ |
| MT.YU DONG | DO+ MOGAS(92RON) | INDONESIA | ၂၄.၈.၂၀၁၉ |
| MT.OCEAN DOLPHIN | Jet A.1 | SINGAPORE | ၂၄.၈.၂၀၁၉ |
| MT.PRIMROSE | P.Oil(In Bulk) | INDONESIA | ၂၅.၈.၂၀၁၉ |
| MT.MESON | P.Oil(In Bulk) | INDONESIA | ၃၀.၈.၂၀၁၉ |

## ကြက်သွန်နီ/ဖြူ

### မိတ္ထီလာကြက်သွန်နီဈေး အနည်းငယ်ကျဆင်း

ယခုတစ်ပတ် မိတ္ထီလာဈေးကွက်အတွင်းသို့ ကြက်သွန်နီအနိမ့်စများ အဝင်များကြောင်း၊ တောင်သူများလက်ဝယ်တွင် ပစ္စည်းအကောင်းများရှိနေသေးသော်လည်းဈေးအတက်စောင့်နေ၍ မရောင်းကြသေးကြောင်း၊ တင်ပို့မှုအနေဖြင့် တာချီလိတ်ဘက်သို့ကြက်သွန်နီအမြင့်စများ အနည်းငယ်ထွက်ကြောင်း၊ ရာသီဥတု အခြေအနေကြောင့် ပုံမှန်လိုင်းဖြစ်သည့် ပဲခူး၊ ရန်ကုန်၊ မော်လမြိုင်ဘက်သို့လည်း အနည်းငယ်သာထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်က ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၇၀၀/၇၅၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင်ကျပ် ၆၅၀ / ၇၀၀ ဈေးသာရှိကြောင်း၊ ပစ္စည်းပေါ်လိုက်၍ ဈေးအပြောင်းအလဲရှိကြောင်း ကြက်သွန်နီ ကုန်သည်များထံမှ သိရသည်။ **မူမူသန်း(မိတ္ထီလာ)**

### ဈေးအနည်းငယ်မြင့်တက်လာသည့် ကြက်သွန်ဖြူ

ယခုတစ်ပတ် ဩဂုတ် ၁၆ ရက်မှ ၂၂ ရက်အထိ ရှမ်းပြည်နယ်အောင်ပန်းမြို့မှ ရန်ကုန် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ (ထူး-၂)၊(ထူး-၃)၊(ထူး-၄)၊(ထူး-၅)၊ကြက်သွန်ဖြူ (ကြူကုတ်၊လတ်)နှင့် ကြက်သွန်ဖြူ (ကြူကုတ်၊ရှယ်)တို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ယခုတစ်ပတ်တွင် ကြက်သွန်ဖြူ(ထူး-၂)၊(ထူး-၃)မှာ ကျပ် ၁၀၀၀၊(ထူး-၄)မှာ ကျပ် ၅၀ နှင့်ကြက်သွန်ဖြူ (ကြူကုတ်၊လတ်)နှင့် (ကြူကုတ်၊ရှယ်)တို့ မှာ ကျပ် ၄၀၀ စီခန့် ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။ ဩဂုတ် ၂၂ ရက်က ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်နေသော တစ်ပိဿာဈေးနှုန်းများမှာ ကြက်သွန်ဖြူ (ထူး-၂) ကျပ် ၁၈၀၀၊(ထူး-၃) ကျပ် ၂၃၀၀၊ (ထူး-၄) ကျပ် ၂၇၅၀၊ (ထူး-၅) ကျပ် ၃၀၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်၊ လတ်)ကျပ် ၃၃၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်၊ရှယ်) ကျပ် ၃၃၅၀ ဈေးအသီးသီးရှိကြောင်းသိရသည်။

ကုန်စည်ဒိုင်သို့ ယခုတစ်ပတ်အတွင်း စုစုပေါင်း အိတ် ၅၄၀၀ နှင့် ပိဿာချိန် စုစုပေါင်း ၁၆၂၀၀၀ ပိဿာ ဝင်ရောက်ခဲ့ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရသည်။ **ရွှေဝါထွန်း(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

### ပြည်ကြက်သွန်နီ ဈေးကွက်အတွင်း ဝယ်လိုအားနည်း

ယခုတစ်ပတ် ပြည်ကြက်သွန်နီဈေးကွက်သို့ပခုက္ကူ ဆိပ်ဖြူ ကျောက်ပန်းတောင်း စသည့်ဒေသများမှ အရည်အသွေးကောင်း ကြက်သွန်နီများ ပိဿာ ၃၀ ဝင်အိတ် ၃၀၀-၃၅၀ ခန့် နေ့စဉ်ဝင်ရောက်မှုရှိနေကြောင်းသိရသည်။ ဝင်ရောက်မှု ပုံမှန်ရှိသော်လည်း ပြည်ဈေးကွက်အတွင်း မိုးရာသီကာလဖြစ်နေသည့်အတွက် ဝယ်လိုအားနည်းကြောင်း သိရသည်။

နယ်အိတ်ဆွဲသမားများ ဒေသတွင်း ဝယ်လက်သမားများနှင့် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ နယ်ကျော်အနည်းငယ်တင်ပို့မှုအပါအဝင် ဝင်ရောက်မှု၏ ထက်ဝက်ခန့်သာ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။ ဈေးနှုန်းများ အနေဖြင့် ပြည်ပွဲရုံများတွင် (ကြီး/လတ်/သေး) တစ်ပိဿာကိုကျပ် ၉၅၀/၉၀၀-၈၅၀/၈၀၀-၇၀၀ နှုန်းရှိပြီး လက်လီဈေး အသေးများတွင် တစ်ပိဿာကို ကျပ် ၁၁၀၀/၁၀၀၀/၉၀၀-၈၀၀ စတဲ့ဈေးနှုန်းများဖြင့် ရောင်းဝယ်မှုရှိနေကြောင်း သိရသည်။ **ဝင်းလဲ့ဝါ (ပြည်)**

### မုံရွာကြက်သွန်နီ ဈေးငြိမ်ပြီး အရောင်းအဝယ်အေး



မုံရွာ (ပွဲရုံ)စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ် ကြက်သွန်နီဈေးကွက်မှာ အရောင်းအဝယ် အေးနေကြောင်း သိရသည်။ ကြက်သွန်နီများပွဲရုံသို့ နေ့စဉ်ဝင်ရောက်မှုမှာ ပိဿာ ၁၀၀၀၀ ခန့် ထိဒေသတွင်းဝယ်လက်များဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ယခုတစ်ပတ် ပွဲရုံများတွင် ကြက်သွန်နီ တစ်ပိဿာ လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ်၇၀၀၊ (လတ်) ကျပ် ၆၅၀၊ (သေး)ကျပ် ၅၀၀ နှုန်း ပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာ ပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၀၀၀၊ (လတ်) ကျပ် ၈၀၀၊ (သေး) ကျပ် ၇၀၀ နှုန်းဖြင့် ဈေးငြိမ်လျက်ရှိကြောင်း သိရသည်။

မုံရွာကြက်သွန်ဖြူဈေးကွက်မှာ နေ့စဉ်ပွဲရုံသို့ ကြက်သွန်ဖြူများ ပိဿာ ၁၅၀၀၊၂၀၀၀ခန့် အဝင်ရှိပြီး ယခုတစ်ပတ်ကြက်သွန်ဖြူ တစ်ပိဿာပွဲရုံပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၂၈၀၀၀၊ (ရှမ်း) ကျပ် ၃၅၀၀ နှုန်းဖြစ်ပြီး လက်လီပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၃၇၀၀၊ (ရှမ်း) ကျပ် ၃၈၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိ ကြောင်း သိရသည်။

**ကြည်ကြည်နွယ်(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

## မန်ကျည်း

### အရောင်းအဝယ်အေးနေသည့် ပြည်မန်ကျည်းမှည့်

ပြည်ခရိုင်ဒေသတွင်းနှင့် နယ်များတွင် မိုးများဆက်တိုက်ရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မိုးအရွာများခြင်းကြောင့် အရောင်းအဝယ်များလည်း သိသိသာသာအေးလာသဖြင့် ပြည်မန်ကျည်းမှည့်ပွဲရုံများတွင် ယခုရက်ပိုင်း အရောင်းအဝယ် သိပ်မဖြစ်ကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးကဆိုသည်။

ရန်ကုန်နှင့် ရခိုင်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ရာတွင်လည်း မုန်တိုင်းများရှိခြင်းကြောင့် အဝယ်နည်းနေသည်။ မန်ကျည်းမှည့်ဈေးမှာ လက်လီသမား အနည်းငယ်က လိုသလောက်ပိဿာ ၁၀ လောက်သာ တစ်ဦးလျှင်အဝယ်ရှိကြပြီး ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးအတိုင်းသာဖြစ်ကြောင်း သိရသည်။ ယခုတစ်ပတ် မန်ကျည်းမှည့်တစ်ပိဿာ (ပွဲရုံ)ဈေးကျပ် ၂၁၀၀ ဖြစ်သည်။ မန်ကျည်းသီးစိမ်း တစ်ပိဿာ ကျပ် ၄၀၀၀ ဖြင့် ဈေးကွက်တွင် ရောင်းချနေသည်။ **နီနီဝင်း (ပြည်)**

## နနွင်း

### ယခုတစ်ပတ် နနွင်း ပိုမိုတင်ပို့နိုင်ခဲ့

ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်သီတင်းပတ်အတွင်း နနွင်း၁၇၆ ဒသမ ၁၈ တန်ကို တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ယီမင်နိုင်ငံသို့ ၃၄ ဒသမ ၃ တန်၊ ဂျပန်နိုင်ငံသို့ ၁၁ ဒသမ ၉၂ တန်နှင့် အိန္ဒိယနိုင်ငံသို့ ၁၂၉ ဒသမ ၉၆ တန် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပြီး ယီမင်နိုင်ငံသို့ ဒုတိယအများဆုံး တင်ပို့ခဲ့သည်။

ယခင်သီတင်းပတ်က နနွင်း၇၅ တန်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၁၀၁ ဒသမ ၁၈ တန် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် နနွင်းခြောက်နှင့်နနွင်း(ရှမ်းစ)တို့ တင်ပို့ခဲ့သည်။ နနွင်းခြောက်က တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၃၀ ဝန်းကျင်ရရှိခဲ့သည်။ ယခုတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၅၇၇၁၀ ဒေါ်လာဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

## ချင်း



### အရောင်းအဝယ်ဖြစ်နေသည့် ပြည်ချင်းဈေးကွက်

ယခုတစ်ပတ် ပြည်စားဖိုဆောင်သီးနှံ (ချင်း) ပွဲရုံများသို့ ရှမ်းပြည်ဘက်မှ အဝင်ပုံမှန်ရှိနေပြီး ဒေသတွင်းနှင့် နယ်ဈေးများမှ အစွဲများ ဆက်တိုက်ရှိနေခြင်းကြောင့် အရောင်းအဝယ်ဖြစ်ကာ ချင်းဈေးမပြောင်းဘဲ ပုံမှန်ဈေးဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

ယခုတစ်ပတ် ချင်းစိုတစ်ပိဿာ (ပွဲရုံဈေး) ကျပ် ၂၅၀၀-၂၆၀၀ ဖြစ်ပြီး ဒေသတွင်း လက်လီဈေးကွက်များတွင် ချင်းတစ်ပိဿာ ကျပ် ၃၆၀၀ ဈေးဖြင့် ရောင်းချလျက်ရှိနေသည်။ ပြည်မြို့မဈေးကြီးတွင် ဓားလှီး(ချင်း) တစ်ပိဿာ ကျပ် ၃၅၀၀ ဖြင့် ရောင်းချနေကြောင်း တွေ့ရသည်။

**နီနီဝင်း (ပြည်)**

### ပုံမှန်အရောင်းအဝယ်ဖြစ်နေသည့် ရှမ်းချင်း

ယခုတစ်ပတ် အောင်ပန်းဈေးကွက်၌ ချင်းက ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။ ဩဂုတ်လဆန်းအထိ ချင်း(ဥမ)ကဈေးအတော်ကောင်းခဲ့ပြီး တစ်ပိဿာကို ကျပ် ၂၃၀၀/ ၂၄၀၀ ထိ ဈေးပေါက်ခဲ့သည်။

ဝယ်လိုအား အနည်းငယ်ပြန်ကျလာခြင်းကြောင့် ဈေးကလည်းကျလာသည်။ အောင်ပန်းဈေးကွက်မှာ ချင်းတစ်ပိဿာပေါက်ဈေးက လက်ကားဆိုလျှင် ကျပ် ၂၁၀၀ ဈေးရှိပြီး လက်လီဆိုလျှင် ကျပ် ၂၅၀၀ ဈေးရှိသည်။ ချင်းခြောက်က အရောင်းအဝယ်မဖြစ်သော်လည်း ဈေးကတော့ ကျပ် ၁၆၀၀/ ၁၇၀၀ ဈေးရှိသည်။

**ဇေခိုင်(တောင်ကြီး)**

### ယခုတစ်ပတ် ချင်းတင်ပို့မှုလျော့

ဩဂုတ် ၁၁ ရက်မှ ၁၇ရက် သီတင်းပတ်အတွင်းချင်း ၆၄၁ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့သာ တင်ပို့ခဲ့သည်။

ယခင်သီတင်းပတ်က ချင်း ၈၈၁ တန်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၂၃၉ ဒသမ ၅ တန် တင်ပို့မှုလျော့နည်းခဲ့ကြောင်း သိရသည်။ ချင်းတစ်တန် ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၀၀-၂၁၀ ရရှိခဲ့သည်။ယခုတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၃၄၂၄၀ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

Vol: 19, No.32 Monday August 26 2019



# စပါးများကို အရည်အသွေး သတ်မှတ်ဝယ်ယူရေး

[မျိုးသူ(ကုန်သွယ်မြှင့်)

မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သော စပါးများကို အုပ်စုများ ခွဲခြားသတ်မှတ်ထားပါသည်။ စိုက်ပျိုးရေးဌာနက ခွဲခြားထားသော အုပ်စုများမှာ ဧည့်မထ၊ လက်ရွေးစင်၊ ငစိန်၊ မြီးတိုးနှင့် ဖြတ်ဟု ငါးအုပ်စုဖြစ်ပါသည်။ အခြေခံမှာ စပါးစေ့၏ အလျား၊ အလျားနှင့်အနံအချိုး၊ ဆန်စေ့အလျား၊ ဆန်စေ့၏ အလျားနှင့်အနံအချိုးတို့ဖြင့် ခွဲခြားထားပါသည်။ ယခင် ကုန်သွယ်လယ်ယာဌာနသည် ဝယ်ယူရေးအတွက် အခြေခံပြီး စပါးများကို ဧည့်မထ၊ ငစိန်၊ မြီးတိုး၊အထူးဧည့်မထ၊ ကောက်ညှင်းနှင့် ငကြွဲဟုခြောက်အုပ်စု ဖြစ်ပါသည်။ အဆိုပါ အုပ်စုခွဲခြားထားသည်များမှာ မူရင်းမျိုး၊ စပါး၏ အရှည်နှင့် ဖြက်၊ အရည်အသွေးတို့ကိုလိုက်ပြီး ခွဲခြားခြင်းဖြစ်ပါသည်။ အစိုးရအနေဖြင့် တောင်သူများထံမှ တိုက်ရိုက်ဝယ်ယူခြင်းကို ၂၀၀၃ ခုနှစ်မှ စတင်ပြီးဝယ်ယူခြင်းမပြုသော်လည်း ပုဂ္ဂလိက လုပ်ငန်းရှင်များက စပါးဝယ်ယူကြိတ်ခွဲပြီး ဆန်ကို ပြည်တွင်း၊ ပြည်ပ ရောင်းဝယ်မှုများ ဆောင်ရွက်ကြပါသည်။ ပြည်တွင်း၊ ပြည်ပ ဆန်ရောင်းဝယ်ရာတွင် အရည်အသွေးကို စက်ကြိတ်အဆင့်ဖြင့်လည်းကောင်း၊ ဆန်ကွဲပါဝင်မှုဖြင့် လည်းကောင်း ခွဲခြားပြီး ရောင်းဝယ်ကြသော်လည်း စပါးကိုဝယ်ယူရာတွင် အရည်အသွေး သတ်မှတ်ပြီး ဝယ်ယူခြင်းမျိုးကို မတွေ့ရသလောက်ဖြစ်သည်။ အရည်အသွေးခွဲပြီး ဝယ်ယူသည်ဆိုပါကလည်း တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသကဲ့သို့သာ ရှိကြပါသည်။ ထို့ပြင် ထူးခြားသော၊ ဈေးကွက်ရှိသော စပါးမျိုးမဟုတ်လျှင် သီးသန့်ထားခြင်းမျိုးပင် မဟုတ်ဘဲ ရောနှောစုပုံသည်မျိုးလည်း တွေ့နေရသည်။ အလျဉ်းသင့်သဖြင့် ယခင် ၁၉၈၃-၁၉၈၄ ခုနှစ်တွင် စိုက်ပျိုးထုတ်လုပ်သည့် စပါးအုပ်စုများ၏ အမျိုးအစားအလိုက် အရည်အချင်းသတ်မှတ်ချက်ကို တင်ပြလိုသည်။ ထို့ပြင် ဆန်အရည်အသွေးကောင်းကိုရလိုပါက မူလဖြစ်သော စပါးသည်လည်း အရည်အသွေးကောင်းရန် လိုအပ်သည်ကို သတိမူမိစေရန် ပြန်လည်ဖော်ထုတ် ပြသခြင်းဖြစ်သည်။

## စပါးအုပ်စုတစ်ခုချင်း၏ စပါးအမျိုးအစားများ

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း စိုက်ပျိုးထုတ်လုပ်ရာတွင် စပါးအုပ်စုကို သတ်မှတ်ပုံနှင့် ကုန်သွယ်ရေးမှဝယ်ယူရာတွင် စပါးအုပ်စုခွဲခြားပုံတို့မှာ အနည်းငယ်ကွဲပြားပါသည်။ ယခုဖော်ပြသွားမည်မှာ ကုန်သွယ်ရေးမှ ခွဲခြားထားသော အုပ်စုခြောက်ခုဖြစ်သည်။ စပါးအုပ်စုကို ငစိန်အုပ်စု၊ မြီးတိုးအုပ်စု၊ ဧည့်မထအုပ်စု၊ အထူး ဧည့်မထအုပ်စု၊ ငကြွဲအုပ်စုနှင့် ကောက်ညှင်းအုပ်စုဟူ၍ အုပ်စုခြောက်အုပ်စုခွဲခြားထားသည်။

အဆိုပါအုပ်စု ခြောက်ခုကို တစ်အုပ်စုလျှင် သက်ဆိုင်ရာ စပါး၏ အရည်အသွေးကိုလိုက်ပြီး သုံးမျိုး ထပ်မံခွဲခြားထားသည်။ ရိုးရိုးစပါး၊ မျိုးသန့်စပါးနှင့် ပထမတန်းမျိုးသန့်စပါးဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ ရိုးရိုးငစိန်စပါး၊ ရိုးရိုးမြီးတိုးစပါး၊ ရိုးရိုးဧည့်မထစပါး၊ ရိုးရိုးအထူးဧည့်မထစပါး၊ ရိုးရိုးငကြွဲစပါးနှင့် ရိုးရိုးကောက်ညှင်းစပါးများအဖြစ် ခွဲခြားထားသည်။ အလားတူပင် မျိုးသန့် ငစိန်စပါး၊ ပထမတန်း မျိုးသန့်စပါးစသဖြင့် ခွဲခြားထားသဖြင့် အုပ်စုတစ်ခုလျှင် စပါးအမျိုးအစားသုံးမျိုး ခွဲထားသဖြင့် ၁၈ မျိုး ခွဲခြားထားသည်ကို တွေ့ရသည်။ တစ်ဖန် ငစိန်စပါးအုပ်စုတွင် အမျိုးအမည်အလိုက် ခွဲခြားမှုလည်းရှိသည်။ ဥပမာ- ငစိန်၊ ကျော်ဇေယျ၊ ငလုံးကြီး၊ တစ်တောင်ပို၊ ဆစ်ပွား စသည်တို့ကို ငစိန်အုပ်စုတွင်လည်းကောင်း၊ မနော သုခ၊ ရောမင်း၊ ဆင်းသုခ၊ မနော်ဟရီ၊ ရွှေဝါ ထွန်း၊ ရွှေတစ်ဆုပ် စသည်တို့ကို ဧည့်မထအုပ်စုတွင်လည်းကောင်း ထည့်သွင်းကြသည်။ ရေမြေအရ အမျိုးအစား ကောင်းမွန်ပြီး စားသုံးရသည့် အရသာမှအစ ကွာခြားသည့် ဧည့်မထစပါးအချို့သည် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိမြို့နယ်ရှစ်ခုတွင် သတ်မှတ်ထားသော စပါးအမျိုးအစားများကို အထူးဧည့်မထအဖြစ် သီးသန့်အုပ်စု တစ်ခု ခွဲခြားထားခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ အထူး ဧည့်မထစပါးများအဖြစ် ရွှေဒင်္ဂါး၊ ရဲဘော် စိန်(ရဲဘော်စိန်စပါးများအဖြစ် အင်းမရဲဘော်၊ ရဲဘော်လတ်၊ ရဲဘော်ရိုးစိမ်း၊ ရဲဘော်ယဉ်တို့ကို သတ်မှတ်ပါသည်)၊ ပင်တိုစိမ်း၊ နှံ့ဝါမီးကောက်နှင့် ဧည့်မထအမကြီး တို့ဖြစ်ပါသည်။ ငကြွဲအုပ်စုတွင် ငကြွဲနှင့် ပေါ်ဆန်းတို့ကို သတ်မှတ်ထားပြီး ကောက်ညှင်းတွင် ကောက်ညှင်းအဖြူနှင့် ကောက်ညှင်းငချိတ်တို့ကို ထည့်သွင်းထားပါသည်။ အခြား စပါးအမျိုးအစား အများအပြားလည်း ရှိသေးကြောင်း သိရသည်။ မြီးတိုးအုပ်စုမှာ ငစိန်နှင့် ပုံသဏ္ဌာန်အားဖြင့် ဆင်တူသယောင်ရှိသဖြင့် ဝယ်ယူရာတွင် သတိပြုရပါသည်။

## အစိုဓာတ်ပါဝင်မှု

၁၉၈၃-၁၉၈၄ ခုနှစ်က ဝယ်ယူမည့်စပါးများ၏ အစိုဓာတ်ပါဝင်မှုကို ဒေသအလိုက်လည်းကောင်း၊ ကာလအလိုက်လည်းကောင်း ခွဲခြားပြီး ဝယ်ယူသည်ကိုတွေ့ရပါသည်။ ကာလကို ခွဲခြားရာတွင် စပါးအုပ်စု ခြောက်အုပ်စုလုံးအတွက် စပါးပေါ်ကာစ အစိုဓာတ်များပြားသည့်အချိန် အောက်တိုဘာလမှ ဖေဖော်ဝါရီလကုန်ဆုံးသည်အထိနှင့် စပါးများ ခြောက်သွေ့ပြီးဖြစ်သော မတ်လနှင့် နောက်ပိုင်းကာလများဟု နှစ်ပိုင်းခွဲခြားဝယ်ယူသည်ကို တွေ့ရသည်။ ဒေသခွဲခြားရာတွင် မိုးများသော ဒေသများဖြစ်သည့် ဟုမ္မလင်း၊ မော်လိုက်၊ ဖောင်းပြင်၊ တမူး၊ ကလေးဝ၊ ကလေး၊ မင်းကင်း၊ ကသာ၊ ဝန်းသိုနှင့် ပင်လည်ဘူးမြို့နယ်များ၊ ကန့်ဘလူမြို့နယ်အတွင်းရှိ ချပ်သင်းနှင့် ကိုးထောင်ဘိုကျေးရွာအုပ်စုများ၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်များကို အစိုဓာတ်ပါဝင်မှုကို လျှော့ထားသည်ကိုတွေ့နိုင်ပါသည်။ တစ်နည်းပြောရမည်ဆိုလျှင် အစိုဓာတ်ပါဝင်ခွင့်ကို ပိုမိုပါဝင်ခွင့်ပြုထားသည်ကို တွေ့နိုင်ပါသည်။ အောက်တိုဘာလမှ ဖေဖော်ဝါရီလကုန်အထိကို ၁၇ ရာခိုင်နှုန်းနှင့် မတ်လနှင့် နောက်ပိုင်းကာလများအတွက်မူ ၁၆ ရာခိုင်နှုန်းအထိ ခွင့်ပြုထားပါသည်။ အခြားသော ဒေသများတွင် စပါးအားလုံးအတွက် ဝယ်ယူရာတွင်ခွင့်ပြုသော အစိုဓာတ်မှာ အောက်တိုဘာလမှ ဖေဖော်ဝါရီလကုန်အထိ ၁၅ ရာခိုင်နှုန်းနှင့် မတ်လနှင့် နောက်ပိုင်းတွင် ခွင့်ပြုအစိုဓာတ်မှာ ၁၄ ရာခိုင်နှုန်းဖြစ်ပါသည်။ အစိုဓာတ်ပါဝင်ခွင့်ကို ဝယ်ယူရေးဒိုင်အသီးသီးတွင် ဂျပန်နိုင်ငံထုတ်Kett(PB) အမျိုးအစား အစိုဓာတ်တိုင်းမီတာ Moisture Meter များဖြင့်တိုင်းတာပြီး ဝယ်ယူခြင်း၊ အခြောက်လှမ်းခြင်းများ ဆောင်ရွက်ကြပါသည်။

## အဖျင်းအမှော် ဖုန်၊ သဲ၊ ခဲ

အဖျင်း အမှော် ဖုန်၊ သဲ၊ ခဲဆိုသည်မှာ စပါးမဟုတ်သော အရာအားလုံးကို အဖျင်းအမှော် ဖုန်၊ သဲ၊ ခဲတွင် ထည့်သွင်းထားသည်။ အဆိုပါ အဖျင်းအမှော် ဖုန်၊ သဲ၊ ခဲပါဝင်မှုကို စပါးအုပ်စုတိုင်းအတွက် တစ်ပြေးညီ သတ်မှတ်ထားပြီး ၄၆ပေါင်ကိုက်စပါးတစ်တင်းအတွက် သုည ဒသမ ၅၀ ပေါင်ထက်ပို၍ မပါဝင်စေရဟု သတ်မှတ်ထားပါသည်။ ပိုမိုပါဝင်ပါက စပါးကိုရောင်းချသူမှ ပြာတီးပေးရပါသည်။ အဖျင်းအမှော်ဖုန်၊ သဲ၊ ခဲများပါဝင်မှုသည် တောင်သူ စပါးအကိုင်မသန့်လျှင် ပါဝင်တတ်ပါသည်။ ယခင်ကစက်ဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းများ အလွန်နည်းပါးသဖြင့် လူအားဖြင့် ရိတ်သိမ်းပြီး ကောက်လှိုင်းများကို နွားဖြင့်လည်းကောင်း၊ ထွန်စက်ဖြင့်လည်းကောင်း နယ်ပြီးစပါးကိုလှေ့ကာ သန့်စင်ကြပါသည်။ အချို့တောင်သူများမှာ ဈေးကောင်းမရသဖြင့် စပါးကိုသန့်စင်မှု မလုပ်ကြသဖြင့် အဖျင်းအမှော် ဖုန်၊ သဲ၊ ခဲများ များပြားတတ်ပါသည်။ များလျှင် စက်များပျက်စီးခြင်း၊ စရိတ်စက ပိုမို ကုန်ကျခြင်း၊ ဆန်ကြိတ်ထွက်နှုန်း နည်းပါးခြင်း စသည့် အချက်များတွင် လေလွင့်ဆုံးရှုံးမှုများ ပိုမိုများပြားလာတတ်ပါသည်။ ဆန်အရည်အသွေးကိုလည်း ထိခိုက်စေပါသည်။

## မျိုးကွဲစပါးပါဝင်ခွင့်

မျိုးကွဲစပါးဆိုသည်မှာ ငစိန်စပါးတွင် အခြားစပါးအုပ်စုမှ စပါးများရောနှောပါဝင်ခြင်း၊ စပါးအုပ်စုတစ်ခုထဲတွင်ပင် အရှည်အတိုမတူညီသော စပါး၊ အမျိုးအမည်မတူသော စပါးများ ရောနှောပါဝင်လာသည်ကို မျိုးကွဲစပါး ပါဝင်ခြင်းဟု သတ်မှတ်ပါသည်။ မျိုးကွဲစပါးများ ရောနှောပါဝင်ပါက သတ်မှတ်ထားသော စပါးအမျိုးအစား၏ ရုပ်ပိုင်း အရည်အသွေးများအပြင် အရသာပိုင်းတွင်ပါ ကွာခြားတတ်ပါသည်။ ထို့ပြင် ဧည့်မထစပါးအုပ်စု တစ်ခုထဲတွင် ပါဝင်သော်လည်း ရွှေဝါထွန်း၊ ရွှေတစ်ဆုပ်၊ မနောသုခတို့တွင် မနော်ဟရီဟူသော စပါးရောလျှင် မနော်ဟရီ စပါးသည် အလွန်သေးသွယ်ပြီး အရှည်တွင်လည်း ကွာခြားသဖြင့် စပါးအခွံချွတ်သည့်အချိန်တွင်ပင် စပါးလုံးပါဝင်မှု အလွန်များပြားတတ်သည်ကို တွေ့ရပါသည်။ ဆန်အရည်အသွေး သတ်မှတ်ချက်တွင် သတ်မှတ်ထား စပါးလုံးပါဝင်ခွင့်ထက် အလွန်များပြားတတ်ပါသည်။ သို့ဖြစ်၍ ဧည့်မထစပါးကို ပြည်ပတင်ပို့ရန် ကြိတ်ခွဲသည့်အခါမျိုးတွင် ဧည့်မထ စပါးများကြိတ်ရာတွင် မနော်ဟရီစပါးမပါရေးကို အထူးသတိထားရတတ်ပါသည်။ ထို့အတူပင် ကောက်ညှင်းစပါးတွင် ငစိန်၊ မြီးတိုးစပါးများ ပါဝင်လာပါက စေးကပ်မှု ကွာခြားသဖြင့် ကောက်ညှင်းဆန်တွင် ဆန်ကျော်ပါသည်ဟု သတ်မှတ်ပြီး ကောက်ညှင်းပေါင်း၊ ကောက်ညှင်းထမင်းအရသာမှာ သိသိသာသာညံ့သွားတတ်သည်ကို တွေ့နိုင်ပါသည်။ အလားတူပင် အထူးဧည့်မထစပါးအုပ်စုဝင်စပါးများတွင် အခြားစပါးများ ပါဝင်လာပါက အရည်အသွေးပိုင်း သိသိသာသာ ကျဆင်းသဖြင့် အထူးသတိထားရသော အရည်အသွေး သတ်မှတ်ချက်တစ်ခုဖြစ်ပါသည်။ ငစိန်အုပ်စုတွင် ရိုးရိုး၌ သုံးရာခိုင်နှုန်း၊ မျိုးသန့်၌ နှစ်ရာခိုင်နှုန်းနှင့် ပထမတန်းမျိုးသန့်၌ တစ်ရာခိုင်နှုန်း ခွင့်ပြုပါသည်။ မြီးတိုးအုပ်စုနှင့် ငကြွဲအုပ်စုတွင် ရိုးရိုး၌ ရှစ်ရာခိုင်နှုန်း၊ မျိုးသန့်၌ လေးရာခိုင်နှုန်းနှင့် ပထမတန်းမျိုးသန့်၌ နှစ်ရာခိုင်နှုန်း ခွင့်ပြုထားပါသည်။ ဧည့်မထစပါးအုပ်စုတွင် ရိုးရိုး၌ငါးရာခိုင်နှုန်း၊ မျိုးသန့်၌ သုံးရာခိုင်နှုန်းနှင့် ပထမတန်းမျိုးသန့်၌ တစ်ရာခိုင်နှုန်း ပါဝင်ခွင့်ပြုထားပါသည်။ အထူးဧည့်မထအုပ်စုတွင် ရိုးရိုး၌ သုံးရာခိုင်နှုန်း၊ မျိုးသန့်၌ တစ်ရာခိုင်နှုန်းနှင့် ပထမတန်းမျိုးသန့်၌ သုည ဒသမ ၅ ရာခိုင်နှုန်း ပါဝင်ခွင့်ပြုထားပါသည်။ ကောက်ညှင်းအုပ်စုတွင် ရိုးရိုး ၌ ၁၀ရာခိုင်နှုန်း၊ မျိုးသန့်၌ ရှစ်ရာခိုင်နှုန်းနှင့် ပထမတန်းမျိုးသန့်၌ ခြောက်ရာခိုင်နှုန်း ပါဝင်ခွင့်ပြုထားသည်ကို တွေ့ရသည်။

## အခြားအရည်အသွေးသတ်မှတ်ချက်များ

အခြား အရည်အသွေးသတ်မှတ်ချက်များလည်းရှိသေးပြီး ယင်းတို့မှာ ဆန်နီစပါးပါဝင်ခွင့်၊ လုံးပိန်လုံးညှပ်ပါဝင်ခွင့်၊ ဗိုက်ဖြူပါဝင်ခွင့်နှင့် ဆန်ဝါရောင်ပျက် ပါဝင်ခွင့်တို့ဖြစ်သည်။ အဆိုပါ အရည်အချင်း သတ်မှတ်ချက်များကိုလည်း အထက်တွင်ဖော်ပြသည့် အရည်အသွေးသတ်မှတ်ချက် အသေးစိတ် သတ်မှတ်ပုံအတိုင်း သတ်မှတ်လေ့ရှိပါသည်။

**စာမျက်နှာ ၁၆ သို့**

## ယခုတစ်ပတ် ဒီဇယ်၊ ဓာတ်ဆီ အဝင်လျော့

ဩဂုတ် ၁၁ ရက်မှ ၁၇ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၄၉၈၆၁၀ တန်ဖိုးရှိ ဓာတ်ဆီ ၁၂၄၆၇ ဒသမ ၉၄ တန်နှင့် အမေရိကန်ဒေါ်လာ ၂၉၀၃၇၁၃၃ တန်ဖိုးရှိ ဒီဇယ် ၅၁၆၀၉ ဒသမ ၉၆ တန်၊ စုစုပေါင်း ၆၄၀၇၇ ဒသမ ၉၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။

ယခင်သီတင်းပတ်က ဓာတ်ဆီတန်ချိန် ၂၈၇၈၃ ဒသမ ၄၉တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၁၆၃၁၅ ဒသမ ၅၅ တန်၊ ယခင်တစ်ပတ်တင်သွင်းခဲ့သည့် ဒီဇယ် ၆၀၄၀၅ ဒသမ ၈၆ တန်နှင့်နှိုင်းယှဉ်လျှင် ၉၇၉၅ ဒသမ ၉၀ တန် တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် ဒီဇယ်ရောဓာတ်ဆီပါ တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။

နယ်စပ်စခန်းဖြစ်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၉၇၄၁၇ တန်ဖိုးရှိ ဒီဇယ် ၃၅၇ ဒသမ ၄၄ တန်နှင့် အမေရိကန်ဒေါ်လာ ၁၀၃၀၈၀ တန်ဖိုးရှိ ဓာတ်ဆီ ၂၀၃ ဒသမ ၉၆ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

**သီတာဝင်း**(DOT)

## ဖရဲသီးများ အညာဈေးကွက်၌ အဝယ်သွက်နေ

မန္တလေးနှင့်စစ်ကိုင်းတိုင်းဒေသကြီးက ထွက်ရှိသော ဖရဲသီးများ အညာဒေသ ရေနံချောင်း၊ ကျောက်ပန်းတောင်းမြို့များသို့ ဝင်ရောက်နေကာ အဝယ်သွက်နေကြောင်း သိရသည်။

ဒီမှာက မိုးကလည်းမရွာဘူး၊ နေအရမ်းပူတဲ့အတွက် ဖရဲသီးများ လက်လီလက်ကား အဝယ်ရှိတယ်။ ဖရဲသီးကိုတော့ အကြီး၊ အလတ်၊ အသေး မရွေးဘဲ သောင်းပြောင်းခြံကနေ ဝယ်ယူရပြီး အညာဒေသ ကျောက်ပန်းတောင်း၊ ရေနံချောင်း၊ မကွေးမြို့များကို တစ်မြို့ဝင်တစ်မြို့ထွက် လိုက်လံရောင်းချနေကြောင်း ဖရဲသီးရောင်းဝယ်သူ အမျိုးသမီးတစ်ဦးက ပြောသည်။

လက်ရှိ ဖရဲသီးအကြီးတစ်လုံးလျှင် ကျပ် ၁၆၀၀၊ ဖရဲသီးအလတ်တစ်လုံးလျှင် ကျပ် ၁၃၀၀ ကနေ ကျပ် ၁၀၀၀၊ အသေးတစ်လုံးလျှင် ကျပ် ၇၀၀ ဈေးအသီးသီးရှိကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## ပြည်ဈေးကွက်တွင် နှမ်းဈေးအနည်းငယ်ပြန်ကျ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင် ယခုတစ်ပတ် နှမ်းဈေးများပြန်ကျလာသည်ကိုတွေ့ရသည်။ မိုးနှမ်းစိုက်ဧကမှာ ပြည်ခရိုင်တွင် ၈၂၁၆၈ ဧကရှိသည်။ နွေနှမ်းစိုက်ဧကမှာ ပြည်ခရိုင်အနေဖြင့် ၇၈ ဧကရှိပြီး အထွက်နှုန်းမှာ ၁၀ ဒသမ ၈၁ တင်းထွက်ရှိပြီး အထွက်စုစုပေါင်းမှာ ၈၄၃ တင်းထွက်ရှိ၍ မိုးနှမ်း မထွက်သေးသော်လည်း နွေ နှမ်းများဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၁၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၇၀၀၀၀နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၈၆၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက်ဈေးကျလာသည်ကို တွေ့ရသည်။

**ဝေဝေမင်း(ပြည်)**

## ပြည်တွင်းငွေလဲနှုန်း ဆက်လက်မြင့်တက်ခဲ့

ပြည်တွင်းငွေလဲဈေးကွက်သည် ဩဂုတ်လတတိယပတ်တွင် ဈေးဆက်လက်မြင့်တက်ခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်မှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ယခင်တစ်ပတ်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၂၁ကျပ်မှ ယခုရက်သတ္တပတ်တွင် ၁၅၁၈ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြည်တွင်းဈေးကွက်၌ အမေရိကန်ဒေါ်လာမှာ ရောင်းလိုအားရှိသော်လည်း ဝယ်လိုအားနည်းခဲ့၍ အရောင်းအဝယ်နည်းခဲ့ကြောင်း၊ ယခုရက်ပိုင်းအတွင်း ပြည်တွင်း၌ စစ်ရေးတိုက်ပွဲများဖြစ်ပွားခဲ့ခြင်းကြောင့် ကုန်စည်စီးဆင်းမှုကို ထိခိုက်မှုဖြစ်ခဲ့၍ အမေရိကန်ဒေါ်လာဈေးနှုန်းကို သက်ရောက်မှုရှိခဲ့ကြောင်း၊ နိုင်ငံတကာဈေးကွက်တွင်လည်း ရေနံဈေးတက်ခဲ့သလို အမေရိကန်ဒေါ်လာမှာလည်း အမေရိကန်ဗဟိုဘဏ်အစည်းအဝေးအပြီး ထွက်ပေါ်လာမယ့်ရလဒ်ကို စောင့်ကြည့်နေကြောင်း၊ ထိုရလဒ်အရ အမေရိကန်ဒေါ်လာအနာဂတ်ကို သတ်မှတ်ပေးမည်ဖြစ်ကြောင်းပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးကဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဩဂုတ် ၁၉ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၂၃ကျပ်၊ဝယ်ဈေး ၁၅၁၉ကျပ်မှ ဩဂုတ် ၂၀ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၂၅ ကျပ်၊ ဝယ်ဈေး ၁၅၂၁ကျပ်သို့ ရောက်ရှိလာခဲ့ပြီး ဩဂုတ် ၂၃ရက်တွင် အမေရိ ကန်တစ်ဒေါ်လာရောင်းဈေး၁၅၁၈ကျပ်၊ ဝယ်ဈေး၁၅၁၅ကျပ်ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေး အနည်းငယ်ကျခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းရွှေဈေးနှုန်းသည် ဩဂုတ်လတတိယပတ်တွင် ဈေးအနည်းငယ်ကျလာပြီး အရောင်းအဝယ်အေးနေကြောင်း သိရသည်။ ယခင်ရက်သတ္တပတ်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၂၉၀၀၀ ရှိခဲ့ရာမှ ယခုရက်သတ္တပတ်တွင်ကျပ် ၁၂၂၂၀၀၀သို့ကျဆင်းခဲ့ခြင်းဖြစ်သည်။

"နိုင်ငံတကာမှာ ရေနံဈေးကတက်ပြီး ရွှေဈေးကကျနေတယ်။ ရေနံဝယ်လိုအားနှေးကွေးလို့ ရေနံထွက်နိုင်ငံတွေက အထွက်နှုန်းထိန်းလိုက်တာနဲ့ အမေရိကန်ဗဟိုဘဏ်ရဲ့မူဝါဒကိုစောင့်ကြည့်နေချိန်ဖြစ်တာကြောင့် ရေနံဈေးတက်ပြီး ရွှေဈေးက ကျသွားတယ်။ ပြည်တွင်းမှာလည်း ဈေးတက်နေဆဲဆိုပေမယ့် ဒီတစ်ပတ်မှာ ကျပ်ထောင်ဂဏန်းဝန်းကျင် လောက်ပြန်ကျနေခဲ့တယ်။ အခုက ရွှေအရောင်းအဝယ်ပါးတယ်။ရွှေကုန်သည်တွေကလည်း တစ်နာရီနှစ်နာရီအတွင်း ဈေးအတက်အကျကြမ်းတော့ အထိနာကြတယ်။ လုပ်ငန်းရှင်အသင်းတွေကလည်း ရွှေကိုလက်ငင်းပဲရောင်းဖို့ တိုက်တွန်းထားတာမျိုးရှိတော့ ရွှေဈေးကစားတာမျိုးမဖြစ်တော့ဘူးပေါ့။ အခုက စောင့်ကြည့်ရမယ့်ကာလတစ်ခုပါ"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဩဂုတ် ၁၉ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင်ကျပ် ၁၂၂၈၀၀၀ရှိခဲ့ရာမှ ဩဂုတ် ၂၁ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၂၆၀၀၀သို့ ကျဆင်းခဲ့သလို ဩဂုတ် ၂၃ရက်တွင်ကျပ် ၁၂၂၂၀၀၀ ဖြင့်ဈေးပိတ်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာလည်းတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀အောက်ရောက်ရှိခဲ့ပြီး ဩဂုတ်၁၉ရက်က ရွှေတစ်အောင်စလျှင်အမေရိကန်ဒေါ်လာ၁၅၀၀ဒေါ်လာရှိခဲ့ရာမှ ဩဂုတ် ၂၂ရက်တွင် တစ်အောင်စလျှင်အမေရိကန်ဒေါ်လာ ၁၄၉၇ဒေါ်လာသို့ရောက်ရှိခဲ့သလို ဩဂုတ် ၂၃ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၉၆ဒေါ်လာဖြင့်ရောင်းဝယ်ခဲ့သည်။

**သန်းထိုက်အောင်**

## ရန်ကုန် စတော့အိတ်ချိန်းဈေးကွက် ပိတ်ရက်များ ထုတ်ပြန်

၂၀၁၉ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်၏ အရောင်းအဝယ် ရပ်နားမည့်ပိတ်ရက်များကို ရန်ကုန်စတော့အိတ်ချိန်းက ထုတ်ပြန်ကြေညာခဲ့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြန်တမ်း(၄၉/၂၀၁၉)အရ အောက်တိုဘာ ၁၁ ရက် (သောကြာနေ့)၊အောက်တိုဘာ ၁၅ရက်(အင်္ဂါနေ့)နှင့် နိုဝင်ဘာ၁၂ရက် (အင်္ဂါနေ့)တို့ကို ပြန်တမ်းဝင် ရုံးပိတ်ရက်များအဖြစ် သတ်မှတ်ထား၍ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်အတွင်း အစုရှယ်ယာရောင်းဝယ်မှုများ ရပ်နားထားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်ဌာန ဖုန်း-၀၁-၃၇၁၁၆၇သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် FMI,MTSH,MCB,FPBနှင့် TMH အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအား ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်အတွင်း အစုရှယ်ယာရောင်းဝယ်မှုများကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်(SECM) က ဇူလိုင်လတွင် သတင်းထုတ်ပြန်သည်။စတော့အိတ်ချိန်းဈေးကွက်ဖွံ့ဖြိုးတိုးတက်ရန် ရန်ကုန်စတော့အိပ်ချိန်းက ကြီးမှူးကျင်းပမည့် YSX EXPO 2019 ကို စက်တင်ဘာ၁ရက်တွင် ရန်ကုန်မြို့ရှိ Novotel Yangon Max Hotel၌ ပြုလုပ်မည်ဖြစ်ပြီး စိတ်ပါဝင်စားပါက http://ysxexpo2019.ysx-mm.com (သို့) ဖုန်း-၀၉ ၄၄၂၇ ၃၉၇၉၇၊ ၀၁- ၃၇ ၁၂၇၄(သို့)YSX FB Messenger မှတစ်ဆင့် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## Energy NYMEX 23-8-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 55.56 | 0.21 | 0.38 |
| Brent Crude Futr (USD/bbl) | 60.23 | 0.31 | 0.52 |
| Gasoline Rbob Fut (Cent/gal) | 166.93 | 0.18 | 0.11 |
| Natural Gas Futr (USD/MMBtu) | 2.15 | -0.01 | -0.51 |
| Heating Oil Futr (Cent/gal) | 184.44 | 0.31 | 0.17 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 12-August | 16.98 | 2243.45 | 1753.94 | 5715.41 | 847.00 |
| 13-August | 17.38 | 2231.77 | 1759.23 | 5729.52 | 861.00 |
| 14-August | 16.94 | 2215.90 | 1755.44 | 5702.19 | 847.00 |
| 15-August | 17.15 | 2244.55 | 1746.23 | 5674.64 | 841.00 |
| 16-August | 17.19 | 2241.91 | 1735.21 | 5669.79 | 834.00 |

## Currency Exchange Rate

August 23, 2019
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.48 |
| BDT Bangladesh Taka | 84.35 |
| CAD Canada Dollars | 1.33 |
| CNY China Yuan Renminbi | 7.09 |
| EUR Euro | 0.90 |
| H KDHong Kong Dollars | 7.84 |
| I NR India Rupees | 71.73 |
| I DR Indonesia Rupiahs | 14233.93 |
| JPY Japan Yen | 106.63 |
| MYR Malaysia | 4.19 |
| PKR Pakistan Rupees | 159.63 |
| PHP Philippines Pesos | 52.31 |
| RUB Russia Rubles | 65.55 |
| SGD Singapore Dollars | 1.39 |
| KRWSouth Korea Won | 1210.39 |
| LKR Sri Lanka Rupe | 180.05 |
| THB Thailand Baht | 30.78 |
| GBP United Kingdom Pounds | 0.82 |
| VND VietnamDon | 23195.20 |

*Source:xe.com*

## World Gold Price

August- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 19 | 1510 | 1508 | 1507 |
| 20 | 1501 | 1500 | 1500 |
| 21 | 1503 | 1502 | 1502 |
| 22 | 1505 | 1504 | 1503 |
| 23 | 1498 | 1496 | 1497 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 19-8- 2019 | 1229.00 | 1228.50 |
| 20-8- 2019 | 1224.50 | 1224.50 |
| 21-8- 2019 | 1227.00 | 1227.00 |
| 22-8- 2019 | 1226.00 | 1225.50 |
| 23-8- 2019 | 1221.00 | 1220.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ်လ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 19 | 7.05 | 30.87 | 84.44 | 71.29 |
| 20 | 7.06 | 30.61 | 84.64 | 71.59 |
| 21 | 7.06 | 30.77 | 84.35 | 71.58 |
| 22 | 7.07 | 30.79 | 84.55 | 71.75 |
| 23 | 7.09 | 30.78 | 84.35 | 71.73 |

## ဘိလပ်မြေ

# ဘိလပ်မြေ ယခုတစ်ပတ် ရေလမ်းမှအဝင်လျော့ပြီး နယ်စပ်လမ်းမှ အဝင်ပို

ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၅၁၆ တန်ဖိုးရှိ ဘိလပ်မြေ ၅၁ ဒသမ ၈၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှသာ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၂၆၆၁၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၆၀၀၀ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်းသိရသည်။

ဩဂုတ် ၁၀ ရက်မှ ၁၆ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန်၈၉၆၀ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၉၃၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၆၀၂၀ ကျော် အဝင်ပိုခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့သည်။



# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** ယခုရက်ပိုင်း အရောင်းအဝယ်ပါးပြီး ဈေးငြိမ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း)ကျပ် ၈၁၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၅၄၀၀၊ ကမ္ဘောဇ ကျပ် ၅၂၀၀၊ ကြံ့ကျပ် ၅၄၀၀၊ ကျားခေါင်း ကျပ် ၆၂၀၀ ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင် မှ စုံစမ်းသိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌**ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ယခုတစ်ပတ် အေသုံးလုံးက ကျပ် ၃၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနှင့်အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၅၀၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၄၀၀၊ အယ်လ်ဖာ ကျပ် ၅၃၀၀၊ခရောင်း (၅၂၅) ကျပ် ၅၆၀၀ ဖြင့်အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေကြောင်း အိမ်ဆောက်ပစ္စည်းဆိုင်မှ ဝန်ထမ်းတစ်ဦးက ပြောသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၅၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကြံ့ကျပ် ၅၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၅၆၀၀၊ အယ်လ်ဖာ ကျပ် ၆၂၀၀ နှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** မိုးရွာပြီးရေပြန်လည်မြင့်တက်နေခြင်းကြောင့်အရောင်းအဝယ်ပါးပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့တစ်ကောင် (အပြာ)ကျပ် ၅၇၅၀၊ ဆင်မြန်မာ ကျပ် ၆၀၀၀၊ ကြံ့နှစ်ကောင် (နီ)ကျပ် ၅၇၅၀၊ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# ယခင်တစ်ပတ်ထက် မြေသြဇာတန်ချိန် ၁၄၀၀၀ကျော် အဝင်ပို

ဩဂုတ် ၁၁ ရက်မှ ၁၇ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၆၅၂၁၁၉ တန်ဖိုးရှိ မြေသြဇာ ၂၂၃၆၈ ဒသမ ၁၇၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ ၁၅၈၁၇ ဒသမ ၃၀ တန်၊ အီဂျစ်နိုင်ငံမှ ၁၆၅၆ ဒသမ ၆၆၄ တန်၊ ဂျာမနီနိုင်ငံမှ တန် ၁၀၈၀၊ အိန္ဒိယနိုင်ငံမှ သုည ဒသမ ၀၆၂၂ တန်၊ ကိုရီးယားနိုင်ငံမှ ၆၅၅ ဒသမ ၅၇ တန်၊ ဖိလစ်ပိုင်နိုင်ငံမှ တန်ချိန် ၁၆၀၊ ရုရှားနိုင်ငံမှ ၉၇၂ ဒသမ ၀၈ တန်နှင့် ဆော်ဒီအာရေဗျနိုင်ငံမှ ၂၀၂၆ ဒသမ ၅၀ တန် တင်သွင်းခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံမှ ဒုတိယအများဆုံးတင်သွင်းခဲ့သည်။

တင်သွင်းခဲ့သည့်မြေသြဇာအမျိုးအစားများမှာ အမိုးနီးယမ်းကလိုရိုဒ်၊ အမိုးနီးယမ်းဆာလဖိတ်၊ ယူရီးယား(ကြယ်စိမ်း)၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ဖလော်ရာ(မြေသြဇာအရည်)၊ ပိုတက်နှင့် ယူရီးယား(၄၆%)တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေသြဇာတန်ချိန် ၈၃၂၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းခဲ့သည့်မြေသြဇာတန်ချိန်နှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၁၄၀၄၀ကျော် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

# မန္တလေးမြေသြဇာဈေးကွက် အရောင်းအေး

ဩဂုတ် ၁၀ ရက်မှ ၁၆ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာ အဝင်မှာ တန် ၁၀၈၅၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန်ချိန် ၁၄၂၇၀ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၃၄၂၀ ကျော်အဝင်လျော့ခဲ့ကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်များဖြစ်သည့် မကွေးနှင့် မန္တလေးတို့၌ အရောင် ပုံမှန်ရှိပြီး မော်လမြိုင်နှင့် တောင်ကြီးတွင် အရောင်းပါးကြောင်းသိရသည်။

**တောင်ကြီးဈေးကွက်၌** ယခုတစ်ပတ်မှာ အရောင်းအဝယ်အေးပြီး ဈေးငြိမ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၈၅၀၀၊တီစူပါ ၂၀% (တရုတ်) ကျပ် ၁၅၃၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၀၀၀၊ ဓာတ်ဆား (တရုတ်)ကျပ်၁၈၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၉၀၀၀၊ ယူရီးယား (ယူအေအီး)ကျပ် ၂၉၀၀၀၊ မြွားကမ္ဘာကျပ် ၁၈၇၀၀၊ ပုလဲ-မြင်းပျံ ကျပ် ၂၉၅၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါကျပ် ၆၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်း မှ စုံစမ်းသိရသည်။

**မကွေးဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ် တက်တိုး၊ သီးစုံ(ဝါစိမ်းပြာ)နဲ့တောင်သူမက ကျပ် ၂၀၀၊ ပုလဲ (ပန်းဖူး၊ ရွှေတောင်)က ကျပ် ၅၀၀၊ မြွားကမ္ဘာ(၁၅း၇း၈)က ကျပ် ၁၉၀၀ ဈေးမြင့်ခဲ့ပြီး အာမို(၁၅ပတ်လည်) နှင့်အာမို(၁၆း၁၆း၈)က ကျပ် ၁၀၀၊ အာမို (၁၀း၁၀း၅)က ကျပ် ၂၀၀၊ တီစူပါကကျပ် ၆၀၀ ဈေးကျကာ ကျန်မြေသြဇာများက ယခင်ဈေးနှင့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြွားကမ္ဘာ-တရုတ်(၁၂း၁၃)ကျပ်၁၈၇၀၀၊ ဆင် ၁၀း၁၀း၅ကျပ် ၁၈၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၈၇၀၀၊အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၇၂၀၀၊ အာမို ၁၀း၁၀း၅ကျပ် ၂၀၃၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၈၇၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၈၇၀၀၊ အောင်ကမ္ဘာ၁၀း၁၀း၅ကျပ် ၂၀၅၀၀၊ မြွားကမ္ဘာ(၁၅း၇း၈)ကျပ် ၂၃၇၀၀၊ တီစူပါ က ကျပ် ၂၄၇၀၀၊ ဇာမနီကျပ် ၂၀၅၀၀၊ တောင်သူမ ကျပ် ၁၈၇၀၀၊ တက်တိုးကျပ် ၂၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**မန္တလေးဈေးကွက်၌** ယခင်ထက် အရောင်းတက်လာကြောင်းသိရသည်။ ယခုတစ်ပတ် တရုတ်နိုင်ငံထုတ်မြေသြဇာများက ဈေးအနည်းငယ်တက်ပြီး တီစူပါ(၄၆%)နှင့် အာမို(၁၀း၁၀း၅)က ပစ္စည်းပြတ်နေကြောင်း သိရသည်။ ယူရီးယား(ပန်းဖူး၊ရွှေတောင်)က ကျပ် ၃၀၀၊ မြွားသီးစုံနှင့် မြွားကမ္ဘာက ကျပ် ၅၀၀၊ ပန်းသီးစုံက ကျပ် ၂၀၀ဈေးမြင့်ပြီး ပိုတက်က ကျပ် ၁၄၀၀ ဈေးကျခဲ့သည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၇၃၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်)ကျပ် ၂၇၃၀၀၊ သံကွင်း (၄၆%-တရုတ်) ကျပ် ၂၃၂၀၀၊မြွားသီးစုံ ကျပ်၁၈၁၀၀၊ပန်းသီးစုံကျပ်၁၇၈၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၀၀၀၊ အာမို (၁၆း၁၆း၈) ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ကျပ် ၄၀၀၀၀၊ ပိုတက် ကျပ် ၂၇၆၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

## နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီ၊နို့မှုန့် အဝင်လျော့

ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်အတွင်း အမေရိကန်ဒေါ်လာ ၅၂၃၂၀ တန်ဖိုးရှိ နို့ဆီ ၄၃ ဒသမ ၇၇၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် စင်ကာပူနိုင်ငံမှ မာရီဂိုးနို့ဆီတစ်မျိုးသာ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နို့ဆီတန်ချိန် ၅၆၁ ဒသမ ၇၈ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၅၁၈ ဒသမ ၀၀၄ တန် တင်သွင်းမှုလျော့နည်းခဲ့ကြောင်းသိရသည်။

အမေရိကန်ဒေါ်လာ ၇၃၇၁၉၇ တန်ဖိုးရှိ နို့မှုန့် ၂၂၅ ဒသမ ၇၅ တန်ကိုလည်း တင်သွင်းခဲ့သည်။ ယခုတစ်ပတ် နယူးဇီလန်နိုင်ငံမှသာ တင်သွင်းခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က နို့မှုန့် ၂၃၄ ဒသမ ၅၆၁ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၈ ဒသမ ၈၁၁ တန် တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် နို့ဆီရောနို့မှုန့်ပါ တင်သွင်းမှုလျော့နည်းခဲ့သည်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၈ မှ ၁၆/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၈ မှ ၉/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၂.၃၀ | ၇၅.၈၀ | (-) | ၃.၅၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီ | ၂၄၀.၀၀ | ၆၀.၀၀ | (+) | ၁၈၀.၀၀ |
| ၅။ | တာချီလိတ် | ၂၆၀၀.၀၀ | ၁၀၀၀.၀၀ | (+) | ၁၆၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | - | | - |
| ၈။ | မြိတ် | ၆၀၅၀.၀၀ | ၁၈၀၀.၀၀ | (+) | ၄၂၅၀.၀၀ |
| | စုစုပေါင်း | ၈၉၆၂.၃၀ | ၂၉၃၅.၈၀ | (+) | ၆၀၂၆.၅၀ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၈ မှ ၁၆/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၈ မှ ၉/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | ၃၇၈၇.၀၀ | (-) | ၃၇၈၇.၀၀ |
| ၂။ | လွယ်ဂျယ် | ၄၂၈.၀၀ | ၁၅၆.၈၀ | (+) | ၂၇၁.၂၀ |
| ၃။ | ချင်းရွှေဟော် | ၇၂၉၂.၁၅ | ၈၁၆၁.၅၀ | (-) | ၈၆၉.၃၅ |
| ၄။ | ကန်ပိုက်တီ | ၁၆၃၂.၀၀ | ၁၂၇၁.၀၀ | (+) | ၃၆၁.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၁၅၀၀.၀၀ | ၉၀၀.၀၀ | (+) | ၆၀၀.၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၁၀၈၅၂.၁၅ | ၁၄၂၇၆.၃၀ | (-) | ၃၄၂၄.၁၅ |

ခင်မိုးသူ

# ဆီထွက်သီးနှံနှင့်စားသုံးဆီကဏ္ဍဆိုင်ရာ မူဝါဒတစ်ရပ် ထွက်ပေါ်လာစေရေး အစည်းအဝေးကျင်းပ

ရန်ကုန်မြို့ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးဦးဆောင်၍ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့များ၏ကိုယ်စားလှယ်များ၊ အစိုးရဝန်ကြီးဌာနအသီးသီးအောက်ရှိ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အပါအဝင် အသင်းအဖွဲ့နှင့်ကုန်စည်ဒိုင် ၁၄ ခုမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ စုပေါင်း၍ဆီထွက်သီးနှံနှင့်စားသုံးဆီကဏ္ဍဆိုင်ရာ မူဝါဒတစ်ရပ်ထွက်ပေါ်လာစေရေးအစည်းအဝေး ကျင်းပခဲ့သည်။

အစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် ဆီထွက်သီးနှံနှင့်စားသုံးဆီကဏ္ဍဆိုင်ရာ မူဝါဒတစ်ရပ်ထွက်ပေါ်ရေးအတွက် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင် မန္တလေးမြို့၌ကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲကို အခြေခံကြောင်း၊ စတင်ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒတစ်ရပ်ကို စားသုံးဆီကဏ္ဍနှင့်တွဲပြီး တန်ဖိုးကွင်းဆက်တစ်လျှောက် မူဝါဒတစ်ရပ်ပေါ်ပေါက်လာစေရန် ရည်ရွယ်ပြီး မူကြမ်းတစ်ရပ်ကို ရေးဆွဲကာ သဘောထားမှတ်ချက်များ မေးမြန်းခဲ့ကြောင်း၊ ယခုသဘောထားမှတ်ချက်များ ရရှိပြီးဖြစ်၍ ထပ်မံဆွေးနွေးနိုင်ရေးအတွက် ရည်ရွယ်ကြောင်း၊ ပိုမိုပြည့်စုံလာစေရေးအတွက် ဆွေးနွေးကြရေးဖြစ်ကြောင်း၊ ယခု မူဝါဒတစ်ရပ်ပေါ်ပေါက်ရေးသည် စီးပွားရေးကဏ္ဍကြီးတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ကြောင်း၊ အမျိုးသားကျန်းမာရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ အသားငါးကဏ္ဍများနှင့်လည်း ချိတ်ဆက်နေကြောင်း၊ သေချာဆွေးနွေးပြီး တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားဖို့မျှော်လင့်ကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့လေးခုမှ ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ အသင်းအဖွဲ့မှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့်တက်ရောက်လာသူများကလည်း စိတ်ပါဝင်စားစွာ လေးလေးနက်နက်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ညနေ ၅ နာရီခွဲတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**အေးသီရိ(ကုန်သွယ်မြှင့်)**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၃-၈-၂၀၁၉)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၇၅၀၀ | ၇၅၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၈၅၀၀ | ၈၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၇၈၀၀ | ၇၈၀၀ | □ | ၇၂၀၀ | ၇၂၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၆၄၀၀ | ၆၆၀၀ | △ | ၆၄၀၀ | ၆၆၀၀ | △ | ၁၇၀၀ | ၁၈၀၀ | △ |
| မကွေး | ၆၅၀၀ | ၆၅၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၆၀၀ | ၁၇၀၀ | △ |
| မုံရွာ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၆၀၀ | ၁၆၅၀ | △ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




# ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုနှင့်ဈေးနှုန်း

၂၀၁၉ ခုနှစ် ဩဂုတ် ၃ မှ ၁၆ ရက်အတွင်း မယ်စဲ့နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ဘက်မှတစ်ဆင့် ပြန်လည်တင်သွင်းမှုများမှာ အမေရိကန်ဒေါ်လာ ၁၂၈၄၀ တန်ဖိုးရှိ ဟင်းချိုမှုန့် ၁၀ ဒသမ ၇၀ တန်၊ အမေရိကန်ဒေါ်လာ ၅၂၀ တန်ဖိုးရှိဘာလီကော်ဖီမစ်သုည ဒသမ ၂၅ တန်တို့ဖြင့် စုစုပေါင်း ကုန်သွယ်မှုပမာဏတန်ဖိုး ၁၃၃၆၀ ဒေါ်လာ ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းစာရင်းများအရ သိရှိရသည်။

ဩဂုတ် ၁၅ ရက်မှ ၂၀ ရက်အတွင်း ကယားပြည်နယ်မှ မန္တလေးမြို့သို့ ဒေသထွက်ဧည့်မထဆန်အိတ် စုစုပေါင်း ၂၀၁၀ အိတ်တန်ချိန်အားဖြင့် ၁၀၀ ဒသမ ၉၂ တန်ခန့် တင်ပို့ခဲ့ကြောင်း၊ ကယားပြည်နယ်အတွင်းသို့ ရန်ကုန်မြို့မှ ဆန်တင်သွင်းမှုမှာအိတ် ၄၅၀၊ မန္တလေးမြို့မှ အိတ် ၆၀၀၊ ရွှေဘိုမြို့မှ အိတ် ၃၉၀ တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်းအိတ်၁၄၄၀ တန်ချိန်အားဖြင့် ၇၂ ဒသမ ၃၀ တန်တင်သွင်းခဲ့ကြောင်း၊ ပြောင်းတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ မန္တလေးနှင့် အခြားမြို့ကြီးများသို့ ပြောင်းစုစုပေါင်း ၉၉၂၅ အိတ် တန်ချိန်အားဖြင့် ၄၈၆ ဒသမ ၁၉ တန်တင်သွင်းခဲ့ကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ လေ့လာသိရှိရသည်။

ကယားပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော စပါးဈေးနှုန်းများမှာ ဧည့်မထ(နွေ) စပါးတင်း ၁၀၀ လျှင် ကျပ်၉၇၁၀၀၀ ဈေးပေါက်ကြောင်း၊ ပြည်နယ်အတွင်းအရောင်းအဝယ်ဖြစ်လျက်ရှိသော ဆန်များမှာ ပေါ်ဆန်း၊ ဧည့်မထ၊ ငစိန်တို့ဖြစ်ပြီး ဆန်အိတ်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၆၇၀၀၀၊ ဧည့်မထဆန်တစ်အိတ်လျှင်ကျပ် ၄၆၀၀၀၊ ငစိန်ဆန်တစ်အိတ်လျှင်ကျပ် ၂၇၅၀၀ ဈေးပေါက်ပြီး တစ်ပြည်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန်တစ်ပြည်လျှင် ကျပ် ၂၈၅၀၊ ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၀၀၀၊ ငစိန်ဆန်တစ်ပြည်လျှင် ကျပ် ၁၂၀၀ ကျပ်နှုန်းဖြစ် ဈေးပေါက်လျက်ရှိကြောင်းသိရှိရပြီး ယခုတစ်ပတ်အတွင်း ဆန်၊ စပါးရောင်းဝယ်မှုများမှာ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေကာ ဆန်ဈေးနှုန်းမှာလည်း အနည်းငယ်ဈေးတက်လျက်ရှိကြောင်း ကုန်သည်/ပွဲစားများထံမှသိရှိရသည်။

ကယားပြည်နယ်အတွင်း လက်ရှိဈေးနှုန်းများမှာ ပြောင်း(ခြောက်) တစ်ပိဿာလျှင် ကျပ် ၄၀၀၊ ငရုတ်သီးခြောက်အရှည်တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ ငရုတ်သီးခြောက်အပုတစ်ပိဿာလျှင် ကျပ် ၁၇၀၀၀၊ ခရမ်းချဉ်သီးတစ်ပိဿာလျှင် ကျပ် ၅၀၀၊ စားသုံးဆီဈေးနှုန်းများမှာ ပဲဆီ(လက်လီစည်ပင်ဈေး) တစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ နှမ်းဆီ(လက်လီစည်ပင်ဈေး) တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ စားအုန်းဆီ(လက်လီစည်ပင်ဈေး) တစ်ပိဿာလျှင် ကျပ် ၂၃၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကယားပြည်နယ် စားသုံးသူကုန်ဈေးနှုန်းသတင်းများအရ သိရှိရသည်။

**ဖြိုးဝေအောင်(လွိုင်ကော်)**

## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၃-၈-၂၀၁၉ US$/Ton

| အမျိုးအစား | ဩဂုတ်ဒုတိယပတ် | ဩဂုတ်တတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၁၅.၀၀ | ၅၃၇.၀၀ | △ |
| RBD P.Olein | ၅၂၆.၀၀ | ၅၄၁.၅၀ | △ |
| RBD P.Stearin | ၅၀၇.၅၀ | ၅၃၀.၅၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၆-၈-၂၀၁၉) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၄၀.၅၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၆၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၂၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၇၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၂.၇၁ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၃.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၄၅ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၅၈၈.၂၁၀ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၃-၈-၂၀၁၉ နေ့ (CIF ဈေး Cloud Point 8 ˚C Max 580 ဒေါ်လာနှင့် USD ဈေး ၁၅၂၀ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၃-၈-၂၀၁၉ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၂၀ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

## ရှမ်းနနွင်း ဝယ်လိုအား ကျဆင်းနေ

အောင်ပန်းဈေးကွက်မှာ နနွင်းအဝင်ကနည်းလာသည်။ တောင်သူများက တောင်ယာပြန်စိုက်ချိန်ဖြစ်၍ အဝင်နည်းလာခြင်းဖြစ်ကြောင်း သိရသည်။ ပွဲရုံလက်ကျန်များဖြင့် အရောင်းအဝယ်လုပ်နေကြပြီး ပြည်တွင်းသုံးအတွက်သာ ဝယ်ယူမှုရှိနေသည်။

အောက်ပိုင်းဒေသများ၌ ရေကြီးရေလျှံမှုများဖြစ်နေပြီး အဓိကဝယ်ယူနေသည့် မူဆယ်ဝယ်လက်များကလည်း လမ်းပန်းဆက်သွယ်ရေးမကောင်းသောကြောင့် ဝယ်လိုအားများ ကျဆင်းသွားရခြင်းဖြစ်ကြောင်း ဒေသခံပွဲရုံထံမှ သိရသည်။

ယခုတစ်ပတ် ရှမ်းနနွင်း တစ်ပိဿာပေါက်ဈေးက အကြမ်းစကကျပ် ၈၀၀/၉၀၀ ဈေးရှိပြီး ဆင်တောင်နနွင်းကကျပ် ၁၆၀၀/၁၇၀၀ ဈေးရှိသည်။

**ဇေခိုင်(တောင်ကြီး)**



# ပြည်ပဈေးကွက်ထိုးဖောက်လျက်ရှိသည့် မြန်မာ့လျှော်ဖြူ

လျှော်ဖြူကို အခြေခံ၍ထုတ်လုပ်သည့် စားသောက်ကုန်များလည်းကိုလည်း ပြည်ပဈေးကွက် ထိုးဖောက်ရန်ကြိုးပမ်းလျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ ပြည်ပ ပြပွဲများဖြစ်သည့် တရုတ်နိုင်ငံ ရွှေလီ၊ နန်နင်း၊ ကူမင်း စသည့် ကုန်စည်ပြပွဲများတွင် မြန်မာ့လျှော်ဖြူလုပ်ငန်းရှင်များ ဝင်ရောက်ပြသ၍ ဈေးကွက်ရှာဖွေထိုးဖောက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် အများအပြား စိုက်ပျိုးလျက်ရှိသည့် လျှော်ဖြူပင်မှထွက်ရှိသည့် လျှော်ဖြူစေး(ခေါ်) ဆေးကုလားမသည် နိုင်ငံခြားဝင်ငွေရရှိအောင် ရှာဖွေပေးနေသည့် အမယ်သစ်ပို့ကုန်တစ်မျိုးအဖြစ် ပြည်ပသို့ ထိုးဖောက်လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံလျှော်ဖြူအသင်းကို ၂၀၁၈ ခုနှစ် ဧပြီ ၁၀ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးစီးဦးဆောင်ပြု၍ ဖွဲ့စည်းထားပြီးဖြစ်သည်။

ယခုလတ်တလောတွင် လျှော်ဖြူကို ကုန်ကြမ်းအတိုင်းပင် တရုတ်ပြည်ဈေးကွက်သို့ အဓိကတင်ပို့ ရောင်းချလျက်ရှိသည်။ ကြာဆံ၊ ရေခဲသား၊ အဖြူ၊ အဝါ၊ အညိုဟူ၍ အရည်အသွေးနှင့် အရောင်ပေါ်မူတည်ပြီး ခွဲခြားရောင်းဝယ်လျက်ရှိသည်။ ကြာဆံကဲ့သို့ အမျှင်တန်းအောင်အစေးခံ၍ ထုတ်ထားသည့်လျှော်ဖြူစေးသည် ဈေးကွက်တွင် ဈေးအရဆုံးဖြစ်သည်။ ကြာဆံစတွင်လည်း အမျှင်ရှည်သည့်အစက ဈေးပိုရပြီး အမျှင်တိုလျှင် ဈေးလျှော့ရသည်။ ကြာဆံအမျှင်အရှည်သည် စက်တင်ဘာနှင့် အောက်တိုဘာလတွင် အစေးပိုမိုထွက်ရှိကြောင်း သိရသည်။

ယခင်တစ်ပတ် ဩဂုတ် ၁၄ ရက်တွင် လျှော်ဖြူ တစ်ပိဿာပေါက်ဈေးမှာ လျှော်ဖြူကြာဆန် အမျှင်ရှည် တစ်ပိဿာ ကျပ် ၁၅၀၀၀၀၊ အမျှင်တို တစ်ပိဿာ ကျပ် ၅၀၀၀၀၊ ရေခဲသား (အခဲအရောင်အကြည်) ကျပ် ၂၃၀၀၀၊ အဖြူစ (အခဲ) ကျပ် ၁၇၀၀၀၊ အဝါစ(အခဲ)ကျပ် ၆၀၀၀ ခန့်ဈေးကွက်ပေါက်ဈေးဖြစ်ပေါ်နေပြီး ယခုတစ်ပတ် ဩဂုတ် ၂၁ ရက်တွင် လျှော်ဖြူ တစ်ပိဿာပေါက်ဈေးမှာ လျှော်ဖြူကြာဆံအမျှင်ရှည် တစ်ပိဿာ ကျပ် ၁၅၀၀၀၀၊ အမျှင်တိုတစ်ပိဿာ ကျပ် ၅၅၀၀၀၊ ရေခဲသား (အခဲအရောင်အကြည်)ကျပ် ၂၅၀၀၀၊ အဖြူစ(အခဲ) ကျပ် ၁၈၀၀၀၊ အဝါစ(အခဲ) ကျပ် ၈၀၀၀၊ အညိုစ(အခဲ)ကျပ် ၃၀၀၀ ခန့် ဈေးကွက်ပေါက်ဈေးဖြစ်ပေါ်နေသည်။

ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ကြာဆံအမျှင်ရှည် တစ်ပိဿာ ၃၀၀၀ ခန့် ဈေးကျပြီး ကြာဆံအမျှင်တို ကျပ် ၅၀၀၀၊ ရေခဲသား ကျပ် ၂၀၀၀၊ အဖြူစကျပ် ၁၀၀၀၊ အဝါစ ကျပ် ၂၀၀၀ ခန့်ဈေးတက်လာပါသည်။

**ချောစုဝင်း(ရတနာပုံကုန်သွယ်မှုဇဟိုဌာန)**

# စက်တင်ဘာ ၁ ရက်မှစ၍ မြန်မာ့ပင်လယ်ပြင်တွင် ငါး၊ ပုစွန် ဖမ်းဆီးခွင့် ပြန်လည်ခွင့်ပြုတော့မည်

မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတ ထိန်းသိမ်းရေး အစီအစဉ်အရ ၂၀၁၉ ခုနှစ် ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ငါးမဖမ်းရရာသီ သတ်မှတ်၍ ပိတ်ပင်တားဆီးမှုများ ဆောင်ရွက်ခဲ့သည်။

ယခင်နှစ်များက ငါးဖမ်းရာသီပိတ်ပင်မှု ဆောင်ရွက်ထားစဉ် ကာလအတွင်း ပြည်သူများ၏ ငါးရိက္ခာစားသုံးမှုအပေါ် ထိခိုက်မှု မရှိစေရေး၊ ငါးဖမ်းလုပ်သားများ၊ ငါးတင်၊ ငါးချဆိပ်ခံတံတားလုပ်သားများ၊ အအေးခန်းစက်ရုံလုပ်သားများ၊ ဝယ်ရောင်းလုပ်ငန်းလုပ်ကိုင်သူများ၊ ပြည်ပတင်ပို့မှုလုပ်ငန်းများတွင် အခက်အခဲများဖြစ်ပေါ်မှု မရှိစေရေးအတွက် ငါးဖမ်းရေယာဉ်အချို့ကို ရာခိုင်နှုန်း သတ်မှတ်ချက်ဖြင့် ဖြေလျှော့ဖမ်းဆီးခွင့်ပေးခဲ့သော်လည်း ယခုနှစ်မှစတင်၍ ငါးဖမ်းဆီးခွင့်ကို ရာခိုင်ပြည့်ပိတ်ပင်ခဲ့သည်။

ငါးဖမ်းဆီးခွင့် ပိတ်ပင်ထားသည့်ကာလများအတွင်း ပင်လယ်ပြင်တွင် ငါး၊ ပုစွန်များလွတ်လပ်စွာ ပေါက်ဖွားခွင့်၊ ရှင်သန်ကြီးထွားခွင့်များ ရရှိလာသည့်အတွက် ပိတ်ပင်ကာလ သုံးလနောက်ပိုင်း ငါးပြန်လည်ဖမ်းဆီးသည့်အခါ ယခင်ထက် ဖမ်းဆီးရရှိမှု ပိုမိုလာနိုင်ခြင်း၊ ငါး၊ ပုစွန်အကောင်များကြီးထွားခွင့်ရရှိခြင်းစသည့် အကျိုးထူးများကို ရရှိမည်ဖြစ်သည်။

၂၀၁၉ ခုနှစ် စက်တင်ဘာ ၁ရက်မှစတင်၍ ပင်လယ်ပြင်သို့ ငါးဖမ်းဆီးရန် ထွက်ခွာကြမည်ဖြစ်သည်။ ငါးဖမ်းရေယာဉ်များသည် ငါးဖမ်းစက်လှေများကို ပြန်လည်ပြင်ဆင်ခြင်း၊ ငါးဖမ်းကိရိယာများကို ကြိုတင်ပြင်ဆင်ခြင်း၊ ရေခဲများနှင့် ဒီဇယ်ဆီများကို ကြိုတင်ဖြည့်တင်းသည့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ငါးလုပ်ငန်းဦးစီးဌာနတွင် ငါးဖမ်းရာသီလိုင်စင်ကို ခွင့်ပြုချက်များတောင်းခံလျက်ရှိကြသည်။

ရာသီဥတုကောင်းမွန်ပါက စက်တင်ဘာလ တတိယပတ်အတွင်းမှ စတင်ကာဈေးကွက်များအတွင်းသို့ ပင်လယ်ငါး၊ ပုစွန်များစတင်ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သတင်းရရှိသည်။

**ခိုင်သဥ္ဇာ(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**





# ငါးဈေးကွက် ဈေးမငြိမ်ဘဲ အရောင်းအဝယ်အေး

ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်မြို့ မြို့မဈေးရှိ ငါး/ပုစွန်ကုန်သည်များ ယခုလ ဒုတိယပတ်နှင့် တတိယပတ်တို့တွင် ဈေးကွက်အေးနေသည်ဟု သိရသည်။ ငါးရွှဲဒိုင်ကြီးများအနေဖြင့် ကြေညာထားသော ဈေးနှင့် လက်တွေ့ရောင်းချသော ဈေးမှာမတူဘဲ များနေသဖြင့် ပြန်လည်ရောင်းချရာတွင် အခက်ကြုံရသည်ဟုပြောဆိုသည်။ ဒိုင်ကြီးများမှ ငါးအသေးများကိုသာ ကြေညာထားသည့် ဈေးဖြင့် ရောင်းချကြပြီး အဆိုပါငါးများမှာ လက်လီရောင်းချရာတွင် ဝယ်လိုအားနည်းသောငါးများ ဖြစ်နေသဖြင့် ပြန်လည်ရောင်းချရာတွင် အဆင်မပြေဘဲ ဝယ်လိုအားများသည့် ငါးများဖြစ်သည့် ငါးမြစ်ချင်းတစ်ပိဿာလျှင်ကျပ် ၈၀၀၀ ၊ ငါးကြင်းဖြူ တစ် ပိဿာကျပ် ၁၀၀၀၀၊ ငါးကြင်းမျက်ဆံနီ ကျပ် ၆၀၀၀ မှ ၇၀၀၀ အထိ ပေးဝယ်နေရသဖြင့် ယခင်လထက် ကျပ် ၁၅၀၀ မှ ၂၀၀၀ ထိ ငါးအရွယ်ကိုလိုက်၍ ပိုပေးနေရခြင်းကြောင့် လက်လီရောင်းချရာတွင် အခက်တွေ့နေရသည်ဟု သိရသည်။

ဈေးကွက်ဝယ်လိုအားနည်းသော ပုစွန်ဈေးမှာ ပုံမှန်ဖြစ်နေသောကြောင့် အချို့မှာ ပုစွန်ပြောင်းစားနေကြသည်။ သို့သော် ငါးစားသုံးမှုနည်းနေသောကြောင့် လက်လီဆိုင်များ ဈေးရောင်းမကောင်းသေးသည့်အတွက် ငါးဒိုင်ကြီးများက ပုံမှန်ဈေးဖြင့် ပြန်လည်ရောင်းချရန် မျှော်မှန်းနေကြသည်ဟု သိရသည်။

**နေမျိုးဝေ(ပြည်ကုန်သွယ်မှုဇဟိုဌာန)**

# ဈေးကောင်းရလာသည့် သံတောင်ကော်ဖီ

ကရင်ပြည်နယ် သံတောင်ကြီးဒေသတွင် ကော်ဖီစိုက်ပျိုးသည့် ဧက ၉၅၉၀ ခန့်ရှိပြီး ကော်ဖီကို ပြည်တွင်းဈေးကွက်ဖြစ်သော တောင်ငူဈေးကွက်သို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိရာ တစ်နှစ်ထက်တစ်နှစ် ဈေးပိုမိုရလာကြောင်း ဈေးကွက်အတွင်းမှသိရသည်။

ကရင်ပြည်နယ် သံတောင်ဒေသတွင် ကော်ဖီရိုဘားစတား(အပင်ကြီး)မျိုးနှင့်အာရေဗီးယား (အပင်ငယ်) နှစ်မျိုးလုံး စိုက်ပျိုးလျက်ရှိကြောင်း အပင်သေးမျိုးက လေးနှစ်ခန့်စိုက်ပျိုးရကြောင်း၊ အပင်ကြီးမျိုးက ဒေသမျိုးဖြစ်ကြောင်းသိရသည်။ ကော်ဖီဈေးကွက်အနေဖြင့် ၂၀၁၇ခုနှစ်က ကော်ဖီတစ်ပိဿာကို ကျပ် ၂၆၀၀ ဈေးသာရပြီး ၂၀၁၈ခုနှစ်မှာ အဖွင့်ဈေးက တစ်ပိဿာကို ကျပ် ၃၅၀၀ ဖြင့်ဈေးဖွင့်ခဲ့ကာ တစ်ပိဿာကို ကျပ် ၄၅၀၀ ဈေးဖြင့်ဈေးပိတ်ခဲ့ကြောင်း သိရသည်။

ကော်ဖီအာရေဗီးယား(အပင်သေး)မျိုးမှာ နိုဝင်ဘာလတွင် ဈေးကွက်သို့ ဝင်ရောက်လာမည်ဖြစ်ပြီး ကော်ဖီ (အပင်ကြီး) ရိုဘားစတားမှာ မတ်လလောက်မှ ဈေးကွက်သို့ဝင်ရောက်မည်ဖြစ်ကြောင်း ယခုနှစ်တွင် ကော်ဖီသီးနှံဈေးဆက်ကောင်းပြီး အရောင်းအဝယ် သွက်လာနိုင်ကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။ **ခင်မောင်မောင်အုန်း(ဖွဲ့ကပင်)**

# သဇင်မြေ ကုန်သွယ်မှုဇဟိုဌာန၏ ကုန်သွယ်မှုအခြေအနေ

ရခိုင်ပြည်နယ် စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဩဂုတ် ၁၀ ရက်မှ ၁၆ ရက် အထိ ငါးမြစ်ချင်းအရေအတွက် ၃၂၀၀၀ ကီလိုဂရမ်တင်ပို့ခဲ့ပြီး ၂၉၇၂၀ ဒေါ်လာတင်ပို့ခဲ့ သည်။ ယခင်တစ်ပတ် ဩဂုတ် ၃ရက်မှ ၉ ရက်အထိ ငါးမြစ်ချင်းအရေအတွက် ၅၁၂၀၀ကီလိုဂရမ် တင်ပို့ခဲ့ပြီး ၄၇၃၂၈ ဒေါ်လာတင်ပို့ခဲ့သည်ဟုသိရှိရသည်။ ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် ငါးမြစ်ချင်းအရေအတွက် ၁၉၂၀၀ ကီလိုဂရမ်တင်ပို့မှုလျော့နည်းခဲ့ပြီး ၁၇၆၀၈ ဒေါ်လာ တန်ဖိုးလျော့နည်းခဲ့ကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ တစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဩဂုတ် ၁၀ ရက်မှ ၁၆ ရက်အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် ချင်း(အစို)၊ ဆီးဖတ်၊ မန်ကျည်းစေ့၊ ကြိမ်၊ ဆီးယိုထုပ်နှင့် ငါးမြစ်ချင်းတို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၅၂၀၄၅ ဒေါ်လာတင်ပို့ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၀ ရက်မှ ၂၁ ရက်အထိ ရခိုင်ပြည်နယ်၊ ဆန်၊ စပါးဈေးကွက်အခြေအနေမှာ အရောင်းအဝယ်အေးပြီးဈေးနှုန်း ပြောင်းလဲမှုမရှိခဲ့ကြောင်း သိရသည်။ ဧည့်မထစပါး တင်း ၁၀၀ ကို ကျပ် ၅၂၀၀၀၀ ဖြစ်ပြီး ဆန်တစ်အိတ်ကို ကျပ် ၂၄၀၀၀ ရှိကြောင်းသိရသည်။

**နီလာ(သဇင်မြေကုန်သွယ်မှုဇဟိုဌာန)**

# ဈေးငြိမ်ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်နေသည့် မန္တလေးကြက်သွန်နီ

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် မြင်းခြံခရိုင်တို့တွင် တစ်ပတ်အတွင်း ကြက်သွန်နီဈေးကွက်အခြေအနေမှာ ဈေးပုံမှန်ဖြစ်ပြီး အရောင်းအဝယ်အေးနေကြောင်းသိရသည်။

မန္တလေးဈေးကွက်တွင် ယခုတစ်ပတ် ကြက်သွန်နီ တစ်ပိဿာ လက်ကားဈေးနှုန်းများမှာ ထိပ်စ ကျပ် ၉၀၀၊ အလတ်စ ကျပ် ၈၀၀၊ အနိမ့်စကျပ် ၇၀၀၊ လက်လီဈေးနှုန်းများမှာ ထိပ်စ ကျပ် ၁၂၀၀၊ အလတ်စ ကျပ် ၁၀၀၀၊ အနိမ့်စ ကျပ် ၈၀၀ ဖြင့် နေ့စဉ် ကုန်ချိန်ပိဿာ ၃၅၀၀၀ မှ ၅၀၀၀၀ ကြားတွင်ဝင်ရောက်မှုရှိနေကြောင်း သိရသည်။

မန္တလေးတိုင်းအတွင်း အရည်သွေးကောင်းသော ကြက်သွန်နီထွက်ရှိသည့် ကျောက်ဆည်ဈေးကွက်တွင် လက်ကားဈေးမှာတစ်ပိဿာလျှင် အမြင့်စ ကျပ် ၉၀၀၊ အလတ်စကျပ် ၇၀၀၊ အနိမ့်စ ကျပ် ၅၀၀၊ လက်လီဈေးနှုန်း တစ်ပိဿာလျှင် ထိပ်စကျပ် ၁၀၀၀၊ အလတ်စ ကျပ် ၈၀၀၊ အနိမ့်စ ကျပ် ၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ယခုတစ်ပတ်တွင် မန္တလေးနှင့် ကျောက်ဆည် ကြက်သွန်နီဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှင့် ပြောင်းလဲမှုမရှိဘဲ ပုံမှန်ဖြစ်နေကြောင်း သိရသည်။

မြင်းခြံကုန်စည်ဒိုင်ဈေးကွက်သို့ မြင်းခြံ၊ တောင်သာနှင့် အနီးတစ်ဝိုက်မှ ကြက်သွန်နီ အများအပြား စိုက်ပျိုးသည့် ရွာများမှ နေ့စဉ်ကုန်ချိန်ပိဿာ ၄၁၀၀၀ မှ ၈၁၀၀၀ ပိဿာထိ ဝင်ရောက်မှုရှိပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ကုန်ချိန် အဝင်များလာကြောင်း၊ ယခင်တစ်ပတ်က လက်ကားဈေးတစ်ပိဿာလျှင် ကျပ် ၅၀၀ မှ ၇၇၅ ရှိခဲ့ပြီး ယခုတစ်ပတ် လက်ကားဈေးတစ်ပိဿာလျှင် ကျပ် ၅၀၀ မှ ၇၇၅ ပေါက်ဈေးဖြစ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ မြင်းခြံကြက်သွန်နီဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှင့် ပြောင်းလဲခြင်းမရှိဘဲ အရောင်းဝယ်အေးနေကြောင်းသိရသည်။

**ချောစုဝင်း (ရတနာပုံကုန်သွယ်မှုဇုန်ဟိုဌာန)**

# ငှက်ပျောစိုက်ပျိုး ရောင်းဝယ်သူများ ဈေးကောင်းရ

ဝါတွင်းကာလဖြစ်၍အလှူပွဲများ၊ ဒေသအလိုက်ရိုးရာပွဲများဖြစ်သည့် တောင်ပြုံးပွဲ၊ ရတနာဂူနတ်ပွဲနှင့် ကျောက်ဆည် ရွှေသိမ်တော်ဘုရားတွင် နေ့စဉ်ကန်တော့ပွဲထိုးသူပေါများနေခြင်းကြောင့် ဖီးကြမ်းငှက်ပျောသီးဈေးကွက် အရောင်းအဝယ်သွက်နေသည်။ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ဖီးကြမ်းငှက်ပျောစိုက်ပျိုးသည့် တောင်သူများထံမှ ငှက်ပျောပွဲစားများမှ ခြံအရောက်ဈေးဖြင့်ဝယ်ယူပြီး ကျောက်ဆည်မြို့ ရွှေသိမ်တော်ဘုရားနှင့် မန္တလေးရန်ကုန်မြို့များသို့ တင်ပို့ကြောင်းသိရသည်။

ဖီးကြမ်းငှက်ပျောသီး တစ်ခိုင်လျှင် ခြံပေါက်ဈေးမှာ ၂၀၁၈ ခုနှစ်က ပျမ်းမျှ ကျပ် ၃၀၀၀ ဈေးရှိခဲ့ပြီး ၂၀၁၉ ခုနှစ် လတ်တလော ပေါက်ဈေးမှာကျပ် ၃၇၅၀ မှ ၄၀၀၀ အထိရောင်းဝယ်နေကြောင်း သိရသည်။ ခြံဈေးဖြတ်ရာတွင် ငှက်ပျောခိုင် ၄၀ ခန့်ပါသည့် လှည်းတစ်စီးလျှင် ယခင်နှစ်ကကျပ် ၁၂၀၀၀၀ ဖြစ်ခဲ့ပြီး ယခုကျပ် ၁၅၀၀၀၀ မှ ၁၆၀၀၀၀ ထိ ဈေးရ၍ ငှက်ပျောစိုက်ခြံရှင်များ ယခင်နှစ်ထက်ဈေးပိုရခဲ့သည်။ လက်လီတစ်ဖီးချင်းဈေးအနေဖြင့် ၂၀၁၈ ခုနှစ်က တစ်ဖီးကျပ် ၅၀၀ မှ ၈၀၀ ဖြစ်ခဲ့ပြီး ယခုပေါက်ဈေးမှာ တစ်ဖီးလျှင် ကျပ် ၁၀၀၀ မှ ၁၅၀၀ အထိ ရောင်းဝယ်ကြသည်။**မြင့်မြင့်လှိုင်(ရတနာပုံကုန်သွယ်မှုဇုန်ဟိုဌာန)**



# ယခုတစ်ပတ် မတ်ပဲတင်ပို့မှု လျော့နည်း

ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်အထိ ပင်လယ်ရေကြောင်းမှ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၈၈၈၉ ဒသမ ០၈၄၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၅၁၁၄၄၁၆ ဒသမ ၂၅ တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

တင်ပို့ခဲ့သောနိုင်ငံများမှာ ၁၄ နိုင်ငံရှိပြီး ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ကနေဒါ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ နီပေါ၊ နယူးဇီလန်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်း ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်သည်။ အများဆုံးတင်ပို့ခဲ့သော နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်၍ တန်ချိန် ၅၈၀၁ ဒသမ ၆၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၃၅၅၁၅၉ ဒသမ ၉၈ ဖြစ်ပြီး အနည်းဆုံးတင်ပို့ခဲ့သောနိုင်ငံမှာ နယူးဇီလန်နိုင်ငံဖြစ်၍ တန်ချိန်ရှစ်တန် တန်ဖိုးအမေရိကန်ဒေါ်လာ ၄၈၄၅ ဖြစ်ကြောင်း သိရသည်။

ယခင်တစ်ပတ်တင်ပို့မှုမှာ တန်ချိန် ၁၇၆၀၇ ဒသမ ၁၁၆၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၀၂၅၂၁၆၃ ဒသမ ၇ ဖြစ်သောကြောင့် ယခုတစ်ပတ်နှင့်နှိုင်းယှဉ်ပါကတန်ချိန် ၈၇၁၈ ဒသမ ០၃၂၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၁၃၇၇၄၇ ဒသမ ၄၅ လျော့နည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မတ်ပဲတစ်တန်၏ ပျမ်းမျှဈေးနှုန်းမှာ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၅၈၂ ခန့်ရခဲ့ပြီး ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၅၇၅ သာရရှိခဲ့သဖြင့် ဈေးနှုန်း အမေရိကန်ဒေါ်လာခုနစ်ဒေါ်လာ ကျဆင်းခဲ့ကြောင်းသိရသည်။

**စန်းစန်းမော် (မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# မန္တလေးတွင် ငရုတ်သီးအရောင်းအဝယ်အေး

ဩဂုတ်လ တတိယပတ်တွင် မန္တလေးဈေးကွက်မှာ ငရုတ်သီးဈေးကျကြောင်း သိရသည်။ ငရုတ်(အစို) တစ်ပိဿာလျှင် ယခင်တစ်ပတ်ကကျပ် ၂၀၀၀-၂၅၀၀ ဈေးရှိပြီး ယခုတစ်ပတ်တွင် အဝယ်အေးနေ၍ တစ်ပိဿာ ကျပ် ၁၅၀၀-၂၀၀၀ ဈေးရှိကြောင်းသိရသည်။

ယခင်တစ်ပတ်က ငရုတ်သီးခြောက် တစ်ပိဿာလျှင် လက်ကားဈေး ကျပ် ၅၀၀၀-၅၅၀၀၊ လက်လီဈေး ကျပ် ၇၀၀၀-၈၀၀၀ ခန့်ရှိပြီး ယခုတစ်ပတ်တွင် ငရုတ်ခြောက်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် ဈေးနှုးန်းပြောင်းလဲခြင်းမရှိဘဲ အရောင်းအဝယ်အေးနေကြောင်း သိရသည်။ ငရုတ်အစိုကို ထိုင်းသို့အဓိကပို့ပြီး မလေးရှားသို့ အနည်းငယ် တင်ပို့နေကြောင်း၊ ငရုတ်ခြောက်ကို တရုတ်ဈေးကွက်သို့ အဓိက တင်ပို့မှုရှိကြောင်း သိရသည်။

မန္တလေး-မူဆယ်လမ်းကြောင်းမှ တရုတ်နိုင်ငံသို့ ၁၆ မိုင် ဂိတ်ဖြတ်စာရင်းအရ ငရုတ်ခြောက်တင်ပို့မှု အခြေအနေမှာ ၂၀၁၈ခုနှစ် ဇူလိုင်လတွင် ၉၂၉ တန်တင်ပို့နိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဇူလိုင်လ၌ ၇၇၇ ဒသမ ၃၀ တန် တင်ပို့မှုရှိနေ၍ ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ၁၅၁ ဒသမ ၇ တန်လျော့၍ တင်ပို့ကြောင်းသိရသည်။

**ချောစုဝင်း (ရတနာပုံကုန်သွယ်မှုဇုန်ဟိုဌာန)**

# မန္တလေးပြောင်းဈေးနှုန်း ဈေးကွက်အခြေအနေ

ယခုရက်ပိုင်းတွင် မန္တလေးကုန်စည်ဒိုင်ဈေးကွက်၌ ပြောင်းဖူးစေ့(ရှမ်း၊သစ်) နှင့် ပြောင်းဖူးစေ့(CP) ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်မြင့်ပြီး အထွက်တိုးပြောင်း (အနီ)နှင့် ဆန်ပြောင်းတို့မှ ယခင်လအတိုင်း ဈေးငြိမ်နေလျက်ရှိသည်။ ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်ဘက်မှ အဝယ်အေးလာပြီး ရန်ကုန်ဝယ်လက်နှင့် ကြက်စာသမားများသာ ဝယ်ယူမှုရှိလာသော်လည်း ပြောင်းသစ်ဝင်ချိန်ဖြစ်သောကြောင့် ပြောင်းဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် အနည်းငယ်မြင့်လာကြောင်း မန္တလေးကုန်စည်ဒိုင်မှသိရသည်။

မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ယခုတစ်ပတ် ပြောင်းဈေးကွက်မှာ ၅၄ ပိဿာဝင် သုံးတင်းဝင်တစ်အိတ် ပေါက်ဈေးနှုန်းမှာ ပြောင်းဖူးစေ့ (ရှမ်း၊သစ်)ကျပ် ၂၃၀၀၀မှ ၂၅၀၀၀၊ ပြောင်းဖူးစေ့(CP) ကျပ် ၂၃၀၀၀မှ ၂၅၀၀၀၊ အထွက်တိုးပြောင်း(အနီ) ကျပ် ၃၀၀၀၀ မှ ၃၂၄၀၀၀၊ ဆန်ပြောင်း ကျပ် ၄၂၀၀၀ မှ ၄၃၀၀၀ ဖြင့်အရောင်း အဝယ်ဖြစ်ခဲ့သည်။

ယခင်တစ်ပတ် ကာလတူပေါက်ဈေးနှုန်းမှာ ပြောင်းဖူးစေ့ (ရှမ်း၊ သစ်)ကျပ် ၂၂၀၀၀ မှ ၂၃၀၀၀ ၊ ပြောင်းဖူးစေ့ (CP) ကျပ် ၂၃၀၀၀ မှ ၂၄၅၀၀၊ အထွက်တိုးပြောင်း(အနီ) ကျပ် ၃၀၀၀၀ မှ ၃၂၄၀၀၊ ဆန်ပြောင်းကျပ် ၃၀၀၀၀ မှ ၃၂၄၀၀ ဖြစ်ခဲ့သည်။ ယခင်ကာလတူ ပေါက်ဈေးနှုန်းမှာ ပြောင်းဖူးစေ့ (ရှမ်း၊ သစ်)ကျပ် ၂၄၀၀၀ မှ ၂၄၅၀၀၊ ပြောင်းဖူးစေ့ (CP) ကျပ် ၂၅၀၀၀ မှ ၂၅၅၀၀၊ အထွက်တိုးပြောင်းအနီ ကျပ် ၃၀၀၀၀ မှ ၃၂၄၀၀၊ ဆန်ပြောင်းကျပ် ၄၂၀၀၀ မှ၄၃၀၀၀ ဖြစ်ခဲ့၍ ပျမ်းမျှအားဖြင့် ယခင်တစ်ပတ် ကာလတူပေါက်ဈေးထက် ပြောင်းဖူး (ရှမ်း၊သစ်)ကျပ် ၂၀၀၀၊ ပြောင်းဖူးစေ့ (CP) ကျပ် ၅၀၀ ဈေးမြင့်၍ ယခင်လကာလတူ ပေါက်ဈေးထက် ပြောင်းဖူး (ရှမ်း၊ သစ်) နှင့် ပြောင်းဖူးစေ့ (CP) ကျပ် ၅၀၀ မြင့်လာပြီး အထွက်တိုးပြောင်း(အနီ)နှင့် ဆန်ပြောင်းတို့မှာ ယခင်တစ်ပတ် ယခင်လအတိုင်း ဈေးငြိမ်လျက်ရှိကြောင်း သိရသည်။

**မြင့်မြင့်လှိုင်(ရတနာပုံကုန်သွယ်မှုဇုန်ဟိုဌာန)**

# မွန်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် မိုးစပါးစိုက်ဧရိယာအချို့ ထိခိုက်ပျက်စီး

ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မွန်ပြည်နယ်တွင် တောင်ကျရေများ ကျဆင်းခြင်း၊ မြစ်ချောင်းများရေကြီးရေလျှံခြင်း၊ တောင်ပြိုခြင်း၊ လမ်းများပျက်စီးခြင်းနှင့် မြို့နယ် ၁၀ မြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ဧကအချို့ ရေနစ်မြုပ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

မွန်ပြည်နယ် မြို့နယ် ၁၀ မြို့နယ်၏ မိုးစပါးစိုက်ပျိုးပြီးစီးမှုမှာ ဧက ၅၇၀၀၀၀ ကျော်ရှိသည့်အနက် စိုက်ဧက ၈၇၀၀၀ ကျော်မှာ ရေနစ်မြုပ်ခဲ့ကြောင်း၊ ဩဂုတ် ၁၈ ရက်အထိ ဧက ၆၄၀၀၀ ကျော် ရေပြန်ကျသွားကြောင်း၊ မြို့နယ်ရှစ်မြို့နယ်တွင် ထိခိုက်ဧရိယာ ၈၀၂၉ ဧကရှိကြောင်း၊ မြို့နယ်လေးမြို့နယ်ဖြစ်သည့် ရေး၊ သံဖြူဇရပ်၊ ချောင်းဆုံ၊ မော်လမြိုင်တို့တွင် ပျက်စီးဧရိယာ ၁၀၆၆ ဧကဖြစ်ကြောင်း၊ ယနေ့အချိန်အထိ ရေကြီးနစ်မြုပ်ဒဏ်ခံနေရသည့် ကျိုက်မရောမြို့နယ်မှ စိုက်ဧရိယာများ ပါဝင်မှုမရှိသေးကြောင်း သတင်းရရှိသည်။ ရေကြီးနစ်မြုပ်ခြင်း၊ ရေလျှံခြင်းများကြောင့် ဆန်ဈေးနှုန်းမှာမူ မွန်ပြည်နယ်အတွင်း ထူးခြားစွာပြောင်းလဲမှုမရှိကြောင်းသိရှိရသည်။

**Win Myat**



# နှမ်းရောင်းဝယ်မှုဆိုင်ရာ သဘောတူလက်မှတ်ရေးထိုး

မကွေးတိုင်းဒေသကြီး မကွေးမြို့ နန်းထိုက်သူဟိုတယ်ခန်းမ၌ ဩဂုတ် ၁၈ ရက်၌ မကွေးတိုင်းဒေသကြီးအတွင်း (GAP) စနစ်ဖြင့် စိုက်ပျိုးထွက်ရှိ နှမ်းများအား ပြည်ပပို့ကုန်လုပ်ငန်းရှင်များနှင့်စိုက်ပျိုးသူတောင်သူများ စာချုပ် ချုပ်ဆိုလက်မှတ်ရေးထိုးသည့် အခမ်းအနား ကျင်းပသည်။

အဆိုပါ နှမ်းသီးနှံဆိုင်ရာ အရောင်းအဝယ်ပြုလုပ်သည့် အခမ်းအနားသို့ တိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာတိုင်းအဆင့် ဌာနဆိုင်ရာများ၊ ဘဏ်လုပ်ငန်းရှင်များ၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးသောတောင်သူများ စုစုပေါင်းအင်အား ၃၀၀ ကျော် တက်ရောက်ခဲ့ကြောင်းသိရှိရသည်။

**လှမိုးခိုင်(ဖန်ခါးမြေကုန်သွယ်မှုဇုန်ဟိုဌာန)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ဒီဇယ်ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ဗီယက်နမ်၊ အိန္ဒိယ၊ ဂျပန်၊ ဂရိ၊ ဩစတြေးလျ၊ နော်ဝေ၊ စပိန်၊ အီတလီ၊ ပိုလန်၊ ဟန်ဂေရီ၊ နယ်သာလန်၊ တူရကီ၊ ဆွစ်ဇာလန်နှင့် ကင်ညာ စသည့် နိုင်ငံ ၂၉ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၃ ဒသမ ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်း အနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၂ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ် နိုင်ငံတွင် ၃ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန် အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာ တွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၉ ရက် တွင်ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၈ | ၀.၅၈ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၀ | ၀.၈၅ |
| ၃ | ထိုင်း | လီတာ | ၁.၁၅ | ၀.၈၅ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၇ ဖြင့်လည်းကောင်း၊ ဧည့် မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၈ ဖြင့် လည်း ကောင်းရှိနေပြီး ဈေးကွက်တည်ငြိမ်လျက်ရှိကြောင်း သိရှိရ သည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန် လျှင် အမေရိကန်ဒေါ်လာ ၄၂၀ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၀ ဖြင့်လည်းကောင်း၊ ဧည့် မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၄ ဒေါ်လာ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၉ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့ပြီး ထိုင်းဆန်ဈေးနှုန်းများမှာ ဈေးနှုန်းမြင့်တက်လျက်ရှိသည်ကို တွေ့ရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၀ ဖြင့် လည်းကောင်း၊ ဧည့် မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၀ ဖြင့် လည်းကောင်း ဈေးနှုန်းတည်ငြိမ်လျက်ရှိပြီး အိန္ဒိယနိုင်ငံတွင် ဧည့် မထ ၂၅ မှတ် ဆန်တစ် တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၅ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ် ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်မှာ ဈေးမြင့်တက်ခဲ့ပြီး ပေါင်းဆန်ဈေးနှုန်း မှာ တည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်ပသတင်းများအနေ ဖြင့် ထိုင်းနိုင်ငံတွင် ကြုံတွေ့နေရသော ဆယ်စုနှစ်အတွင်း အဆိုး ဆုံးမိုးခေါင်မှုကြောင့် ထိုင်းဆန်ရောင်းလိုအား ထပ်မံကျဆင်းမည် ကို စိုးရိမ်သဖြင့် ယခုတစ်ပတ် ထိုင်းဆန်ပို့ကုန်ဈေးများ မြင့်တက် ခဲ့ပြီး ဗီယက်နမ်ကမူ တောင်အမေရိကတိုက်တွင် ဆန်စာချုပ်ချုပ် ဆိုနိုင်ရေး အခွင့်အလမ်းရှာဖွေနေကြောင်း သိရှိရသည်။ ထိုင်း နိုင်ငံ ဒေသအချို့တွင် ကောက်ရိတ်သိမ်းမှု စတင်နေပြီဖြစ်ပြီး မိုး ခေါင်မှုကြောင့် ဆန်အရည်အသွေး ကျဆင်းလာခဲ့သောကြောင့် ပြည်တွင်းဆန်ဈေးများ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ဗန်ကောက် မြို့အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်ကို သိရှိရ သည်။

ထိုင်းနိုင်ငံတစ်ဝန်းရှိ ဆည်များ၏ ရေလက်ကျန်မှာ လစဉ် ပျမ်းမျှနှုန်းထက်များစွာနိမ့်ကျကြောင်း ထိုင်းမိုးလေဝသဌာနက ထုတ်ပြန်ခဲ့ပြီး ပို့ကုန်လုပ်ငန်းများအနေဖြင့် ဆန်ရောင်းလိုအား နည်းနိုင်ခြေ ရှိသည့်အတွက် ဆန်တိုးမြှင့်ဝယ်ယူနိုင်ရန် ကြိုး စား လာခြင်းကြောင့် ဆန်ဈေးနှုန်းကို မြင့်တက်စေခြင်းဖြစ်ကြောင်း၊ ထိုင်းဆန်ကိုပြည်ပမှဝယ်လိုအား အေးနေသော်လည်း ထိုင်းဘတ် ငွေတန်ဖိုး မြင့်တက်နေခြင်းကြောင့် ထိုင်းဆန်မှာ အခြားအာရှဆန် များထက် ဈေးပိုများနေခြင်းဖြစ်ကြောင်း ကုန်သည်များက ပြောကြားခဲ့သည်ကို သိရှိရသည်။

ယခုတစ်ပတ်တွင် ဗီယက်နမ် ငါးမှတ်ဆန်ဈေးမှာ တည်ငြိမ် နေလျက်ရှိပြီး တစ်တန်လျှင်ဒေါ်လာ ၃၄၀-၃၅၀ ၌ ရပ်တည်နေ လျက်ရှိသည်။ ဩဂုတ် ၂ မှ ၁၀ ရက်အကြားတွင် ဟိုချီမင်းစီးတီး မြို့ဆိပ်ကမ်း၌ ဆန်တန်ချိန် ၁၀၃၀၀၀ ခန့် သင်္ဘောတင်သွားမည် ဖြစ်ပြီး ၎င်းအနက် ၄၂ ရာခိုင်နှုန်းကို အနောက်အာဖရိကသို့လည်း ကောင်း၊ ၂၉ ရာခိုင်နှုန်းကို အီရတ်နိုင်ငံသို့ လည်းကောင်း၊ အခြား ဆန်များကို ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံသို့ လည်းကောင်း တင်ပို့ သွားမည်ဖြစ်ကြောင်း ကနဦးထုတ်ပြန်စာရင်းများအရ သိရှိရ သည်။ ဆန်ဈေးကွက်သစ်များ ရှာဖွေနေသည့် ဗီယက်နမ်နိုင်ငံ၏ စားနပ်ရိက္ခာအဖွဲ့ချုပ်သည် ယခုလအစောပိုင်းက မက္ကဆီကို နိုင်ငံ သို့ ရောက်ရှိခဲ့ပြီး တောင်အမေရိကတိုက်သို့ ဗီယက်နမ်ဆန်များ တင်ပို့နိုင်မည့် အခွင့်အလမ်းများ ရှာဖွေခဲ့ကြကြောင်း သိရှိရသည်။ ဗီယက်နမ်သည် ဇူလိုင်လအတွင်း ဆန်တန်ချိန် ၆၅၁၀၀၀ တင်ပို့ ခဲ့ရာ အစိုးရ၏မျှော်မှန်းချက် တန်ချိန်ခြောက်သိန်းထက်ကျော်လွန် ခဲ့ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၏ ထုတ် ပြန်သည့်စာရင်းများတွင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ကမ္ဘာ့ဆန်တင်ပို့မှု ထိပ်သီးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ငါးမှတ်ပေါင်းဆန်ဈေးမှာ ယခင် တစ်ပတ်က တစ်တန်လျှင် ၃၈၁- ၃၈၄ ဒေါ်လာတွင် ရပ်တည်ခဲ့ရာမှ ရူပီးငွေတန်ဖိုးကျဆင်းလာမှု အရ ယခုတစ်ပတ်တွင် ၃၇၅-၃၈၀ ဒေါ်လာသို့ လျော့ကျလာခဲ့သည် ကိုတွေ့ရှိရသည်။ အစိုးရက စပါးပမာဏများစွာ ဝယ်ယူခဲ့ခြင်း ကြောင့် ဈေးကွက်ထဲတွင် ရောင်းလိုအားနည်းနေကြောင်း၊ ပို့ကုန် သမားများအနေဖြင့် စပါးကိုဈေးပိုပေးဝယ်နေရကြောင်း အိန္ဒိယ နိုင်ငံ၊ နတ်ဂ်ပူမြို့အခြေစိုက် Shah Nanji Nagsi Exports Pvt. Ltd လုပ်ငန်းဒါရိုက်တာ Ashwin Shah က ပြောကြားခဲ့သည်ကို သိရှိရ သည်။ အိန္ဒိယဆန်ကို အာဖရိကဈေးကွက်မှ ဝယ်လိုအား လျော့ ကျလာခြင်း၊ အစိုးရက ပေးအပ်သော ပို့ကုန်မက်လုံးငွေ ပြန်လည် ရုပ်သိမ်းခြင်းတို့ကြောင့် ယခုနှစ်အိန္ဒိယဆန်တင်ပို့မှုသည် ခုနစ် နှစ်တာကာလအတွင်း အနိမ့်ဆုံးသို့ ကျဆင်းလာဖွယ်ရှိကြောင်း ဆန်လုပ်ငန်းတာဝန်ရှိသူများက ပြောကြားကြသည်။ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်တွင်မူ ရေကြီးမှုဖြစ်ပွားခဲ့ပြီး စပါးတန်ချိန် လေးသိန်း နီးပါး ထွက်ရှိနိုင်မည့် စိုက်ခင်းများပျက်စီးခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် စိုက်ပျိုးရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကို လေ့လာသိရှိရသည်။

ပြည်တွင်းဆန်စပါးဈေးကွက်နှင့်ပတ်သက်သည့် သတင်း များအနေဖြင့် တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် တစ်သိန်းတင်ပို့ရန် လက်မှတ်ရေးထိုးထားသဖြင့် ဆန်ကွဲဝယ်ယူစုဆောင်းမှုများရှိလာ ပြီး ရန်ကုန်ဈေးကွက်သို့ နေ့စဉ်ဝင်လာသည့် ဆန်ကွဲများ အားလုံး အဝယ်လိုက်သဖြင့် ဆန်ကွဲအဝင်ရှိသမျှကုန်ကြောင်း မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း ဘုရင့်နောင်ကုန်စည်ဒိုင်အတွင်း ရေးမှူး ဦးသန်းဦးက ပြောကြားခဲ့သည်ကို သိရှိရသည်။ ဆန်ကွဲ အကြီးကို ဝယ်ယူစုဆောင်းမှုများလည်းရှိပြီး တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် ဆန်ကွဲအကြီး တင်ပို့လျက်ရှိပြီး လတ်တလောတွင် ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် ကြိုတင်ပြင် ဆင်ထားသည့် အနေအထားဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး၌တစ်နှစ် လျှင် ဆန်ကွဲထွက်ရှိမှု တန်ချိန် ခုနစ်သိန်းခန့်သာရှိပြီး တန်ချိန် တစ်သိန်း တင်ပို့ရမည်ဖြစ်၍ ယခုကဲ့သို့ ဝယ်ယူစုဆောင်းခြင်းဖြစ် ကြောင်း သိရှိရသည်။ ဩဂုတ် ၁၆ ရက်တွင် ဘုရင့်နောင် ကုန်စည် ဒိုင်သို့ ဆန်ကွဲအိတ်ရေတစ်သောင်းခန့် ဝင်ရောက်လျက်ရှိပြီး ဆန် ကွဲတစ်အိတ်လျှင်ကျပ် ၁၄၀၀၀ မှ ၁၅၈၀၀ အထိ ပေါက်ဈေးရှိ ကြောင်း သိရှိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်ဈေးကွက်အတွင်း ပေါ်ဆန်းဆန်ဈေးနှုန်း မြင့်တက်လာသော်လည်း ရွှေဘိုပေါ်ဆန်း ဈေးနှုန်းသာ ထူးထူးခြားခြား ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်သည် ကိုသိရှိရပါသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် ပေါ်ဆန်းဆန်နှင့် အများပြည်သူ စားသုံးနေသော ဆန်ကြမ်းဈေးနှုန်းများမှာ ဈေးမြင့် တက်လာမှုနည်းကြောင်း ရန်ကုန်ကမ်းနား ဆန်ဈေးကွက်အတွင်း မှ သိရှိရသည်။ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် ရွှေဘိုပေါ်ဆန်း ဆန် တစ်အိတ်လျှင် ကျပ် ၅၈၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်လျှင် ကျပ် ၆၁၀၀၀ ဈေးနှုန်းရှိကြောင်း သိရှိရသည်။

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၉ | ၀.၇၂ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၄ | ၁.၂၈ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၅ | ၀.၇၉ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၆ | ၀.၈၅ |
| ၉ | လာအို | လီတာ | ၁.၂၄ | ၁.၀၀ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀ နှင့် ဒီဇယ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၈ ဒေါ်လာနှုန်းဖြင့် ၂၁ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၈ ဒေါ်လာနှုန်းဖြင့် ၂၁ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | Cuba | လီတာ | ၀.၀၉ | ဟောင်ကောင် | လီတာ | ၂.၂၀ |
| ၂ | ဆူဒန် | လီတာ | ၀.၁၄ | Monaco | လီတာ | ၁.၉၁ |
| ၃ | အယ်ဂျီးရီးယား | လီတာ | ၀.၃၅ | ဘာဘေဒို | လီတာ | ၁.၉၁ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၈ |
| ၅ | အီရန် | လီတာ | ၀.၃၆ | Iceland | လီတာ | ၁.၈၈ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | Cuba | လီတာ | ၀.၀၈ | ဟောင်ကောင် | လီတာ | ၁.၈၃ |
| ၂ | အီရန် | လီတာ | ၀.၀၉ | Monaco | လီတာ | ၁.၈၂ |
| ၃ | ဆူဒန် | လီတာ | ၀.၀၉ | Iceland | လီတာ | ၁.၈၀ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၇၃ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | Israel | လီတာ | ၁.၆၉ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၁ | ၀.၉၀ |
| ၂ | ဂျပန် | လီတာ | ၁.၃၂ | ၁.၁၄ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၄ | ၀.၉၄ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁၆.၈.၂၀၁၉ | စည် | ၅၄.၄၇ |
| ၂ | ၁၉.၈.၂၀၁၉ | စည် | ၅၆.၂၁ |
| ၃ | ၂၀.၈.၂၀၁၉ | စည် | ၅၆.၃၄ |
| ၄ | ၂၁.၈.၂၀၁၉ | စည် | ၅၅.၆၈ |
| ၅ | ၂၂.၈.၂၀၁၉ | စည် | ၅၅.၃၅ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် ဇွန် ၁၇ ရက်မှ ဩဂုတ် ၁၉ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




ကေသွယ်(တန့်ဆည်မြေ)

စာမျက်နှာ ၁၆ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ဩဂုတ် ၁၆ ရက်တွင် ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၃၄၀၀၀ ရှိခဲ့ရာမှ ကမ္ဘာ့ရွှေဈေး ကျဆင်းလာခြင်းကြောင့် ပြည်တွင်းရွှေဈေးမှာ အနည်းငယ် ပြန်လည်ကျဆင်းလာခဲ့ပြီး ဩဂုတ် ၂၂ ရက်တွင် ကျပ် ၁၂၂၃၀၀၀ ဖြစ်ခဲ့သည်ကို ဈေးကွက်အတွင်းမှ လေ့လာသိရှိရသည်။ ဩဂုတ် ၁၆ ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၁၉ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၂၂ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၄၉၇ ဒေါ်လာထိကျဆင်းခဲ့သည်ကို တွေ့ရှိရသည်။

ကမ္ဘာ့ရွှေဈေးမြင့်တက်ခြင်းကြောင့် မြန်မာ့ရွှေဈေး မြင့်တက်လာသော်လည်း ပစ္စည်းရှားခြင်းကြောင့်လည်းကောင်း၊ ထပ်မံမြင့်တက်နိုင်သည့် အလားအလာရှိသည့် မျှော်လင့်ချက်ကြောင့်လည်းကောင်း ကမ္ဘာ့ရွှေဈေး ပြန်ကျလာသော်လည်း မြန်မာ့ရွှေဈေးမှာ သိသိသာသာ ပြန်လည်ကျဆင်းလာခြင်း မရှိသေးကြောင်း မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး (စီမံ) ဦးကြည်စိန်က ပြောကြားခဲ့သည်ကို သိရှိရသည်။ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းချုပ် ညွှန်ကြားချက်အရ ပြည်တွင်းရွှေပေါက်ဈေးကိုဖွင့်ရာတွင်ဈေး ကွက်ဖွင့်သည့် ကမ္ဘာ့ရွှေဈေးကို ၁ ဒသမ ၈၇ ဖြင့်စားကာ ရရှိလာသည့် ကိန်းဂဏန်းကို အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်းဖြင့် မြှောက်ရမည်ဖြစ်ကြောင်း မှတ်သားသိရှိရသည်။

အဆိုပါ တွက်ချက်မှုအရ ဩဂုတ် ၁၉ ရက်တွင် ကမ္ဘာ့ရွှေဈေးနှုန်း တစ်အောင်စလျှင်၁၅၀၀ ဒေါ်လာကို ၁ ဒသမ ၈၇ ဖြင့်စားကာ ရရှိလာသည့်ကိန်းဂဏန်းကို အမေရိကန် ဒေါ်လာငွေလဲလှယ်နှုန်း ၁၅၂၂ ဖြင့်မြှောက်ပါက ပြည်တွင်းရွှေတစ်ကျပ်သားပေါက်ဈေးကျပ် ၁၂၂၀၀၀၀ ခန့်သာရှိကြောင်း၊ ကမ္ဘာ့ရွှေဈေးကျလျှင်ပြည်တွင်းရွှေဈေးလိုက်ကျနိုင်ရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်အသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က ပြောကြားခဲ့သည်ကို သိရှိရသည်။ ရွှေဈေးမြင့်တင်မရောင်းရန်နှင့် လက်ငင်းပေးချေမှုဖြင့်သာ

စာမျက်နှာ ၁၇ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၁-၈-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၀ ဒသမ ၁၀ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၂၁-၈-၂၀၁၉ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၁၂ ဒသမ ၇၅ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါ အတိုင်း တွေ့ရှိရသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 21-Aug-19 | 12.17 cts/lb | 12.41 cts/lb | 312.75 $/T | 14.19 cts/lb |
| 20-Aug-19 | 12.21 cts/lb | 12.46 cts/lb | 313.95 $/T | 14.24 cts/lb |
| 19-Aug-19 | 12.23 cts/lb | 12.50 cts/lb | 315.25 $/T | 14.30 cts/lb |
| 16-Aug-19 | 12.39 cts/lb | 12.54 cts/lb | 318.80 $/T | 14.46 cts/lb |
| 15-Aug-19 | 12.38 cts/lb | 12.56 cts/lb | 318.40 $/T | 14.44 cts/lb |
| 14-Aug-19 | 12.35 cts/lb | 12.58 cts/lb | 319.25 $/T | 14.48 cts/lb |
| 13-Aug-19 | 12.47 cts/lb | 12.61 cts/lb | 321.90 $/T | 14.60 cts/lb |
| 12-Aug-19 | 12.35 cts/lb | 12.62 cts/lb | 318.90 $/T | 14.47 cts/lb |
| 9-Aug-19 | 12.64 cts/lb | 12.62 cts/lb | 323.60 $/T | 14.68 cts/lb |
| 8-Aug-19 | 12.23 cts/lb | 12.60 cts/lb | 315.25 $/T | 14.30 cts/lb |
| 7-Aug-19 | 12.15 cts/lb | 12.60 cts/lb | 313.10 $/T | 14.20 cts/lb |
| 6-Aug-19 | 12.47 cts/lb | 12.63 cts/lb | 321.30 $/T | 14.57 cts/lb |
| 5-Aug-19 | 12.56 cts/lb | 12.65 cts/lb | 322.75 $/T | 14.64 cts/lb |
| 2-Aug-19 | 12.74 cts/lb | 12.66 cts/lb | 327.95 $/T | 14.88 cts/lb |
| 1-Aug-19 | 12.85 cts/lb | 12.68 cts/lb | 330.10 $/T | 14.97 cts/lb |

Source: www.isosugar.org

သကြားဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် စိုက်ပျိုးရေး ဦးစီးဌာန၊ သကြားထွက်သီးနှံဌာနခွဲအနေဖြင့် လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ကြံရာသီတွင် ကြံသီးနှံမျိုးကောင်းမျိုးသန့်များနှင့် ခေတ်မီအထွက်တိုးနည်းပညာ ဖြန့်ဖြူးရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သကြားထွက်သီးနှံဌာနခွဲမှ သိရှိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များတွင် ကြံသီးနှံစိုက်ဧကနှင့် အထွက်နှုန်းတိုးတက်ရေးအတွက် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ကြံအထွက်နှင့် သကြားအထွက်နှုန်းမြင့်မား၍ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိသည့် ကြံမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးနိုင်ရန်၊ ခေတ်မီစိုက်ပျိုးနည်းပညာများကို တောင်သူများအသုံးပြုလာစေရန်နှင့်

စာမျက်နှာ ၁၇ သို့

Vol: 19, No.32 Monday August 26 2019

**စာမျက်နှာ (၈) စပါးများကို အရည်အသွေး . . . မှအဆက်**

လုံးပိန်လုံးညှပ်ပါဝင်ခွင့်ကို စပါးအုပ်စုအားလုံးတွင် သုံးရာခိုင်နှုန်း တစ်ပြေးညီ သတ်မှတ်ထားပါသည်။ ဆန်ဝါဆန်ရောင်ပျက်သည် ယခင်ကာလာ ဆော့တာများ အသုံးပြုနိုင်မှုနည်းပါးစဉ်က အလွန်သတိထားရသော အချက်တစ်ခုဖြစ်ပါသည်။ စပါးဒိုင်များတွင် ပိုက်ရိုက်သည်ဟူသော အလေ့အထတစ်ခုကို ပြုလုပ်ထားရပြီး၊ အဆိုပါမီးသတ်ပိုက်ဖြတ်စကို တစ်ဖက်ပိတ်ပြီး အခြားတစ်ဖက်ကို လက်ဖြင့်စုကိုင်ကာ ခေါင်းပေါ်တွင် အင်္ဂလိပ်အက္ခရာကြူပုံမျိုးရစ်ရသည့် ပုံကို ပြောင်းပြန်လှည့်ပြီး ကျောက်သား၊ ကျောက်တုံးများတွင် ရိုက်ရပါသည်။ အချက် ၂၀ ခန့်ရိုက်လျှင် ဆန်အရောင်အသွေးကိုမြင်ရသည့် ဆန်ဖြူကိုရပါသည်။ အဆိုပါဆန်ကိုကြည့်ပြီး ဆန်နီပါဝင်မှု၊ ဆန်ဝါရောင်ပျက်ပါဝင်မှုများကို စစ်ဆေးရပါ သည်။ ဆန်ဝါရောင်ပျက်များမှာ အာဖလာတောက်ဆင်ခေါ် မှိုဆိပ်တစ်မျိုးကြောင့် အရောင်ပြောင်းခြင်းဖြစ်သဖြင့် အထူးသတိပြုသင့်သော အရည်အသွေးတစ်ခုလည်းဖြစ်ပါသည်။ ဆန်ဝါနှင့် ဆန်ရောင်ပျက်ကို အစိုဓာတ်နှင့် ဆက်နွယ်သဖြင့် ကာလခွဲခြားကန့်သတ်ထားပြီး၊ စပါးအုပ်စု ခြောက်အုပ်စုလုံး၏ ရိုးရိုးစပါးအမျိုးအစားတွင်သာ အောက်တိုဘာလမှ ဇွန်လကုန်ဆုံးသည်အထိကို သုံးရာခိုင်နှုန်း၊ ဇူလိုင်လနှင့် နောက်ပိုင်းကာလကို ခြောက်ရာခိုင်နှုန်းခွင့်ပြုထားပြီး၊ မျိုးသန့်နှင့် ပထမတန်း မျိုးသန့်စပါးများကို ဝယ်ယူရာတွင် တစ်နှစ်ပတ်လုံး ခွင့်မပြုသည်ကို တွေ့ရသည်။ မျိုးသန့်နှင့် ပထမတန်းမျိုးသန့်စပါးများတွင် ဆန်ဝါရောင်ပျက်သည် သတ်မှတ်ထားသည့် အတိုင်းမဟုတ်ဘဲ ပါဝင်လာပါက ပါဝင်သည့်ရာခိုင်နှုန်းအလိုက် မျိုးသန့်မှ ရိုးရိုးသို့လည်းကောင်း၊ ပထမတန်းမျိုးသန့်မှ မျိုးသန့်သို့လည်းကောင်း လျှော့ချသတ်မှတ်ဝယ်ယူရသည်။

**လက်ရှိကာလ**

လက်ရှိကာလ စပါးဝယ်ယူရာတွင် စပါးအမျိုးအစားအလိုက် အဓိကဝယ်ယူသူသည် ဆန်စက်ပိုင်ရှင်များဖြစ်ကြသည်။ ဆန်စက်ပိုင်ရှင်များသည် အဓိကအားဖြင့် အဖျင်းအမှော် ဖုံ၊ သဲ၊ ခဲနှင့် အစိုဓာတ်တို့ကို အလေးထား စစ်ဆေးတတ်သော်လည်း၊ ဆန်ဝါရောင်ပျက်ဆိုလျှင် ကာလာဆော့ တာဖြင့်သာ ဆန်ဖြစ်မှဖယ်ထုတ်ရန်အားသန်တတ်ကြပါသည်။ ဆန်ဝါရောင်ပျက်သည် မှိုဆိပ်ကြောင့်ဖြစ်သည် ဆိုသော်လည်း စပါးအဆိုဓာတ်ကြောင့် အဓိကဖြစ်သည့်အပြင် ချက်ချင်း ဆန်အဝါရောင်သို့ မပြောင်းဘဲ ကြိတ်ခွဲပြီး အချိန်ကြာမှလည်း ပြောင်းလဲတတ်ပါသည်။ အဆိုပါ မှိုဆိပ်ပါသော ဆန်ဝါများကိုစားပါက အသည်းရောဂါ၊ ကင်ဆာရောဂါများ ဖြစ်ပွားနိုင်ကြောင်း သိရသဖြင့် အထူးသတိထားရမည့် အရည်အသွေး တစ်ရပ်၊ စပါးဝယ်ယူရာတွင် အထူးသတိထားသင့်သည့် အရည်အသွေးတစ်ရပ်ဖြစ်ပါသည်။ ထို့ပြင် လုံးပိန်လုံးညှပ်များ၊ ဆန်နီပါဝင်မှုများကိုလည်း သတ်မှတ်ချက်များထားပြီး ဝယ်ယူခြင်းမျိုးဆောင်ရွက်ပါက ဆန်ကြိတ်ခွဲထွက်နှုန်း ကောင်းမွန်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း ၊ ဆန်အရည်အသွေး ပိုင်းတွင် ထပ်မံပြုပြင်ရမှုနည်းပါးသဖြင့် ထပ်ဆင့် ကုန်ကျစရိတ်နည်းပါးခြင်း၊ ဆန်အရည်အသွေး ကျဆင်းမှု နည်းပါးခြင်း စသည့်အားသာချက် အများအပြားကို ရရှိစေပြီး ငွေကြေးရင်းနှီးမြှုပ်နှံရမှုနှင့် ကုန်ကျစရိတ်များကို လျှော့ချသွားနိုင်မည်ဖြစ်ပါသဖြင့် ဆန်စပါးအသင်းချုပ်ကဲ့သို့ အသင်းကြီးက စပါးဝယ်ယူရာတွင် လိုက်နာဆောင်ရွက်သင့်သော အချက်များ၊ အရည်အသွေးသတ်မှတ်ချက်များကို ထုတ်ပြန်ပြီး ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော် လေလွင့်မှု၊ နိုင်ငံတော်၏ဆုံးရှုံးမှု ဟု ပင်ခေါ် ဆိုနိုင်မည့် စပါး အရည်အသွေးညံ့ဖျင်းမှုကို ကျော်လွှားပြီး ကောင်းမွန်သော ဆန်အရည် အသွေးရှိသည့် ဆန်များကြိတ်ခွဲနိုင်ပြီး မြန်မာ့ဆန်ဟု နိုင်ငံတကာဆန်လောကတွင် ရဲရဲဝံ့ဝံ့ လက်မထောင်နိုင်မည်ဟု ထင်မြင်မိပါကြောင်း တင်ပြအပ်ပါသည်။

♦

**စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်**

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၉၅၀၊ ဒီဇယ် တစ်ဂါလန်လျှင် ၅၁၇၅ ကျပ်၊ ဟားခါးမြို့တွင် ဓာတ်ဆီတစ်ဂါ လန်လျှင် ကျပ် ၄၅၈၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၅၁၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၀၀၀၊ ပုသိမ်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၆၅၀၊ ဒီဇယ်တစ်ဂါလန်လျှင်ကျပ် ၄၀၀၀နှင့် ပဲခူးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၆၁၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၄၁၄၅ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင်ကျပ် ၈၉၀၊ ပရီမီယမ်ဒီဇယ်တစ်လီတာလျှင် ကျပ် ၉၀၀၊ အောက်တိန်း-92 တစ်လီတာလျှင် ၇၉၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၈၈၅ ကျပ်ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းအတက်အကျ အနည်းငယ်ဖြစ်ပေါ်နေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

# GAP စနစ်ဖြင့် စိုက်ပျိုးသော နှမ်းသီးနှံများ ပေါက်ဈေးထက် ဈေးပိုမိုပေးဝယ်ယူမည်

မကွေးတိုင်းဒေသကြီးအတွင်း (NAG) ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့သည် တိုင်းဒေသကြီးတောင်သူဖွံ့ဖြိုးရေးအဖွဲ့နှင့် ပူးပေါင်းပြီး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများစနစ်ဖြင့် နှမ်းသီးနှံများကို စိုက်ပျိုးလျက်ရှိရာ မကွေးမှ နတ်မောက်မြို့သို့သွားရာ လမ်းတစ်လျှောက်နှင့် နေပြည်တော် (GAP) သို့ သွားရာလမ်းတစ်လျှောက်တွင် နှမ်းများ အထူးကောင်းမွန်လျက်ရှိသည်။

သို့သော် မကွေးမှ ရေနံချောင်းမြို့သို့သွားရာ လမ်းတစ်လျှောက်တွင် နှမ်းများ မိုးလိုသဖြင့် ပျက်စီးခဲ့ကြောင်း သိရှိရသည်။

ယခုနှစ် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသောနှမ်းများအား လာရောက်ရောင်းချသော တောင်သူများကို ကာလပေါက်ဈေးထက်ပိုမို၍ နှမ်းသီးနှံအရည်အသွေးပေါ် မူတည်၍ အဆင့်များ သတ်မှတ်ကာ နှမ်း ၁၅ ပိဿာတစ်တင်းလျှင်(A) အဆင့်ကို ကျပ် ၅၀၀၀၊ (B)အဆင့်ကို ကျပ် ၃၀၀၀၊ (C) အဆင့်ကို ကျပ် ၂၀၀၀ နှုန်းတို့ဖြင့် ထပ်ဆောင်းပေးကာဝယ်ယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**လှမိုးခိုင်(ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**

# သား/ငါး ဈေးနှုန်းများ အနည်းငယ်မြင့်တက်

ပဲခူးတိုင်းဒေသကြီး(အနောက်) သာယာဝတီခရိုင်အတွင်း ဩဂုတ်လ ဒုတိယပတ်အတွင်း အသား၊ ငါး ဈေးနှုန်းများ အနည်းငယ် မြင့်တက်လာခဲ့သည်။ ငါးမြစ်ချင်းဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၄၀၀၀ မှ ၄၅၀၀ ခန့်အထိ ငါးကြင်းတစ်ပိဿာလျှင် ကျပ် ၅၀၀၀ ခန့်မှ ၆၀၀၀ ခန့်အထိ၊ ပုစွန်တုပ်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ ခန့်မှ ၁၅၀၀၀ ခန့်အထိ ဈေးနှုန်းများမြင့်တက်လာသည်။

**ဝေဝေဖြိုး(သာယာဝတီ)**

# ဂေါ်ဘာတင်ပို့မှု လျော့ကျခဲ့သည့် ရက်သတ္တပတ်



ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ တစ်သန်းကျော်တန်ဖိုးရှိ ရော်ဘာ တန်ချိန် ၈၀၀ ကျော် တင်ပို့ခဲ့သည်။ ယခုတစ်ပတ်ရေကြောင်းမှ တရုတ်၊ မလေးရှားနှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့ပြီး တရုတ်နိုင်ငံသို့ Synthetic ရော်ဘာ အမျိုးအစားတန်ချိန် ၅၀၀ ကျော်၊ အိန္ဒိယနိုင်ငံသို့ MSR-20 အမျိုးအစား တန်ချိန် ၂၀၀ ကျော်နှင့် မလေးရှားနိုင်ငံသို့ ရော်ဘာ MSR-20 အမျိုးအစား တန်ချိန် ၁၀၀ ကျော် တင်ပို့ ခဲ့ ကြောင်း သိရသည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၆၀၀ ကျော် လျော့ကျခဲ့သည်။ ယခုတစ်ပတ်တွင် နိုင်ငံတကာရော်ဘာဈေး အတက်အကျ သိပ်မရှိကြောင်း သိရသည်။

**ယဉ်ယဉ်အေး**

**စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်**

မြစ်ဝကျွန်းပေါ် ဒေသထွက် မြောင်းမြပေါ် ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၄၄၀၀၀-၄၅၀၀၀၊ ဖျာပုံပေါ် ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၄၂၀၀၀-၄၂၅၀၀၊ ဘိုကလေးပေါ် ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၃၆၀၀၀-၃၈၀၀၀၊ ပေါ်ကျွဲဆန် တစ်အိတ်လျှင် ကျပ် ၂၉၀၀၀၊ ရက် ၉၀ ဆန်ကြမ်းတစ်အိတ်လျှင်ကျပ် ၂၂၀၀၀၊ သီးထပ်ဆန်ကြမ်း တစ်အိတ် လျှင်ကျပ် ၂၁၅၀၀၊ ဆင်းသုခဆန်ကြမ်း တစ်အိတ်လျှင် ကျပ် ၂၅၀၀၀၊ ပခန်းဆန်ကြမ်းတစ်အိတ်လျှင်ကျပ် ၂၅၀၀၀၊ ဖန်သီးသုခဆန်ကြမ်း တစ်အိတ်လျှင်ကျပ် ၂၆၀၀၀ အသီးသီးပေါက်ဈေးရှိကြောင်း ဘုရင့်နောင်ဈေးကွက်အတွင်းမှ သိရှိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များ အရ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဩဂုတ် ၁၆ ရက်မှ ၂၂ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၁၆.၈.၂၀၁၉ | ၁၉.၈.၂၀၁၉ | ၂၀.၈.၂၀၁၉ | ၂၁.၈.၂၀၁၉ | ၂၂.၈.၂၀၁၉ |
| ၁ | ရက်(၉၀) | 90(Raw) | ၂၁၃၀၀ | ၂၀၈၀၀ | ၂၀၇၀၀ | ၂၀၇၀၀ | ၂၀၇၀၀ |
| ၂ | ရက်(၉၀) | 80(Raw) | ၂၀၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| ၃ | သီးထပ် | 90(Raw) | ၂၀၂၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| ၄ | သီးထပ် | 80(Raw) | ၁၉၇၀၀ | ၁၉၃၀၀ | ၁၉၂၀၀ | ၁၉၂၀၀ | ၁၉၂၀၀ |
| ၅ | ညှော့မထ | 70(Raw) | ၁၈၇၀၀ | ၁၈၇၀၀ | ၁၈၇၀၀ | ၁၈၇၀၀ | ၁၈၇၀၀ |
| ၆ | ညှော့မထ | 65(Raw) | ၁၈၄၀၀ | ၁၈၄၀၀ | ၁၈၄၀၀ | ၁၈၄၀၀ | ၁၈၃၀၀ |
| ၇ | ကရင်မ | 90(Raw) | ၂၀၀၀၀ | ၁၉၈၀၀ | ၁၉၈၀၀ | ၁၉၈၀၀ | ၁၉၈၀၀ |
| ၈ | ကရင်မ | 80(Raw) | ၁၉၈၀၀ | ၁၉၈၀၀ | ၁၉၈၀၀ | ၁၉၈၀၀ | ၁၉၅၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော ညှော့မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့နှင့် ဟားခါးမြို့တို့တွင် ညှော့မထဆန် တစ်ပြည်လျှင်ကျပ် ၂၁၀၀၊ လွိုင်ကော် မြို့တွင်ကျပ် ၂၀၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ်ပေါ် ခဲ့ပြီး စစ်တွေမြို့ နှင့်မြိတ်မြို့တို့တွင် ညှော့မထဆန်တစ်ပြည်လျှင်ကျပ် ၁၁၀၀၊ မော်လမြိုင်မြို့တွင် ကျပ် ၁၀၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိရ သည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်း မှာယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ၂ ဒသမ ၆၈ ရာခိုင်နှုန်းဈေးကျဆင်းခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လ တတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်သည်။

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်း. . . မှအဆက်

ကြံစိုက်ဧကနှင့် အထွက်နှုန်း တိုးတက်စေရန်တို့အတွက် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် သုတေသနနှင့် မျိုးသန့်ခြံများကထုတ်လုပ်သည့် ကြံမျိုးကောင်းမျိုးသန့်များကို တစ်ဧကနှင့် အထက်စိုက်ပျိုးရန် ကြံမျိုးဝယ်ယူအသုံးပြုပါက Ethrel နှင့် မြေဩဇာအခမဲ့ထည့်သွင်းပေးခြင်းအပြင် နည်းပညာအကူအညီများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျောညီထွေမှုရှိသည့် စိုက်ပျိုး နည်းစနစ်ကို လက်တွေ့ပြသစိုက်ပျိုးပေးခြင်းနှင့် Ethrel အခမဲ့ ထည့်သွင်းပေးခြင်းသည် ကြံသီးနှံ စိုက်ပျိုးထွက်ရှိမှုအပေါ် အကျိုးရှိစေမည်ဖြစ်ပြီး ကြံသီးနှံတွင် အပင်ပေါက် ရာခိုင်နှုန်းကောင်းစေခြင်း၊ ရင့်မှည့်မှုစောခြင်း၊ ပန်းပွင့်မှုလျော့နည်းစေခြင်း၊ ကြိတ်ဝါးရာသီနောက်ပိုင်းတွင် ကြံအရည်အသွေးမကျစေခြင်းတို့ကို ရရှိစေမည်ဖြစ်ကြောင်း သကြားထွက်သီးနှံ ဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ရည်မွန်က ပြောကြားခဲ့သည်ကို သိရှိရသည်။

ထို့နောက် ကြံသုတေသနခြံများအနီးဝန်းကျင်ရှိ တောင်သူများအနေနှင့် ၁၀ ဧကနှင့်အထက် စိုက်ပျိုးရန် ကြံမျိုးဝယ်ယူအသုံးပြုပါက ကြံစိုက်စက်ဖြင့် ဌာနမှ အခမဲ့စိုက်ပျိုးပေးမည်ဖြစ်ပြီး မြေဩဇာ အပါအဝင် နည်းပညာများလည်း ကူညီပေးမည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ်တတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၈၁ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၃၂၊ ပါကစ္စတန်နိုင်ငံတွင် တစ် တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၄၇-၄၅၅၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၄၇၂-၅၉၁ ဖြစ်ပြီး ယခင် တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံ များတွင် သကြားဈေးအနည်းငယ် မြင့်တက်လာခဲ့ပြီး ပါကစ္စတန်နိုင်ငံတွင် သကြားဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့ကြောင်း သိရှိရသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၃၀ ဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ်လတတိယပတ်အတွင်း မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၃၁ ရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၈၁ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၅၀ ဒေါ်လာ ဈေးနှုန်း ကွာဟချက်ရှိသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၄ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး တောင်ကြီး၊ ပျဉ်းမနား၊ မော်လမြိုင်နှင့် မန္တလေးမြို့တို့တွင် သကြား တစ် ပိဿာလျှင် ကျပ် ၁၂၀၀၊ ဘားအံမြို့ တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေ ကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် သုည ဒသမ ၄၃ ရာခိုင်နှုန်း ဈေးနှုန်း ကျဆင်းခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

အရောင်းအဝယ်ပြုလုပ်ကြရန် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းချုပ်က ဩဂုတ်လဒုတိယပတ်တွင် ညွှန်ကြားထားသည်ကို သိရှိရသည်။ ညွှန်ကြားချက်များကို လိုက်နာမှုမရှိလျှင် နောက်တစ်ဆင့်အနေဖြင့် ရည်ညွှန်းစာထုတ်ပြန်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့များထံသို့ အမည်စာရင်းပေးပို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်များအသင်းချုပ် တာဝန်ရှိသူများက သတိပေးပြောကြားထားသည်ကို သိရှိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၂ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါ အတိုင်း တွေ့ရှိရသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၈.၂၀၁၉ | ၁၁၄၁၅၀၀ | ၁၄၀၇ |
| ၂ | ၂.၈.၂၀၁၉ | ၁၁၅၀၅၀၀ | ၁၄၃၇ |
| ၃ | ၃.၈.၂၀၁၉ | ၁၁၅၄၅၀၀ | ၁၄၄၁ |
| ၄ | ၄.၈.၂၀၁၉ | ၁၁၅၃၅၀၀ | ၁၄၄၁ |
| ၅ | ၅.၈.၂၀၁၉ | ၁၁၆၈၀၀၀ | ၁၄၅၇ |
| ၆ | ၆.၈.၂၀၁၉ | ၁၁၇၅၀၀၀ | ၁၄၆၄ |
| ၇ | ၇.၈.၂၀၁၉ | ၁၂၀၃၀၀၀ | ၁၄၈၉ |
| ၈ | ၉.၈.၂၀၁၉ | ၁၂၁၇၀၀၀ | ၁၅၀၄ |
| ၉ | ၁၀.၈.၂၀၁၉ | ၁၂၁၂၀၀၀ | ၁၄၉၇ |
| ၁၀ | ၁၁.၈.၂၀၁၉ | ၁၂၁၂၀၀၀ | ၁၄၉၇ |
| ၁၁ | ၁၂.၈.၂၀၁၉ | ၁၂၁၃၀၀၀ | ၁၅၀၅ |
| ၁၂ | ၁၃.၈.၂၀၁၉ | ၁၂၃၇၀၀၀ | ၁၅၃၁ |
| ၁၃ | ၁၄.၈.၂၀၁၉ | ၁၂၂၁၀၀၀ | ၁၅၀၇ |
| ၁၄ | ၁၆.၈.၂၀၁၉ | ၁၂၃၄၀၀၀ | ၁၅၁၉ |
| ၁၅ | ၁၇.၈.၂၀၁၉ | ၁၂၃၀၀၀၀ | ၁၅၁၃ |
| ၁၆ | ၁၈.၈.၂၀၁၉ | ၁၂၃၀၀၀၀ | ၁၅၁၃ |
| ၁၇ | ၁၉.၈.၂၀၁၉ | ၁၂၂၈၀၀၀ | ၁၅၀၀ |
| ၁၈ | ၂၀.၈.၂၀၁၉ | ၁၂၂၉၀၀၀ | ၁၅၀၄ |
| ၁၉ | ၂၁.၈.၂၀၁၉ | ၁၂၂၆၀၀၀ | ၁၅၀၁ |
| ၂၀ | ၂၂.၈.၂၀၁၉ | ၁၂၂၃၀၀၀ | ၁၄၉၇ |

Source: estimate of world's exchange rate and gold price page

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Econo- mic Indicator (%) ဖော်ပြချက်များအရ GDP Growth ၆ ဒသမ ၅၀ရာခိုင်နှုန်း၊ Annual Rate of Inflation ၈ ဒသမ ၀၈ ရာခိုင်နှုန်း၊ Year on Year Inflation ၉ ဒသမ ၅၁ ရာခိုင်နှုန်းရှိသည်ကို လေ့လာသိရှိရသည်။

အမေရိကန်ဒေါ်လာသည် ငွေကြေးလဲလှယ်မှုတွင် အဓိက အရေးပါနေဆဲဖြစ်ပြီး ရှမ်းပြည်နယ် မြောက်ပိုင်း တိုက်ပွဲအခြေအနေများကြောင့် မြန်မာ-တရုတ် နှစ်နိုင်ငံကုန်စည်စီးဆင်းမှု ယာယီရပ်တန့်ပြီးနောက် ရက်ပိုင်းအတွင်း ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးအနည်းငယ် ပြန်လည် မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။ တိုက်ပွဲများ စတင်ခဲ့သည့် ဩဂုတ် ၁၅ ရက်တွင် ပြည်တွင်းပြင်ပငွေကြေးဈေးကွက်၌ တစ်ဒေါ်လာလျှင် ၁၅၁၆ ကျပ်ဖြင့် ဈေးဖွင့်ခဲ့သော်လည်း ဩဂုတ် ၂၀ ရက်တွင် တစ်ဒေါ်လာ လျှင်၁၅၂၄ ကျပ်သို့ မြင့်တက်လာပြီး တစ်ပတ်အတွင်း တစ်ရာခိုင်နှုန်းခန့် မြင့်တက်လာခြင်းဖြစ်ကြောင်း သိရှိရသည်။ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းလျှော့ချမှုကြောင့် နိုင်ငံတကာငွေကြေး ဈေးကွက်တွင် ဒေါ်လာတန်ဖိုးကျဆင်းခဲ့သည်ကို တွေ့ရှိရသော်လည်း ပြည်တွင်းအခြေအနေက ပြောင်းပြန်ဖြစ်နေကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့က သုံးသပ်ပြောကြားကြသည်။

တိုက်ပွဲများကြောင့် တစ်ရက်လျှင်ပို့ကုန်ဒေါ်လာ ၁၅ သန်းခန့် တန်ဖိုးရှိသော မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး ငါးရက်ခန့် ယာယီရပ်တန့်နေချိန်တွင် ပြည်တွင်း ပြည်ပငွေကြေး ဈေးကွက်သို့ ဒေါ်လာအဝင်နည်းသဖြင့် ဒေါ်လာတန်ဖိုး အနည်းငယ် မြင့်တက်လာခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းများတင်ပို့ရောင်းချရာတွင် ယွမ်ငွေဖြင့် ရောင်းချသော်လည်း ရရှိသောငွေများကို ဒေါ်လာဖြင့် ပြန်လည်လဲလှယ်ကာ ဟောင်ကောင်နှင့် စင်ကာပူနိုင်ငံရှိ ဘဏ်များမှတစ်ဆင့် ပြည်တွင်းသို့ ပြန်လည်လွှဲပို့ရခြင်းကြောင့် တရုတ်နှင့်ကုန်သွယ်ရေး၌ ဒေါ်လာက အရေးပါနေခြင်းဖြစ်ကြောင်း၊ ပြည်တွင်းဒေါ်လာဈေးမြင့်တက်လာခြင်းမှာ နယ်စပ်မှပို့ကုန်ယာယီစီးဆင်းမှု ရပ်တန့်သွားခြင်းကြောင့် ဒေါ်လာစီးဝင်မှုနည်းလာခြင်းကြောင့်ဖြစ်ကြောင်း မြန်မာနိုင်ငံမော်တော်ယာဉ်တင်သွင်းထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ အသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောကြားခဲ့သည်။ နိုင်ငံတကာငွေကြေးဈေးကွက်တွင်မူ ရွှေဈေးမြင့်တက်ပါက ဒေါ်လာ တန်ဖိုးမှာကျဆင်းလေ့ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ပြောကြားခဲ့သည်ကို သိရှိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၁၅ ရက်မှ ၂၂ ရက်အထိ ရက်အလိုက် ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဩဂုတ် ၁၅ ရက်တွင်တစ်ဒေါ်လာလျှင် ၁၅၁၆ ဒသမ ၆၀ ကျပ်ရှိခဲ့ရာမှ ဩဂုတ် ၂၂ ရက်တွင်ကျပ် ၁၅၂၀ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း သုည ဒသမ ၂၂ ရာခိုင်နှုန်း ပြန်လည်မြင့်တက်လာခဲ့သည်ကို လေ့လာတွေ့ရှိရ သည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရဩဂုတ် ၁ ရက်မှ ၂၂ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်းတန်ဖိုးများကို အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိပြင်ပဒေါ်လာငွေကြေးဈေးကွက်ကို လေ့လာရာတွင် ဩဂုတ် ၁၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၆ ကျပ်၊ ဩဂုတ် ၁၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၉ ကျပ်၊ ဩဂုတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် တစ်ဒေါ်လာလျှင် ၁၅၂၄ ကျပ်၊ ဩဂုတ် ၂၁ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၂ ကျပ်၊ ဩဂုတ် ၂၂ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၀ ကျပ် အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

| တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁၅–၈–၁၉ | ၁၆–၈–၁၉ | ၁၉–၈–၁၉ | ၂၀–၈–၁၉ | ၂၁–၈–၁၉ | ၂၂–၈–၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
| ၁ | Myanmar | kyat | ၁၅၁၆.၆ | ၁၅၂၁.၂ | ၁၅၂၂.၀ | ၁၅၂၃.၉ | ၁၅၂၂.၇ | ၁၅၂၀.၀ | ၀.၂၂ | ⬆ |
| ၂ | Thai Baht | THB | ၃၀.၈၇၅ | ၃၀.၈၉၅ | ၃၀.၈၆၅ | ၃၀.၈၂၅ | ၃၀.၇၇၅ | ၃၀.၇၇၅ | -၀.၃၂ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၈၉ | ၁.၃၈၈ | ၁.၃၈၅ | ၁.၃၈၆ | ၁.၃၈၄ | ၁.၃၈၆ | -၀.၂၂ | ⬇ |
| ၄ | Malaysian Ringgit | MYR | ၄.၁၉၃ | ၄.၁၈၂ | ၄.၁၇၇ | ၄.၁၈၃ | ၄.၁၇၉ | ၄.၁၈၅ | -၀.၁၉ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၄၂၆၇ | ၁၄၂၃၅ | ၁၄၂၃၅ | ၁၄၂၆၅ | ၁၄၂၄၀ | ၁၄၂၃၅ | -၀.၂၃ | ⬇ |
| ၆ | Chinese Yuan | CNY | ၇.၀၃၀ | ၇.၀၄၀ | ၇.၀၄၆ | ၇.၀၆၄ | ၇.၀၆၆ | ၇.၀၈၈ | ၀.၈၃ | ⬆ |
| ၇ | Indian Rupee | INR | ၇၁.၃၁၉ | ၇၁.၁၈၀ | ၇၁.၄၅၉ | ၇၁.၇၆၀ | ၇၁.၄၃၈ | ၇၁.၉၀၈ | ၀.၈၃ | ⬆ |
| ၈ | Japanese Yen | JPY | ၁၀၆.၀၆၃ | ၁၀၆.၃၁၈ | ၁၀၆.၅၉၈ | ၁၀၆.၄၂၅ | ၁၀၆.၅၂၇ | ၁၀၆.၃၉၈ | ၀.၃၂ | ⬆ |
| ၉ | Australian Dollar | AUD | ၁.၄၇၆ | ၁.၄၇၄ | ၁.၄၇၇ | ၁.၄၇၆ | ၁.၄၇၃ | ၁.၄၇၈ | ၀.၁၄ | ⬆ |
| ၁၀ | Euro | EUR | ၀.၈၉၇ | ၀.၉၀၂ | ၀.၉၀၁ | ၀.၉၀၃ | ၀.၉၀၁ | ၀.၉၀၁ | ၀.၄၅ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၈၂၈ | ၀.၈၂၃ | ၀.၈၂၅ | ၀.၈၂၇ | ၀.၈၂၃ | ၀.၈၂၃ | -၀.၆၀ | ⬇ |

Source– Central Bank of Myanmar

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး မြန်မာကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်ချီးမြှင့်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဩဂုတ် ၂၄ ရက်က ရန်ကုန်မြို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံးတွင် ပြုလုပ်သော မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (Myanmar Inspection & Testing Services Ltd -MITS) ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တက်ရောက်ချီးမြှင့်ခဲ့သည်။



အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊ မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် ဘုတ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ခဲ့ကြသည်။

"မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်ဟာ ပို့ကုန် သွင်းကုန် လုပ်ငန်းများမှာ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုတွေအပေါ် စမ်းသပ်စစ်ဆေးမှု လုပ်ငန်းတွေကို စီးပွားရေးဆန်ဆန် ဆောင်ရွက်ပေးနိုင်ရန် ဖွဲ့စည်းထားတဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းတစ်ခုဖြစ်ပြီး ယခုအခါ သက်တမ်း ၂၈ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၈ နှစ် သက်တမ်းအတွင်းမှာ MITS ရဲ့ ဝန်ဆောင်မှုတွေကို အားပေးခဲ့ကြတဲ့ ဖောက်သည်တွေကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ဖောက်သည်တွေရဲ့ အားပေးမှုနဲ့ MITS ဟာ ရှင်သန်ခဲ့တာဖြစ်ပြီး ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ရန် ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို MITSအုပ်ချုပ်မှုဒါရိုက်တာ ဦးတိုးအောင်မြင့်က ဖတ်ကြားတင်သွင်း အတည်ပြုခဲ့ပြီး စာရင်းစစ် အစီရင်ခံစာကိုလည်း ဖတ်ကြားအတည်ပြုခြင်း၊ အ မြတ်ဝေစုခွဲဝေမှု အတည်ပြုခြင်းတို့အပြင် ၂၀၁၉ ခုနှစ်၊ ဧပြီ ၁ ရက်မှစက်တင်ဘာ ၃၀ ရက် အထိ ဒါရိုက်တာအဖွဲ့ဝင်များ ပြင်ဆင်ဖွဲ့စည်းရွေးချယ်ခြင်းနှင့် အမည်စာရင်းကို ဖတ်ကြားခြင်း၊ စာရင်းစစ် ငှားရမ်းခြင်းကို အတည်ပြုခြင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစု ကျပ်သန်း ၅၀အား စားသုံးရေးရာဦးစီးဌာနမှ ရှယ်ယာအဖြစ် ပြန်လည်ဝယ်ယူရန် အတည်ပြုခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး ဦးအောင်ထူး၊ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊ MITS ဥက္ကဋ္ဌ ဦးမြင့်လွင်တို့က ထူးချွန်ဝန်ထမ်းနှင့် လုပ်ငန်းအများဆုံး အပ်နှံခဲ့သည့် ကုမ္ပဏီငါးခုကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ပိတ်သိမ်းခဲ့သည်။

**သန်းထိုက်အောင်**

SAW
Shwe Academy
ပဲမျိုးစုံ
နှင့်
ငါးမျိုးစုံရောင်းဝယ်ရေး
Add : No.6, 138 Street, Tawme Township, Yangon, Myanmar.
Ph : 095150340, 09955150340

林 炳 燦
KYAW AUNG @ LIM PAIN CHUN
MANAGING DIRECTOR
KYAW ELEVEN TRADING CO.,LTD

OFFICE
No.11, 11th Street, Ward 5, Lanmadaw Township, Yangon, Myanmar.
Tel : 222549, 211683
Hd,Ph : 09-5000696, 09-5184839
Fax : 227396
KYAW TRADING HOUSE
A91, Gant Gaw 2nd Street, Bayint Naung
Tel : 3680395
WARE HOUSE
No.18(B), Min Thit Htief Kyaw Swar Street, Industrial Zone(2), Shwe Pyi Thar.
Tel : 09-261200538 Email : kyaweleven@gmail.com


ATLANTIC
GREASE
LUBRICANTS
OZONE
Special Engine Oil
SYNTHECH
ULTRA POWER LL III C3
LONG LIFE TECHNOLOGY FOR MAXIMUM PERFORMANCE
APPROVED BY: MB 229.31/ 229.51, PORSCHE C30, VW 504 00/ 507 00
Authorized Distributor in Myanmar
No. A1, 11-05, Bo Myat Tun Tower,
Maharbandoola Road, Botahtaung Township,
Yangon
Tel: +95-9-95 250 8555


SUPREMACY CO,LTD
ELECTRICAL AND MECHANICAL
& CONSTRUCTION
OUR SERVIECES
Land Surveying
Concrete Piling
Architecture Design
Structural Design
MEP Design & Installation
Construction Project Management
External Water Supply System
Waste Water Treatment
M&E Building Services
Electrical Power System
Other engineering related services
Address : No. (677), A-Quarter, Nwethargi 1st Street, North Okkalapa Township, Yangon.
Tel : (951) 9691713, (951) 9691707, (959) 250401633.
Ph : (959) 5005265, (959) 5322286, (959) 5195852, (959) 43042485.
Email : supremacy1516@gmail.com. www.supremacyengineering.com
EATON
EATON-SUPREMACY MYANMAR
ELECTRICAL GOODS SALES
Any type of Circuit Breakers
Capacitor Banks
LED
Other Related Materials
Address : No. (54), Industrial 4st Street, Myint Thar Nyunt Ward, Tamwe Township, Yangon.
Tel : (959) 454503060
Ph : (959) 5322286, (959) 777449192.
Email : sales.supremacy04@gmail.com. www.facebook.thurazawsupremacy.com


Parts United Group
trust reliable unity to your business
DOOSAN
HYUNDAI
VOLVO
TRACK LINK
Head Office
370/371, Corner Of Bayintnaung Road & Kha-9 Street (infront of Myothit Market),
Insein Township, Yangon,
Tel : 09-250675966, 09-401823343, 09-73198405
Branch Office (1)
Myawady Road, Pwegone Ward, Shwekyin Township,
Tel : 09-445465294, 09-441915875
Branch Office (2)
Belin Pharpon Road, Sayar San Ward, Belin Township, Mon State.
Tel : 09-251411441


CHEMICAL
TRADITION
LIFESTYLE
LOS ANGELES
GUYS
CHEMICAL GUYS
AUTHORIZED DISTRIBUTOR
MAD
Maximus Authentic Distribution Co.,Ltd.
NO.(21/21-A), CORNER OF AUNG ZEYA ROAD &
MIN YE KYAW SWAR STREET, WARD (14), YANKIN TSP,
YANGON, MYANMAR.
Ph: +95 9 777 381 000, +95 9 777 382 000,
+95 9 777 383 000
www.facebook.com/MADdetailgerage www.madmyanmar.com

# ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲမှ စကားသံများ



ဇင်မျိုးမော် (ရွှေဘို)

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ဩဂုတ် ၂၀ ရက်က ဒီပဲယင်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီဌာနက ပြုလုပ်သည့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲမှ စကားသံများကို ဖော်ပြလိုက်ပါသည်။

### ဦးအောင်မောင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန)

ဒီပဲယင်းဟာ စပါးထွက်တဲ့ဒေသဖြစ်တဲ့အတွက် ဘယ်လိုကူးသန်းရောင်းဝယ်မလဲ။ ဘယ်လိုကြိတ်ခွဲထုတ်လုပ်ကြမလဲ။ အဲဒီလိုကြိတ်ခွဲထုတ်လုပ်နိုင်အောင် ဘယ်လိုလုပ်ကြမလဲ။ အဲဒီလိုလုပ်တဲ့အခါမှာ ဘယ်သူတွေပါဝင်မလဲ။ ဘယ်သူတွေကတော့ ဘယ်အပိုင်းမှာ ပါဝင်မလဲဆိုတာ ဖော်ထုတ်နိုင်အောင်လို့ ဒီပဲယင်းသားတွေကနေ အခြေခံပြီး စိုက်ပျိုးထုတ်လုပ်တဲ့သူတွေရော၊ ကြိတ်ခွဲထုတ်လုပ်တဲ့သူမယ့်ပုဂ္ဂိုလ်တွေရော၊ တင်ပို့ရောင်းချမယ့်ပုဂ္ဂိုလ်တွေရော၊ မျိုးစေ့ထုတ်မယ့် ပုဂ္ဂိုလ်တွေရော ပါလာပြီးဖြစ်ပါတယ်။ ဒီစစ်ကိုင်းတိုင်းရဲ့ အားသာချက်က ကျန်တဲ့ ဧရာဝတီတိုင်းမှာမရှိတဲ့ မျိုးစေ့ထုတ်တဲ့ လုပ်ငန်းရှင် ပေါ်ထွက်လာပါတယ်။ ဒီပဲယင်းမှာလည်း မြို့နယ် ရွှေဘိုပေါ် ဆန်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဆိုပြီး ဖွဲ့စည်းထားပါတယ်။ ဒီအသင်းတွေကနေပြီးဆက်ပြီး ရွှေဘို ပေါ် ဆန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သလို ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ဖို့ သူတို့မှာတာဝန်ရှိပါတယ်။ဆန်စက်များကလည်း တန် ၄၀၊ ၈၀၊ ၁၀၀ အဆင့်ဆင့် တည်နိုင်အောင် ကြိုးစားသွားဖို့လိုပါတယ်။ ဒါမှလည်း ဒီပဲယင်းဟာ စပါးတင်မဟုတ်ဘဲ ဒီပဲယင်း Brand နဲ့ဆန်ပါထွက်တယ်ဆိုတာမျိုးဖြစ်အောင် ကြိုးစားဖို့ ပါတယ်။

### ဒေါ်နှင်းခိုင်စိုး (တိုင်းဒေသကြီးလွှတ်တော်အမှတ်(၁)ကိုယ်စားလှယ်)

ဒီဒေသဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ ဒေသဖြစ်ပါတယ်။ အသီးအနှံကနေထုတ်လုပ်ပြီး တင်ပို့ရောင်းချတဲ့ ကဏ္ဍထည့်သွင်းပြီး စဉ်စားတာက တစ်ပိုင်း မျိုးကောင်း မျိုးစေ့ရရှိဖို့အတွက်လည်း ထည့်သွင်း စဉ်းစားစေချင်ပါတယ်။ မျိုးကောင်းမျိုးသန့်လိုတာ ပြောနေတာ ၁၉-၂၀ ဘတ်ဂျက်ထဲမှာတောင်မှ တိုင်းဒေသကြီးရဲ့ မျိုးကောင်းမျိုးသန့်အတွက် ဆန်စပါးထုတ်လုပ်ခြင်း မျိုးကောင်းမျိုးသန့်ခြံများလျာထားတာဆောင်ရွက်ထားတဲ့ဘတ်ဂျက် မတွေ့ရပါဘူး။ အောက်ခြေမှာဘတ်ဂျက်ရေးဆွဲတဲ့အခါမှာ ခေါင်းစဉ်ပါမလာတဲ့အတွက် ကျွန်မတို့ အပြည့်အဝထောက်ခံချင်သော်လည်း ထောက်ခံမရ ဖြစ်နေပါတယ်။ အဲဒါတွေကိုလည်း အလေးထား ဆောင်ရွက်ဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

### ဦးကျော်ဝင်း (မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ)

ဆန်စပါးကဏ္ဍတိုးတက်ဖို့ဆိုတာ ဆန်စက်ပိုင်နှင့် လယ်သမားက အရေးကြီးတဲ့အခန်းကဏ္ဍဖြစ်ပါတယ်။ ဆန်စပါးနှင့် ပတ်သက်ပြီးတော့ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်ဟာ နံပါတ်(၁)ဖွံ့ဖြိုး တိုးတက်ဆုံးဒေသဖြစ်ပါတယ်။ မြန်မာတစ်ပြည်လုံးတွင် ဆန်စက်ပေါင်း ၃၀၀၀၀ ကျော်ရှိပါတယ်။ တကယ်တမ်း ခေတ်မီစနစ်တွေနဲ့ လုပ်နိုင်တာကတော့ ရွှေဘိုခရိုင်ပဲ ရှိပါတယ်။ ဆန်စက်လုပ်ငန်းဖွံ့ဖြိုးသလို လယ်သမားတွေလည်း ဖွံ့ဖြိုးစေချင်ပါတယ်။ နေရာတိုင်း နေရာတိုင်းမှာတော့ နိုင်ငံတော်ကို အားကိုးလို့မရပါဘူး။ ကိုယ်ထူကိုယ်ထစနစ်နဲ့ သွားဖို့လည်း လိုပါတယ်။ အဓိကအရေးကြီးဆုံးက မျိုးစေ့ပါ။ ဒီမျိုးစေ့ကို သန့်စင်နိုင်အောင် မျိုးစေ့ကောင်းအောင်လုပ်နိုင်မှ အကျိုးဖြစ်ထွန်းမှာ ဖြစ်ပါတယ်။ ဆန်စက်လုပ်ချင်တယ်ဆိုရင် ၃၀ ရာခိုင်နှုန်း ပေးသွင်းပြီး ၇၀ ရာခိုင်နှုန်းကို အရစ်ကျဘဏ်နဲ့ညှိပြီး ဆောင်ရွက်ပေးလိုရပါတယ်။ လယ်သမားအနေနဲ့လည်း စပါးပေါ် လို ဈေးမကောင်းရင် ဆန်စက်ပိုင်နှင့်ညှိပြီး လယ်ဧကအလိုက် ငွေချေးပေးလို့ရပါတယ်။ အနည်းဆုံး ကျပ်ငါးသိန်းထိရအောင် လုပ်ပေးနိုင်ပါတယ်။ ပြန်လည်ဆပ်တဲ့အခါမှာ သုံးနှစ်ငါးနှစ်နဲ့ ဆပ်နိုင်အောင်လည်း လုပ်ပေးနိုင်ပါတယ်။ ညီညီညာညာနဲ့ ပေါင်းပြီး အကုန်လုံးကောင်းတာလေးတွေပြီး လုပ်ကြမယ်ဆိုရင် မကြာမီအချိန်အတွင်းမှာ သာယာပြည့်ဝဖွံ့ဖြိုးတဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဖြစ်လာမှာဖြစ်ပါတယ်။

### ဒေါ်မင်းမင်းသန်း (စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ)

စိုက်ပျိုးထုတ်လုပ်မှုတိုးတက် မြင့်မားရေးအတွက်ဆိုရင် အထွက်နှုန်းတိုးရမယ်။ ဈေးကွက်ဝင်ပြီး ဘေးကင်းလုံခြုံစိတ်ချရန် လိုပါတယ်။ အရည်အသွေးကောင်းမျိုးတွေ စိုက်ဖို့လည်း လိုပါတယ်။ မျိုးစေ့ထုတ်တောင်သူများအနေဖြင့်လည်း လိုက်နာရမည့်အချက်များကို မှန်ကန်စွာ လိုက်နာစေလိုပါတယ်။

### ဦးကျော်သူသောင်းစိန် (ရွှေဘိုပေါ်ဆန်းစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်း(ဗဟို)ဥက္ကဋ္ဌ)

ကျွန်တော်တို့ဒေသက ဘယ်တိုင်းနဲ့ပြည်နယ်မှမပိုင်တဲ့ ရေမြေသဘာဝရာသီဥတု ပိုင်ဆိုင်ထားတယ်။ မြန်မာနိုင်ငံမှာ ရွှေဘိုပေါ် ဆန်းမွှေး GI လုပ်မယ်ဆိုတဲ့ ကုန်ပစ္စည်းအမျိုးအစားတွေ အများကြီးရှိခဲ့ပါတယ်။ နောက်ဆုံး ဆန်ခါတင် ရွေးချယ်ခံတဲ့အထဲမှာ ရွှေဘိုပေါ် ဆန်းအပါအဝင် ငါးမျိုး အရွေးချယ်ခံခဲ့ရပါတယ်။ ရွှေဘိုပေါ် ဆန်းမွှေး GI ရရှိဖို့ တောင်သူတွေအပေါ် မှ အခြေခံပါတယ်။ GI ရရှိဖို့ဆိုရင် မျိုးစေ့ထုတ်မျိုးပွားရပါမယ်။ မျိုးစေ့ထုတ် လုပ်တင်ပို့ရောင်းချသူများအသင်းကို ဖွဲ့စည်းခဲ့တာ အခုဆိုရင် အသင်းသား နှစ်ဆတိုးတက်လာပါပြီ။ စိုက်ဧကအကျယ်ဆုံးက ဒီပဲယင်းပါပဲ။ သုံးနှစ်အတွင်းမှာ GI ရရှိအောင် ဆောင်ရွက်ပါမယ်။ လာမည့်နှစ်တွင် မျိုးစေ့စထုတ်မယ်။

### ဦးစိုးနိုင် (စစ်ကိုင်းတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒု-တိုင်းဒေသကြီးဦးစီးမှူး)

၂၀၁၆ ခုနှစ်ကစပြီး SME ဖွံ့ဖြိုးတိုးတက်ရေးဆိုပြီး ဖွင့်တာပါ။ တိုင်းဒေသကြီးမှာ SME ကိုးသိန်းကျော်လောက်ရှိတယ်။ တကယ်စိုက်ပျိုးတဲ့ လူက ရှစ်သိန်းကျော်လောက်ရှိတယ်။ SME ထုတ်တဲ့သူတွေကျတော့ သုံးသောင်းလောက်ရှိတယ်။ အရေးကြီးတာတစ်ခုကတော Channel ပေါ့။ Channel ဆိုတာ အဆက်အသွယ်ရအောင် Channel က ကျွန်တော်တို့နိုင်ငံမှာ အားနည်းသေးပါတယ်။ Vibe မသုံးတတ်အောင် E.mail သုံးတတ်အောင် လုပ်ရပါမယ်။ ဒါမှလည်း နိုင်ငံတကာနှင့်ဆက်ဆံတဲ့အခါ လွယ်ကူတယ်။

ဆန်စပါး ရွှေဘိုပေါ် ဆန်းစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ရေဦးမြောင်း လက်တန် DY4 မြောင်းဖျားရှိ လယ်ယာများ ရေပုံမှန်ရရှိရန်၊ အုန်တစ်ပင်ကျေးရွာတွင် အဆင့်မြင့်လယ်ယာ ဖော်ထုတ်လိုသဖြင့် ဆက်သွယ်ဆောင်ရွက်ပေးရန်၊ တောင်သူများ နှစ်ရှည်ချေးငွေ ရယူလိုသဖြင့် ဆက်သွယ်ဆောင်ရွက်ပေးရန်၊ တောင်သူများ စိုက်ပျိုးစရိတ် ချေးငွေ ကျပ်တစ်သိန်းခွဲသာရသောကြောင့် မလုံလောက်၍ ကျပ်လေးသိန်း၊ ငါးသိန်းထိချေးလိုသဖြင့် ဆောင်ရွက်ပေးရန်၊ မျိုးစေ့အရည်အသွေးများ စစ်ဆေးထောက်ခံစနစ်ပီပြင်စွာ ဖော်ထုတ်ပေးရန် စသည့် အချက်များကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။

## ရွှေညောင်မြို့နှင့် အေးသာယာမြို့ရှိ အခြေခံပညာကျောင်းများတွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

စားသုံးသူရေးရာဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်နှင်းအိအောင်နှင့် ဝန်ထမ်းများသည် ဩဂုတ် ၁၉ ရက်တွင် ရွှေညောင်မြို့ အခြေခံပညာ အထက်တန်းကျောင်းနှင့် ဩဂုတ် ၂၀ ရက်တွင် အေးသာယာမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းများ၌ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲဆွေးနွေးများ ကျင်းပခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲများတွင် သက်ဆိုင်ရာ ကျောင်းများရှိကျောင်းအုပ်ဆရာကြီးများက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဒေါ်နှင်းအိအောင်က ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ ၂၀၁၉ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ သိကောင်းစရာများ၊ စားသုံးသူအခွင့်အရေး(၈)ချက်နှင့် စားသုံးသူပြည်သူများအနေဖြင့် နစ်နာဆုံးရှုံးမှုများရှိလာပါက သတင်းပို့တိုင်ကြားနိုင်ရန် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC)၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော ကုန်စည်နှင့်ဝန်ဆောင်မှုများအကြောင်း၊ ကုန်ပစ္စည်းများဝယ်ယူ သုံးစွဲရာတွင် သတိပြုရမည့် အချက်အလက်များ နှင့် စားသုံးသူကာကွယ်ရေးဥပဒေ အခန်း(၁၈) ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်းသည့် သိကောင်းစရာများအား ဟောပြောဆွေးနွေးခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ၊ စားသုံးသူကာကွယ်ရေး ဥပဒေစာအုပ်များကို ပေးအပ်ခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ ဆရာ/ဆရာမများနှင့် ကျောင်းသူ/ကျောင်းသားများ တက်ရောက်ခဲ့ကြသည်။

**အံ့ကျော် (တောင်ကြီး)**

# တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး

# e , þyfvrf;a‖umi;frsm; ကြပ်မတ်ရမည်

| မောင်လွင်ပြင် |

မြန်မာနိုင်ငံတွင် တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံ့စီးပွားရေး ထိခိုက်နစ်နာမှုများရှိနေသည်။ တရားမဝင် ကုန်သွယ်မှုများသည် စားသုံးသူပြည်သူလူ ထုကိုလည်း ထိခိုက်နစ်နာမှုရှိစေသည်။ နိုင်ငံ၏ အခွန်ဘဏ္ဍာကိုလည်း ထိခိုက်နစ်နာလျော့ပါးစေသည်။ ထို့ပြင် တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံအတွင်း အားယူနေဆဲ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMES) ကိုလည်း အင်အား ဆုတ်ယုတ်ကျဆင်းအောင် ဆိုးကျိုးရိုက်ခတ်စေပြန်သည်။ တရားမဝင်ကုန်သွယ်မှုသည် အဘက်ဘက်က ထိခိုက် နစ်နာအောင်သာ ပြုလုပ်နေသည့် နိုင်ငံဖျက်လက်နက် တစ်မျိုးဖြစ်နေသဖြင့် ယင်းကိစ္စကို အပြီးတိုင်သုတ်သင် ချေမှုန်းဖို့လိုသည်။

တရားမဝင်ကုန်သွယ်မှုသည် မြန်မာနိုင်ငံအဖို့ ခေတ်အဆက်ဆက် မသမာမှုလုပ်ငန်းအဖြစ် တည်ရှိခဲ့၏။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကတည်းက မှောင်ခိုလုပ်ငန်းအဖြစ် ရှိလာခဲ့သည်။ မှောင်ခိုလုပ်ငန်းဟူသည် အဂတိလိုက်စားမှုကို များစွာ အားပေးအားမြှောက်ပြုခဲ့သည်။ တရားမဝင်ကုန်သွယ်မှုကို ဒီမိုကရေစီခေတ်ဦး အစိုးရဟုခေါ်သည်။ ယခင်ဦးသိန်းစိန်အစိုးရလက်ထက်တွင် မိုဘိုင်းတင်းမ် (Mobile Team) အဖွဲ့များဖွဲ့ပြီး ဖော်ထုတ်ဖမ်းဆီးနှိမ်နင်းခြင်းများ ပြုလုပ်ခဲ့သည်။ ယင်းသို့ မိုဘိုင်းတင်းမ်အဖွဲ့များ စွမ်းဆောင်ချက်ကြောင့် တရားမဝင်ကုန်သွယ်မှုများ အထိုက်အလျောက် လျော့ကျခဲ့သည်။ ယခုအစိုးရသစ်လက်ထက်တွင် 'တရားမဝင် ကုန် သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ'ကို ဖွဲ့စည်းထားသည်။ ဦးဆောင်ကော်မတီဥက္ကဋ္ဌမှာ နိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေဖြစ်သည်။ ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းဖြစ်၏။ ဦးဆောင်ကော်မတီအတွင်းရေးမှူးကိုတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးအား ခန့်အပ်ထား၏။ အဖွဲ့ဝင်များက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည် နယ်အစိုးရဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် စီးပွားရေးအဖွဲ့အစည်းများ၏ တာဝန်ရှိပုဂ္ဂိုလ်များစသည်ဖြင့် ၃၉ ဦး ပါဝင်ဖွဲ့စည်းထားသည်ဟု သိရ၏။ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၉ ခုနှစ် ဇွန် ၂၅ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၁၉ ဖြင့် ဖွဲ့စည်းခြင်းဖြစ်ပြီး လုပ်ငန်းတာဝန် ၁၃ ရပ်ချမှတ်ထားသည်။ ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် တာဝန်ခံဝန်ကြီးဌာနအဖြစ် စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်သွားမည်ဟုလည်း လေ့လာသိရှိရသည်။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို ဩဂုတ် ၁၆ ရက်က နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။ ဦး ဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။ အမှာစကားပြောကြားရာတွင် အများပြည်သူ သိသင့်သိထိုက်သည်များ အများအပြားပါဝင်သည်။ သိသင့်သည့် အဓိကအချက်များကို ကောက်နုတ်တင်ပြပါမည်။ တရားမဝင် ကုန်သွယ်မှုများကို ထိရောက်စွာ တိုက်ဖျက်နိုင်ရေး ချမှတ်ထားသည့် လုပ်ငန်းတာဝန် ၁၃ ရပ်ကို လုပ်ငန်းကဏ္ဍအလိုက် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ကနဦး စတင်ပြောဆိုသည်။ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများသည် လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများနှင့် အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရမည်။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသည်လည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ရမည်။ တရားမဝင်ကုန်သွယ်မှုကို ထိထိရောက်ရောက် ကာကွယ်ခြင်းနှင့်အတူ တရားမဝင်ကုန်သွယ်မှုများကို တရားဝင်ကုန်သွယ်မှုများအဖြစ် ပြောင်းလဲ ရောက်ရှိလာရေး ဦးတည်ဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူများနှင့် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုက လွန်စွာအရေးကြီးလာသည်။ တရားမဝင် ကုန်သွယ်မှုအန္တရာယ်များကို ပြည်သူများသိရှိ ပြီး အသိပညာတိုးပွားလာရေး၊ တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်လာရေး၊ တရားမဝင် ကုန်စည်များအားပေးခြင်းက ရှောင်ရှားရေးတို့ကို ဆောင်ရွက်ပေးရမည်ဟုလည်းဆိုသည်။ ထို့ပြင် ပုဂ္ဂလိကကဏ္ဍကလည်း မိမိတို့ဝန်းကျင်တွင် ရှိနေသည့်တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ ဖော်ထုတ်ရာတွင် ပူးပေါင်းပါဝင်ပေးကြရန်လည်း တိုက်တွန်းကြရမည်ဟု ပြောကြားခဲ့သည်။

ထို့ပြင် ဦးဆောင်ကော်မတီဥက္ကဋ္ဌသည် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး မြန်မာနိုင်ငံ၏ အခြေအနေကိုလည်း ပွင့်လင်းမြင်သာ ထုတ်ဖော်ပြောကြားသည်။ တရားမဝင် ကုန်သွယ်မှုနှင့်ပတ်သက်ပြီး The Economist Intelligence Unit (EIU) စီးပွားရေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးယူနစ်အဖွဲ့က ထုတ်ပြန်သည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အခြေအနေအညွှန်းကိန်းအရ မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၈၄ နိုင်ငံအနက် အဆင့် ၈၂ နေရာတွင် ရပ်တည်နေပြီး ရမှတ်မှာလည်း ၂၃ မှတ်သာ ရရှိထားသည် တွေ့ရကြောင်း ဆို၏။ ကမ္ဘာလုံးဆိုင်ရာ တရားမဝင်ကုန် သွယ်မှုအခြေအနေအညွှန်းကိန်းကို ညွှန်းကိန်းလေးခုဖြင့် တိုင်းတာသည်။ အစိုးရ၏ မူဝါဒ၊ ရောင်းလိုအားနှင့် ဝယ်လိုအား၊ ပွင့်လင်းမြင်သာရှိသည့် ကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာ လုပ်ငန်းစဉ်တို့ဖြစ်သည်ဟုဆိုသည်။

တရားမဝင်ကုန်သွယ်မှုသည် မြန်မာနိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အဓိကအဟန့်အတားဖြစ်စေသော အဓိကအချက်များထဲက အချက်တစ်ချက်ဖြစ်နေသည်။ တရားမဝင် ကုန်သွယ်မှုကဏ္ဍ အင်အားကြီးနေသည်နှင့်အမျှ တရားမဝင် လုပ်ကိုင်နေသော လုပ်ငန်းများကို အဟန့်အတားဖြစ်သည်။ နှစ်အလိုက် ကုန်သွယ်မှုပမာဏများကို လေ့လာကြည့်လျှင် ပင်လယ်ရေကြောင်း ကုန်သွယ်မှုပမာဏက မြင့်တက်လာသော်လည်း နယ်စပ်ကုန်သွယ်မှုပမာဏက လျော့ကျသွားသည်ကို တွေ့နေရသည်။ နယ်စပ်ကုန်သွယ်မှုပမာဏ လျော့ကျခြင်းသည် တရားမဝင် ကုန်သွယ်မှုနှင့် ဆက်စပ်နေသည်။ ၂၀၁၉ ခုနှစ် ဇွန်လအတွင်း မြန်မာနှင့် ထိုင်းနိုင်ငံတို့၏ နယ်စပ်ကုန်သွယ်မှုစာရင်းဇယားများ လေ့လာကြည့်ရာ အမေရိကန်ဒေါ်လာ သန်း ၁၅၀ ကျော် ကွာဟမှုရှိနေသည်ကို တွေ့ရသည့်အတွက် တရားမဝင် နယ်စပ်ကုန်သွယ်မှုပမာဏ မည်မျှကြီးမားနေသည်ကို မှန်းဆကြည့်နိုင်ကြလိမ့်မည်။ ထို့ပြင် တရားမဝင် သစ်ခိုးထုတ်မှုသည် စီးပွားရေးကို ထိခိုက်စေသည့်အပြင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း ထိခိုက်စေမည်၊ ကုန်ပစ္စည်းအတုအပများ အထူးသဖြင့် ဆေးဝါးနှင့် အရက်အတုများသည် စီးပွားရေးကို ထိခိုက်စေရုံမျှမက စားသုံးသူများ၏ ဘေးကင်းမှုကိုလည်း ထိခိုက်စေနိုင်သည် စသည်ဖြင့်လည်း ပြောကြားခဲ့ပါသေးသည်။

လက်ရှိအခြေအနေသည် နယ်စပ်ဒေသများမှ တရားမဝင် ကုန်ပစ္စည်းများ ဝင်ရောက်နေသည်မို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တရားမဝင် ကုန်စည်များနှင့် ပြိုင်ဆိုင်ရောင်းချနိုင်စွမ်း ခက်ခဲလာပြီး ရပ်တည်နိုင်ရန် လျော့နည်းလာသည်။ ထို့ကြောင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရှမ်း၊ ရခိုင်ပြည်နယ်များနှင့် စစ်ကိုင်း၊ တနင်္သာရီတိုင်းဒေသကြီးစသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးကိုးခုတွင် တရားမဝင်ကုန် သွယ်မှုများ တားဆီးထိန်းချုပ်ရေးအထူးအဖွဲ့များ ဖွဲ့စည်းထားပြီး ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်နေသည်။ ၂၀၁၉ ခုနှစ် ဇွန်လအထိ ဖမ်းဆီးအရေးယူမှု ၆၆၉ ကြိမ်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၈၂၈ ဘီလီယံ ဖမ်းဆီးနိုင်ခဲ့ကြောင်းသိရ၏။ ထို့ပြင် တရားမဝင်ကုန်သွယ်မှု နှိမ်နင်းရေး ပိုမိုထိရောက်စေရန် သတင်းပေးသူ၊ ဖမ်းဆီးသူအဖွဲ့များအား ဖမ်းဆီးရမိသည့်ပမာဏအရ အချိုးကျခွဲ ဝေပေးသည့် ဆုငွေချီးမြှင့်မှု အစီအစဉ်လည်း ကျင့်သုံးနေကြောင်း ကောက်နုတ်တင်ပြလိုက်ရပါသည်။

■

Commerce ကာတွန်း



# ယူနန်ဇီဝနည်းပညာကုမ္ပဏီနှင့် ယူနန်တရုတ် Tudobang စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီတို့က အာလူးမျိုးစေ့များ ရောင်းချရန် ကမ်းလှမ်း

ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနသည် တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုမည့် လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၀ရက်တွင် ပြည်နယ်အတွင်းရှိ အာလူးအစိုက်အများဆုံးဖြစ်သော ဒီးမော့ဆိုမြို့နယ် ကုန်းသာကျေးရွာသို့ ကွင်းဆင်းစုံစမ်းမေးမြန်းခဲ့သည်။

ကယားပြည်နယ်အတွင်း (၂၀၁၉-၂၀၂၀) ခုနှစ်အတွင်း အာလူးစိုက်ဧက ၃၇ ဧကခန့် စိုက်ပျိုးလျက်ရှိရာ ယခုတစ်ပတ် ဈေးနှုန်းမှာ အလုံးအရွယ်အစားအလိုက် ကျပ် ၁၀၀၀ မှ ၁၁၀၀ ဖြင့်ရောင်းချလျက်ရှိပြီး ယူနန်တရုတ်အာလူး မျိုးစေ့များ ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ်တွင် စိတ်ဝင်စားမှုရှိပြီး လာမည့်စက်တင်ဘာလတွင် စိုက်ပျိုးသည့် အချိန်အခါတွင် ယူနန်ဇီဝနည်းပညာကုမ္ပဏီနှင့် ယူနန် တရုတ် Tudobang စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီတို့မှ အာလူးမျိုးစေ့များ ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် အာလူးမျိုးစေ့နမူနာ ပုံစံနှင့် နည်းပညာများ၊ ခိုင်မာသည့် ဈေးနှုန်း/ဈေးကွက်များ ဖော်ဆောင်ပေးမည်ဆိုပါက စိုက်ပျိုးရန် စိတ်ဝင်စားလျက်ရှိကြောင်း အာလူးစိုက်တောင်သူများထံမှ သိရသည်။

**ငြိမ်းဝေနှင်း (ကယား)**

# မြစ်ကြီးနားတွင် ဟိုတယ်လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေ ရှင်းလင်းဆွေးနွေး

မြစ်ကြီးနားမြို့ Hotel Medira အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၆ ရက်တွင် ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် စားသုံးသူကာကွယ်ရေး ဥပဒေပြဋ္ဌာန်းချက်များအား ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသော လုပ်ငန်းရှင်များ သိရှိနိုင်စေရန်အတွက် ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲ၌ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးဝင်းဦးက အဖွင့်အမှာစကားပြောကြားသည် ။ ဆက်လက်၍ ကချင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးစန်းလွင်ဦးက စားသုံးသူအခွင့်အရေးများနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်များ၊ ဟိုတယ်လုပ်ငန်းပိုင်ရှင်များအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကြော်ငြာများကို တာဝန်ယူရမည်ဖြစ်ကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေပါ အချက်များကို လိုက်နာခြင်းအားဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိလာမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးကျော်မြင့်က ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် စားသုံးသူ ကာကွယ်ရေး ဥပဒေပါပြဋ္ဌာန်းချက်များ၊ ဝန်ဆောင်မှုအပေါ် တာဝန်ရှိမှု၊ ဝန်ဆောင်မှုနှင့်ပတ်သက်၍ အာမခံချက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် ဥပဒေများ၊ တားမြစ်ချက်များ၊ ပြစ်မှု/ပြစ်ဒဏ်များအကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသော အချက်များနှင့် မရှင်းလင်းသောအချက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေဆို၍ လက်ကမ်းစာစောင်များကို ဝေငှခဲ့သည်။

**ခွာညို (မနောမြေ)**

# ပုသိမ်ထီးဈေးကွက် မိုးတွင်းအရောင်းအဝယ်အေး



ဧရာဝတီတိုင်းဒေသကြီး၏ ပြည်ပပို့ကုန်များတွင် တစ်ခုအပါအဝင် ဖြစ်သော မြန်မာ့လက်မှု ရိုးရာ ပုသိမ်ထီးမှာ မိုးတွင်းဈေးကွက်တွင် အရောင်းအဝယ်အေး၍ ပုံမှန်သာတင်ပို့ ရောင်းချလျက်ရှိပြီး ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ဝင်ရောက်မှုနည်းပါးချိန်ဖြစ်၍ အရောင်းအဝယ်အေးလျက်ရှိကြောင်း ဈေးကွက်မှ သိရသည်။

ပြည်တွင်း၊ ပြည်ပဈေးကွက် ခိုင်မာစွာရရှိထားသော ပုသိမ်ထီးဈေးကွက်မှာ ပြည်တွင်းတွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပုဂံညောင်ဦး၊ အင်းလေး၊ မော်လမြိုင်၊ တောင်ကြီးမြို့များရှိဟိုတယ်များနှင့် ငွေဆောင်၊ ချောင်းသာ၊ ငပလီ ကမ်းခြေဟိုတယ်များ၌ အလှဆင်ရာတွင်လည်းကောင်း မြန်မာ့ရိုးရာ ရှင်ပြုနားသ အလှူမင်္ဂလာပွဲများတွင် အသုံးပြုလျက်ရှိပြီး လေးလက်မမှ ၂၀ လက်မအထိ အရွယ်အစားအမျိုးမျိုး ကမ်းခြေသုံးထီးဆိုဒ်ကြီး လေးပေမှ ၁၀ ပေ၊ ၁၂ ပေအထိရှိပြီး ထီးတစ်ချောင်းကို ဒေသထွက်ကုန်ကြမ်းများဖြစ်သော ထီးရိုးဝါး၊ သရက္ကူဝါး၊ တယ်သီး၊ ဖဲဖျင်၊ ပိတ်စ၊ ချည်ကြိုးများကို အသုံးပြုလျက် ၎င်းထီးပေါ်တွင် ကနုတ်ပန်းချီဖြင့် အလှဆင်ထားသည့် ပန်းချီဒီဇိုင်း အမျိုး အစား ၁၀၀ ကျော် ရေးဆွဲကာ မြန်မာ့လက်မှုအနုပညာကို ဖော်ထုတ်ပြသထားသော ရှေးခေတ်ရိုးရာ ဒီဇိုင်းများနှင့် ရိုးရာမပျက်ခေတ်မီ ဒီဇိုင်းအမျိုးမျိုးတို့ကို ရေးဆွဲပြီး ဝယ်ယူသူများကို ဆွဲဆောင်မှုရှိစေသည်။ ထီးတစ်ချောင်းကို လက်ဖြင့်သာ ပြုလုပ်လျက် မြန်မာ့လက်မှုရိုးရာအစစ်ဖြစ်သည့်အတွက် ပြည်ပနိုင်ငံသားများက တန်ဖိုးထားပြီး လွန်စွာကြိုက်နှစ်သက်မှုရှိကြောင်း ပုသိမ်မြို့ တောရကျောင်းလမ်း ရွှေစာထီးလုပ်ငန်းရှင် ဦးမင်းနိုင်က ပြောသည်။ **မင်းမင်းဦး (ပုသိမ်)**

# ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ကန့်ဘလူခရိုင်ဦးစီးမှူးရုံးက ဦးဆောင်၍ ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကန့်ဘလူခရိုင် စုပေါင်းရုံး ရွှေဆည်မြိုင်အစည်းဝေးခန်းမ၌ ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံ ဆွေးနွေးပွဲကို ဩဂုတ် ၁၉ ရက်က ကျင်းပသည်။

စားသုံးသူရေးရာဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်မောင်းက အဖွင့်အမှာစကား ပြောကြား ရာတွင် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုမှာ ပဲခူးတိုင်းက ပထမနှင့် စစ်ကိုင်းတိုင်းက ဒုတိယအများဆုံးစိုက်ပျိုးပါကြောင်း၊ တစ်နိုင်ငံလုံး ဧက ၂၉ သိန်းကျော် စိုက်ပျိုးထုတ်လုပ်သည့်အထဲမှာ စစ်ကိုင်းတိုင်းက ၂၀ ရာခိုင်နှုန်း စိုက်ပျိုးကြောင်း၊ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများ၊ ဈေးနှုန်းဈေးကွက်အခြေအနေများ၊ ရန်ကုန်တောင်ပိုင်းခရိုင်များတွင် ပဲတီစိမ်းကို ဥရောပဈေးကွက်အထိ တင်ပို့ရောင်းချနေပြီးဖြစ်ကြောင်း၊ တက်ရောက်လာကြသော တောင်သူများအနေဖြင့်လည်း စိုက်ပျိုးနည်းစနစ်များပြုပြင်ခြင်း၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်းဖြင့် ယခုထက် အကျိုးအမြတ်များ ရရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် စားပွဲဝိုင်းဆွေးနွေးပွဲကျင်းပရာ ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်သူများက စားပွဲဝိုင်းအလိုက် ဖော်ထုတ်ချက်များကို ရှင်းလင်းတင်ပြကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

နိဂုံးချုပ်အနေဖြင့် ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် တစ်ဦးကောင်းတစ်ယောက်ကောင်းမဟုတ်ဘဲ အစုအဖွဲ့များဖွဲ့စည်းမှသာ လိုအပ်သော စိုက်ပျိုးရေးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်များ၊ ရောဂါကာကွယ်ရေး သင်တန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများမှ လွယ်ကူစွာ ဖြန့်ဝေပေးနိုင်မည်ဖြစ်သည့်အတွက် အသင်းအဖွဲ့များ ဖွဲ့စည်းပြီးဆောင်ရွက်ပါက ပိုမိုအောင်မြင်နိုင်ကြောင်း အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဝင်းသန်း (ကျွန်းလှ)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | ကွန်ဒို | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း | (၁၂၀၀ ) စ/ပေ | MB (1) ၊ BR (1) | ၁၅၅၀ သိန်း | (၆)လွှာ | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလ | (၁၃ x ၅၀ )ပေ | အခန်းဖွဲ့၊ လှေကားထိုး | ၆၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | မြေ | ဒဂုံ/မြောက်မြို့နယ်၊ (၄၄) ရပ်ကွက် | (၄၀ x ၆၀ )ပေ | မြေသီးသန့်၊ ခြံခတ် | ညှိနှိုင်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၄။ | တိုက်ခန်း | ကြည့်မြင်တိုင်မြို့နယ်၊ ညဈေး | (၁၇ x ၅၀ )ပေ | မြေညီ၊ ထပ်ခိုးပါ | ၁၅၀၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၅။ | တိုက်ခန်း | ဗဟန်းမြို့နယ်၊ ဗဟန်း(၁)လမ်း | (၁၅ x ၆၀ )ပေ | (၆)လွှာ၊ ခန်းဖွဲ့ | ၅၂၅ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၆။ | မီနီကွန်ဒို | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | (၁၁၀၀ )စ/ပေ | (၇)လွှာ၊ အဆင့်မြင့်ပြင် | ၁၄၅၀ သိန်း | ဓာတ်လှေကားပါ | ၀၉/၄၀၂၀၇၀၉၂၂ |
| ၇။ | အိမ်/မြေ | မရမ်းကုန်းမြို့နယ်၊ ရွှေနင်းဆီလမ်းသွယ် | (၆၀၀၀)စ/ပေ | RC (2) ထပ် | ၇၅၀၀ သိန်း | | ၀၉/၄၀၂၀၇၀၉၂၂ |
| ၈။ | အိမ်/မြေ | ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ် | (၄၈၀၀)စ/ပေ | RC (2) ထပ်၊ MB(3) BR(5) | ၄၅ သိန်း | ၁လအငှားနှုန်း | ၀၉/၄၀၂၀၇၀၉၂၂ |
| ၉။ | မြေ | ပြင်ဦးလွင်မြို့နယ်၊ ညောင်နီကျေးရွာ | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၂၃၅ သိန်း | | ၀၉/၅၁၁၇၂၆၂ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၀) | N | ၂၀၅ သိန်း | ၁.၃ ဓာတ်ဆီ၊ GE-6၊ ရန်ကုန် |
| ၂။ | ဟွန်ဒါဖစ် (၂၀၁၃) | စတိ | ၃၀၅ သိန်း | ၁.၃ ဓာတ်ဆီ၊ GK-3၊ ရန်ကုန် |
| ၃။ | ပါဂျဲရိုး (၉၆) | 9 A | ၁၆၅ သိန်း | ၂.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | တိုယိုတာ၊ အေလီယန် (၂၀၁၁) | K | ၃၂၀ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | တိုယိုတာ၊ ဆပ်ဆိ (၂၀၀၈)(Succeed) | H | ၂၀၀ သိန်း | ၁.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ပရိုဘောက် (၂၀၁၁) | HH | ၂၅၅ သိန်း | ၁.၅ ဓာတ်ဆီစီအန်ဂျီ ၇၀အိုး၊ရန်ကုန် |
| ၇။ | ကလူဂျာ(၂၀၀၂) | J | ၃၇၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ဘယ်လ်တာ (၂၀၁၀) | G | ၁၈၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (၂၀ နှစ်) | - | ၁၃၅ သိန်း | ကားကောင်း |

# တောင်ကြီး၌ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့်ကောင်းများ ရရှိနိုင်ရေးနှင့် ဈေးကွက်ချိတ်ဆက်ဖော်ဆောင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ထောပတ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့်ကောင်းများ ရရှိနိုင်ရေးနှင့် ဈေးကွက်ချိတ်ဆက်ဖော်ဆောင်နိုင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန ခန်းမတွင် ဩဂုတ် ၂၂ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ဦးစိုးညွန့်လွင်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စားသုံးရေးရာဦးစီးဌာနနှင့် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဝန်ထမ်းများ မြန်မာနိုင်ငံ ထောပတ်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဒေါ်စန္ဒာမျိုးနှင့် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးမှ ထောပတ်အသင်းအဖွဲ့များ စုစုပေါင်းအင်အား ၁၄၅ ခန့်တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုလုပ်ငန်းများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဏ္ဍိုင်(၆)ရပ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အလုပ်ရုံဆွေးနွေးပွဲသည် ကုန်သွယ်မှုမြှင့်မားရေးမဏ္ဍိုင်ကို ခိုင်မာအောင်တည်ဆောက်နေခြင်းဖြစ်ကြောင်း အဖွင့်အမှာ စကားပြောကြားရာမှာ ထည့်သွင်းပြောကြားခဲ့ပါသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းကလည်း ထောပတ်စိုက်ဒေသတွေမှာ ယခင်ဇကေအလိုက် စိုက်ပျိုးမှုနည်းပါးပြီး အိမ်၊ ခြံဝန်း ခြံစည်းရိုးများတွင်သာ စိုက်ပျိုးခဲ့ကြသော်လည်း ယခုအချိန်မှာ ဈေးကွက်နှင့် စားသုံးသူလိုအပ်ချက်အရ ဇကေအလိုက်အများအပြား စိုက်ပျိုးခဲ့ကြ၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ထောပတ်စိုက်ဧက ၁၀၀၀၀ ခန့် ရှိလာပြီဖြစ်သည့်အတွက် ထောပတ်သီးများ ထွက်ရှိလာချိန်မှာ အသင်းအဖွဲ့များအနေဖြင့် ချိတ်ဆက်မယ့်ကြိုတင်ပြင်ဆင်မှုများ စီမံထားသင့်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲမှ သက်ဆိုင်ရာဌာနများနှင့် ပညာရှင်များ၏ ဟောပြောဆွေးနွေးမှု၊ ထောပတ်အသင်းဝင်များ၏ စိုက်ပျိုးထုတ်လုပ်မှု အတွေ့အကြုံများကို ဖလှယ်ကာသိရှိမှတ်သားလိုက်နာကျင့်သုံးမှုဝေသွားကြခြင်းဖြင့် ထောပတ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ကာ ကုန်သွယ်မှု မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ထောပတ်အသင်း ဥက္ကဋ္ဌ ဒေါ်စန္ဒာမျိုးက ထောပတ်သီး ပြည်ပဈေးကွက် ဝင်ရောက်နိုင်ရန် ထုပ်ပိုးတင်ပို့ရာတွင် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ထုပ်ပိုးတင်ပို့ကြရန် လိုအပ်ပုံတို့ကိုလည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းလဲ့ က ထောပတ်သီးနှံစိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့်ကောင်းများနှင့် ထောပတ်သီးတွင် ကျရောက်တတ်သော ပိုးမွှားရောဂါများအကြောင်းကိုလည်းကောင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာအသုံးချဌာန (လှည်းကူး)မှ ဦးစီးအရာရှိ ဦးမောင်မောင်က ထောပတ်သီး ခူးဆွတ်ပြီး နောက်ပိုင်း (Post Harvest) လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးစောဝင်းကျော်က ထောပတ်သီး ပြည်တွင်းပြည်ပဈေးကွက်များကိုလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်စိုးမင်းက ထောပတ်စိုက်ပျိုးထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ထောပတ်အသင်းဒုဥက္ကဋ္ဌ ဦးလင်းသန်းအောင်က မြေပြင်တွင် ထောပတ်ရောဂါပိုးကျရောက်နေမှုများအား ကာကွယ်နှိမ်နင်းနေမှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

**စောမောင် (တောင်ကြီး)**

# ကန်ပစ္စည်း အရည်အသွေးစီမံခန့်ခွဲမှု သင်တန်းဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနလက်အောက်ရှိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု(လှည်းကူး)တွင် EIF ရန်ပုံငွေဖြင့် ကုန်ပစ္စည်းအရည်အသွေးစီမံခန့်ခွဲမှု (သီးနှံဆိုင်ရာ ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် ဆန်စပါး ကြိတ်ခွဲခြင်းဆိုင်ရာကျွမ်းကျင်မှု)သင်တန်းအမှတ်စဉ်(၁/၂၀၁၉) ကို ဩဂုတ် ၁၉ မှ ၂၄ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ စားသုံးသူရေးရာဦးစီးဌာန သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ ညွှန်ကြားရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူးနှင့်ဌာနတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးသောင်းဝင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးရာဇာမျိုးနှင့် အခြား ဖိတ်ကြားထားသူများ၊ သင်တန်းဆရာ/ဆရာမများနှင့်ပြည်နယ် /တိုင်းဒေသကြီးအသီးသီးမှ သင်တန်းသား ၄၈ ဦးတို့ တက်ရောက်ခဲ့ကြသည်။

သင်တန်းနောက်ဆုံးနေ့ဖြစ်သည့် ဩဂုတ် ၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ ခေတ်မီဆန်စက်များဖြစ်သော ဧရာမင်းသား၊ ရွှေဝါရောင်၊ ရွှေဇာခြည်နှင့် Gold Delta ဆန်စက်များသို့သွားရောက်၍ ခေတ်မီဆန်ကြိတ်ခွဲမှုများအား သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရှိရသည်။

**အိအိချော (CTQM - လှည်းကူး)**

# ကျွဲကောသီးနှံ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး အလုပ်ရုံဆွေးနွေး

ကျွဲကောသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး အလုပ်ရုံ ဆွေးနွေးပွဲကို ဩဂုတ် ၁၆ ရက်က မော်လမြိုင်မြို့ ကုန်စည်ဒိုင်ခန်းမ၌ ကျင်းပခဲ့ရာ မွန်ပြည်နယ်စိုက်ပျိုးရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းငွေ တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ မွန်ပြည်နယ် သစ်သီးဝလံပန်းမန် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးအေးသန်းက မွန်ပြည်နယ်အတွင်း ကျွဲကောသီးနှံစိုက်ပျိုးထုတ်လုပ်နေမှု အခြေအနေကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးမှုနှင့် သုတေသနဌာနခွဲတာဝန်ခံ ဒေါ်ငြိမ်းမြတ်ကျော်က ကျွဲကောသီးနှင့် ပတ်သက်သည့် အချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာန၊ အင်္ဂတိုကျွဲကောခြံ မန်နေဂျာ ဦးငွေလင်းက မျိုးနှင့် နည်းပညာအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး အသေးစားစက်မှုလက်မှုဦးစီးဌာန ဦးစီးမှူး ဒေါ်သူသူစံက ကျွဲကော သီးတန်ဖိုးမြင့်ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက ၎င်းတို့ကြုံတွေ့နေရသော အခက်အခဲများကို တင်ပြ ဆွေးနွေးကြရာ သက်ဆိုင်ရာတာဝန်ရှိသူများမှ ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**မိုးမိုး (မွန်)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း**-၀၁ ၂၅၄၀၂၄ | **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဖြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## ခုနစ်ရက် သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၆-၈-၂၀၁၉ မှ ၁-၉-၂၀၁၉ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းခွင်တွင် တပည့်လက်အောက်ငယ်သားများနှင့်ပဋိပက္ခလေးများရှိတတ်သည်။ တိုးချဲ့လုပ်ကိုင်မည့်လုပ်ငန်းအတွက် စီစဉ်နေရတတ်သည်။ အောင်မြင်မှုကြန့်ကြာနေတတ်သည်။ ပညာသင်ကျောင်းများဖွင့်လှစ်ခြင်း အကျိုးပြုသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင်ရည်ရွယ်ချက်မြင့်မားနေတတ်သည်။ ကျန်းမာရေးအရိုး၊ အဆစ်နာကျင်ကိုက်ခဲသောဝေဒနာခံစားရတတ်သည်။ **ယတြာ။ ။ မိမိအိမ်မှဘုရားတွင် နေဝင်နေထွက်အလင်းတိုင်၊ အမွှေးတိုင် ထွန်းညှိပူဇော်ပါ။**



**တနင်္လာသားသမီးများအတွက်** ခရီးလှည့်လည်သွားလာရသောလုပ်ငန်းများအဆင်ပြေမှုရှိနေမည်။ စားသောက်ကုန်လုပ်ငန်း၊ ရေတွင်ပေါ်ဝင်သည့်ဓာတုပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းအောင်မြင်ဖြစ်ထွန်းလိမ့်မည်။ ပညာရေးကံကောင်းနေပါသည်။ အချစ်ရေးတွင် မျှော်လင့်ချက်ကြီးမားနေလိမ့်မည်။ အိမ်ထောင်ရေးသာယာမှုရှိနေမည်။ ကျန်းမာရေးတွင် အဆုတ်ထဲရေဝင်သော ဝေဒနာခံစားရတတ်သည်။

**ယတြာ။ အရှေ့စူးစူးတွင်ရှိသော ဘုရားမှာ ကံ့ကော်ပန်းလှူပါ။**



**အင်္ဂါသားသမီးများအတွက်** ကိုယ်တိုင်လုပ်ကိုင်သောလုပ်ငန်းမှဝင်ငွေအားကောင်းလာလိမ့်မည်။ နိဗ္ဗာန်ပရိက္ခာကုန်ပစ္စည်း၊ သယ်န်းချုပ်လုပ်ငန်းများတွင်ကျယ်၍ ဝင်ငွေအားကောင်းနေလိမ့်မည်။ ဉာဏ်ရည်မြင့်မားသောကြောင့် ပညာရေးကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာမှုရှိနေမည်။ ကျန်းမာရေးတွင် အအေးမိသော ဝေဒနာခံစားရတတ်သည်။ **ယတြာ။ မိမိအိမ်ရှိဘုရားတွင် သစ်သီးဆွမ်းကပ်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အနုပညာပိုင်းဆိုင်ရာယဉ်ကျေးမှုထုတ်ဖော်ခြင်းလုပ်ငန်း၊ အလှဆင်လုပ်ငန်းများမှဝင်ငွေများရရှိနိုင်ပါသည်။ ထင်ပေါ်ကျော်စောခြင်းရှိမည်။ ပညာရေးတွင်အထစ်အငေါ့များရှိတတ်သော်လည်း ကြိုးစားလျှင်အောင်မြင်မှုရရှိပါလိမ့်မည်။ အချစ်ရေးကံကောင်းနေမည်။ အိမ်ထောင်ဖက်နှင့်တစ်နယ်စီခြားနေရတတ်သည်။ ကျန်းမာရေးအကြောနှင့်ပတ်သက်သော ဝေဒနာခံစားရတတ်သည်ကို သတိရှိပါ။

**ယတြာ။ မိမိအိမ်ရှေ့မျက်နှာစာတွင် ပန်းအိုးနှင့်ဝါးပင်အလှစိုက်ပါ။**



**ကြာသပတေးသားသမီးများအတွက်** သြဇာ၊ အာဏာနှင့်ပြည့်စုံနေတတ်သည်။ စီးပွားရေးတွင်ယှဉ်ပြိုင်ယူရသောလုပ်ငန်းများမှအောင်မြင်မည်။ ပညာရေးနှင့်ပတ်သက်သောစီးပွားရေးလုပ်ငန်း၊ စာအုပ်၊ စာပေ၊ ထုတ်လုပ်ရေးလုပ်ငန်းများအကျိုးပေးအားကောင်းနေမည်။ အချစ်ရေးတွင် မိမိစိတ်တိုင်းကျမှုအားနည်းနေလိမ့်မည်။ အိမ်ထောင်ရေးအဆင်ပြေနေမည်။ ကျန်းမာရေးနှင့်ပတ်သက်ပြီး မကြာခဏချူချာမှုရှိနေတတ်ပါသည်။ **ယတြာ။ ဘုရား၊ ကျောင်းတို့တွင် အခင်းကြမ်းလှူပါ။**



**သောကြာသားသမီးများအတွက်** စားသောက်ကုန်ပစ္စည်းများရောင်းဝယ်ထုတ်လုပ်သော စီးပွားရေးအောင်မြင်မှုရှိလိမ့်မည်။ မုန့်လုပ်ငန်း၊ အဆီအနှစ်ဖြစ်သောထောပတ်ချက်၊ နို့ဆီချက်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလိမ့်မည်။ ပညာရေးကောင်းနေမည်။ အချစ်ရေးတွင် ချစ်သူများဝိုင်းလည်နေမှုကြောင့် ရွေးရခက်နေတတ်သည်။ ကျန်းမာရေးဂရုစိုက်ပါ။ ဆီးချို၊ သွေးတိုးဝေဒနာခံစားရမှုရှိနေတတ်ပါသည်။

**ယတြာ။ နွားနို့၊ ဒိန်ခဲလှူပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းခွင်တွင်မင်းအစိုးရနှင့်ပတ်သက်သောအခွန်နှင့်အထွေထွေကိစ္စများရှိနေတတ်သည်။ စာရင်းအင်းသေချာဂရုစိုက်ပြုလုပ်ပါ။ မင်းပြစ်မင်းဒဏ်ခံရတတ်သောသဘောရှိလိမ့်မည်။ ဉာဏ်ရည်ဉာဏ်သွေးဝေဝါးနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။ ကျန်းမာရေးတွင် လေ၊ အကြောနှင့် အနာပေါက်ခြင်းဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ဒံပေါက်ထမင်းလှူပါ။**

# ရန်ကုန်ရေပေးဝေရေးလုပ်ငန်းကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရန် စီစဉ်နေ



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC) က လက်ရှိလုပ်ကိုင်လျက်ရှိသည့် ရန်ကုန်မြို့ ရေပေးဝေသည့် လုပ်ငန်းကို ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးရန် စီစဉ်နေကြောင်း ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး က ပြောသည်။

ဩဂုတ် ၁၉ ရက်က မြို့တော်ခန်းမတွင် ပြုလုပ်သည့် သတင်းမီဒီယာတွေ့ဆုံပွဲတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ရေဖြန့်ဖြူးမှုလုပ်ငန်းအား ပုဂ္ဂလိကသို့ လွှဲပြောင်းခြင်းကို မြို့နယ်၊ ရပ်ကွက်အလိုက် စမ်းသပ်ဆောင်ရွက်မည်ဖြစ်ပြီး ရေအလေအလွင့်လည်း နည်းပါးသွားနိုင်ကြောင်း ရန်ကုန်မြို့တော်ဝန်က ပြောသည်။

"အစိုးရဝန်ထမ်း မလုံမလောက်နဲ့ ထိန်းနေရင် အစိုးရ ဝန်ထမ်းနဲ့ ရေမသမာမှုလုပ်သူနဲ့ အပေးအယူ မျှသွားမှာလည်း ရှိနိုင်လို့ အကောင်းဆုံးနည်းက ပုဂ္ဂလိကပေးချင်တယ်။ ဈေးနှုန်းကန့်သတ်ပြီး ပုဂ္ဂလိက လုပ်နိုင်လား၊ လုပ်နိုင်လို့ပေးလိုက်ရင် ရေအလေအလွင့် နည်းလာမယ်။ အလေအလွင့် နည်းပြီဆိုရင် ဈေးတက်တာကို ခုခံပြီးတောင့်ထားနိုင်မယ်။ ဈေးမတက်ဖြစ်အောင် ဟန့်တားနိုင်တဲ့ သဘောမျိုးဖြစ်တဲ့အတွက် ပုဂ္ဂလိကစိတ်ဝင်စားတဲ့ သူလုပ်ဖို့ ဒီလထဲမှာပဲ ကျွန်တော်ခေါ်ပါမယ်"ဟု ၎င်းက ပြောသည်။

လက်ရှိရန်ကုန်မြို့အတွင်း ရေဖြန့်ဖြူးပေးမှုအား ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပေးခြင်းကသာ ရေခိုးသွယ်မှုများကြောင့် ရေလေလွင့်ဆုံးရှုံးခြင်းနှင့် ရေမီတာခနှုန်းထားများ တိုးမြှင့်ကောက်ခံခြင်းကို ဟန့်တားနိုင်မည် ဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် စည်ပင်ရေပေးဝေးရေးလုပ်ငန်းကို ပုဂ္ဂလိကကုမ္ပဏီသို့ တင်ဒါစနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးရန် ယခုလအတွင်း EOI (စိတ်ဝင်စားမှုအဆိုပြုလွှာ) ခေါ်ယူမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"ရေလေလွင့်ဆုံးရှုံးတာကို Cover လုပ်နိုင်ရင် အမှန်တကယ်သုံးတဲ့ လူကဒီရေဈေးနှုန်းနဲ့ပဲဆက်ပြီး သုံးသုံးနိုင်မယ်။ ရေကိုကျွန်တော်တို့ တွက်တဲ့အခါမှာ ရေစရိတ်မှာ နှစ်မျိုးပါတယ်။ ကျွန်တော်တို့ဆီမှာ ပုံသေစရိတ်နဲ့ လည်ပတ်တဲ့စရိတ်အပေါ် မူတည်ပြီးတော့ ဈေးတွက်မယ်ဆိုရင် အခုရှိတဲ့ ဈေးနှုန်းဟာ ပွင့်ပွင့်လင်းလင်းပြောရင် ဒီစရိတ်ထက် စက်ယန္တရားစရိတ်တွေ ဘာတွေ ထည့်မပြောနဲ့ဦး လည်ပတ်တဲ့စရိတ်နဲ့ ရှိနေတဲ့ ဈေးနဲ့ယှဉ်ရင်တောင်မှ အဲဒီဈေးနှုန်းက နည်းနေသေးတယ်။ အဲဒီအတွက်ကြောင့် ရေက လျှပ်စစ်လိုပဲဖြစ်နေတယ်။ ရေကိုများများ ထုတ်လေ များများရှုံးလေပါပဲ။ ရတဲ့ နှုန်းထားနဲ့ ရေရဲ့ထုတ်လုပ်တဲ့ နှုန်းထားစရိတ်နဲ့ မကာမိဘူး"ဟု ၎င်းက ပြောသည်။

YCDC မှ လက်ရှိ ရောင်းချသည့် ရေဈေးနှုန်းသည် မန္တလေးမြို့ထက်သက်သာလျက်ရှိပြီး ရေမီတာခကောက်ခံမှု နှုန်းထားသည်လည်း အိမ်သုံးမီတာအတွက် တစ်ယူနစ်လျှင် ၈၈ ကျပ်ကောက်ခံကာ စီးပွားရေးလုပ်ငန်းသုံးအတွက် တစ်ယူနစ်လျှင် ကျပ် ၁၁၀ ကောက်ခံနေကြောင်း သိရသည်။

**ပန်းဆု**

# ပညာရေးနှင့်ပတ်သက်ပြီး စီးပွားရေးလုပ်နေသည့် လုပ်ငန်းကို MIC က ဝင်ရောက်စွက်ဖက်ခြင်း မဟုတ်ဟုဆို

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) သည် ပညာရေးနှင့် ပတ်သက်၍ စီးပွားရေးလုပ်ကိုင်နေသည့် လုပ်ငန်းများကို မှတ်ပုံတင်ခိုင်းခြင်းသာဖြစ်ပြီး ဝင်ရောက်စွက်ဖက်နေခြင်းမဟုတ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) မှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။

ဩဂုတ် ၁၆ ရက်က ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၌ ပြုလုပ်သည့် မီဒီယာများနှင့် တွေ့ဆုံပွဲတွင် လတ်တလောထွက်ပေါ်နေသည့် MIC က ပညာရေးကဏ္ဍတွင် ဝင်ရောက်စွက်ဖက်နေသည်ဟူသော သတင်းနှင့်ပတ်သက်၍ ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

"ပညာရေးလုပ်ငန်းကို ကျွန်တော်တို့က ဝင်စွက်လို့မရဘူး။ ကျွန်တော်တို့က ပညာရေးနဲ့ပတ်သက်လို့ ပညာရှင်တွေ မဟုတ်ဘူး။ ပညာရေးနဲ့ပတ်သက်ပြီး စီးပွားရေးလုပ်နေတဲ့လုပ်ငန်းကို မှတ်ပုံတင်ခိုင်းတာဖြစ်တယ်။ ပညာရေးလုပ်ငန်းတွေက ဘယ်မှ မှတ်ပုံမတင်ဘဲလုပ်နေလို့ ကုမ္ပဏီတွေထောင်ပြီးတော့ လုပ်နေလို့ ဒီလုပ်ငန်းတွေကို ကျွန်တော်တို့ MIC ကို လျှောက်ပါ။ လျှောက်တယ်ဆိုရင် ကျွန်တော်တို့က ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားကိုမေးပြီး သက်ဆိုင်ရာ ပညာရေးနဲ့ ပတ်သက်တဲ့ အဖွဲ့အစည်း အဆင့်ဆင့်ကို သဘောထားမေးပြီးတော့မှ သူတို့ကို ပညာရေးလုပ်ငန်းကို ခွင့်ပြုတာ။ ကျွန်တော်တို့က ပညာရေးကို စီးပွားရေးအမြင်နဲ့ ပိုက်ဆံရလိုဇောနဲ့ ပညာရေးလုပ်ငန်းတွေကို ပေးနေတာမဟုတ်ဘူး" ဟု ၎င်းကပြောသည်။

လက်ရှိတွင် အချို့သော လုပ်ငန်းရှင်များက ကုမ္ပဏီတစ်ခု ထူထောင်ကာ ပညာရေးလုပ်ငန်းကို လုပ်ကိုင်၍ ကိုယ်ပိုင်သင်ရိုးညွှန်းတမ်း၊ ကိုယ်ပိုင်စည်းမျဉ်း စည်းကမ်းများဖြင့် လုပ်ကိုင်နေသည့်အတွက် အခွန်ဆောင်ထားခြင်း ရှိ၊ မရှိ၊ အမှန်တကယ် ကုမ္ပဏီမှတ်ပုံတင်ထားခြင်းရှိ မရှိတို့ကို မသိရှိနိုင်သည့်အတွက် ယင်းပြဿနာများကို တည့်မတ်ပေးရန် ပညာရေးလုပ်ငန်းများကို MIC သို့ လျှောက်ထားစေခြင်းဖြစ်သည်ဟု ဆိုသည်။

"ခွင့်ပြုချက်ထဲမှာ ဘာပါလဲဆိုရင် ပညာရေးဝန်ကြီးဌာနရဲ့ ဥပဒေပေါ်လာတာနဲ့ ပညာရေး ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရမယ်။ လောလောဆယ် သက်ဆိုင်ရာ ဥပဒေအသက်ဝင်နေတဲ့ ပညာရေးကောင်စီရဲ့လုပ်ထုံးလုပ်နည်းအတိုင်း လုပ်ရမယ်လို့ ဆိုထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သို့ဖြစ်၍ ပညာရေးကဏ္ဍနှင့်ပတ်သက်သည့် စီးပွားရေးလုပ်ငန်းတစ်ခု တက်လာပြီဆိုပါက မည်သည့်နိုင်ငံ၏ စံနှုန်းနှင့် လုပ်ဆောင်နေခြင်း၊ ၎င်း၏ အဆင့်သတ်မှတ်ချက်နှင့် ကျောင်းအဆင့်သတ်မှတ်ချက်၊ အသိအမှတ်ပြုလက်မှတ်၊ ကမ္ဘာ့အဆင့်သတ်မှတ်ချက်၊ မည်ကဲ့သို့သင်ပေးနေခြင်းတို့ကို MIC က အသေးစိတ် စိစစ်ပြီးမှသာ လုပ်ငန်းကို ခွင့်ပြုပေးခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။ ထို့ကြောင့် MIC ပါမစ်ရရှိသွားသည့် အချိန်တွင် MIC အနေဖြင့် အဆိုပါလုပ်ငန်းကို ကြီးကြပ်နိုင်ခြင်း၊ စောင့်ကြည့် စစ်ဆေးနိုင်ခြင်း၊ လုပ်ငန်းအဆင်မပြေပါက ပိတ်သိမ်းခြင်း၊ တည့်မတ်ခြင်းတို့ကို လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ပန်းဆု**

# urÇu,Dukcdfajcmuf eaom pGey,pft rbujfy ó em

**အောင်ဆန်း(စိုက်ပျိုးရေး)**



ယနေ့ကမ္ဘာတွင် လူသားတို့စွန့်ပစ်လိုက်သော အမှိုက်များသည် သဘာဝပတ်ဝန်းကျင်နှင့်လူသားတို့ကို ပြန်လည်ဒုက္ခပေးနေပြီဖြစ်သည်။ စွန့်ပစ်အမှိုက်များမှ ပြန်လည်ဆိုးကျိုးပေးလာသော အကြောင်းရင်းများစွာရှိပါသည်။ စွန့်ပစ်အမှိုက်များကြောင့် သဘာဝ ပတ်ဝန်းကျင် ရေထုနှင့် မြေထုကို ညစ်နွမ်းစေသည်။ ရေထုညစ်ညမ်းမှုဖြစ်ပေါ်သဖြင့် ရေသန့်များပျက်သုဉ်းရသည်။ လူသားတို့၏ ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်စေသည်။ အစာအိမ်ရောဂါ၊ အသည်းရောင် အသားဝါရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားမှု ပိုမို များပြားလာသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ၂၀၁၆ ခုနှစ် အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထို့အတူ လူသားတို့အပြင် ရေနေ သတ္တဝါများလည်း အသက်ဆုံးရှုံးရပြီး သဘာဝဂေဟစနစ်ပျက်စီးသည့်ဒဏ် ခံနေကြရသည်။

မြေထုညစ်ညမ်းသဖြင့် မြေနေသတ္တဝါများ သေကျေပျက်စီးကြရသည်။ မြေထုနှင့် နိစ္စဒူဝ ထိတွေ့နေရသော လူသားတို့လည်း ယားယံစေသော ရောဂါများ၊ ပွေး၊ ညှင်းရောဂါများ၊ နှင်းခူရောဂါများ ဗက်တီးရီးယားနှင့် ပတ်သက်သော ရောဂါများ၊ လက်များမှတစ်ဆင့် ပါလာသော ပိုးမွှားများကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ၊ ပန်းနာ ရင်ကျပ်ရောဂါများခံစားလာကြရသည်။ ၎င်းပြင် မြေဆီလွှာအတွင်း ဝင်ရောက်နေရာယူသွားကြသော မဆွေးမြည့်နိုင်သည့် စွန့်ပစ်အမှိုက်များကြောင့် မြေဆီလွှာဖွဲ့စည်းမှု ပျက်သုဉ်းခြင်း၊ သီးနှံများ စိုက်ပျိုးရန် ခက်ခဲလာခြင်း၊ အထွက်များလျော့ကျလာခြင်း၊ သီးနှံများ ပျက်စီးရခြင်း စသည့် အတိဒုက္ခများကြုံလာကြရသည်။ ရေမြောင်း၊ ချောင်း၊ မြစ်များတွင် ပိတ်ဆို့ပြီး ရေကြီးရေလျှံများ ခံစားလာကြရသည်။ ဤသို့ဖြင့် လူသားတို့စွန့်ပစ်လိုက်သော အမှိုက်များသည် ကမ္ဘာကြီးနှင့် သက်ရှိသတ္တဝါအားလုံးတို့အား ခြိမ်းခြောက်လျက်နေပြီဖြစ်သည်။

ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စိမ်းလမ်းစိုပြည်ရေးအဖွဲ့မှ ယနေ့ကမ္ဘာပေါ်တွင် စွန့်ပစ်အမှိုက်တန်ချိန် ၅ ထရီလီယံခန့် လွှမ်းမိုးနေပြီး နောက်ဆယ်စုနှစ်တစ်ခုရောက်ရှိလျှင် လက်ရှိပမာဏထက် ၁၀ ဆခန့်တိုးမြင့်လာဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။ ဤသို့ဆိုလျှင် ယနေ့ကမ္ဘာကြီးတစ်ခုလုံးမှ စွန့်ပစ်နေကြသော စွန့်ပစ်အမှိုက်များ၏ အန္တရာယ်မှာ လွန်စွာကြောက်လန့်ဖွယ်လိလိပင်ဖြစ်သည်။

လူသားတို့စွန့်ပစ်လိုက်သော အမှိုက်များကို အမျိုးအစားခွဲခြားကြည့်မည်ဆိုပါက ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်ဘူးခွံ၊ ပုလင်းခွံ၊ ပီနံအိတ်၊ အခြားထုပ်ပိုးအိတ်များ၊ ရေသန့်ဘူးခွံ၊ စားကြွင်းစားကျန်အမှိုက်များ၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးများ၊ စွန့်ပစ်အညစ်အကြေးများ၊ ပလတ်စတစ်စ၏ အပိုင်းအစများ၊ အဝတ်အထည်အဟောင်းများ စသည်တို့ဖြစ်သည်ကိုတွေ့ရှိရသည်။ စွန့်ပစ်အမှိုက်များ၏ သွားရာလမ်းကြောင်းသည်။ လူနေအိမ်များမှတစ်ဆင့် ရေမြောင်းထဲသို့လည်းကောင်း၊ နောက်ဖေးလမ်းကြောင်းသို့လည်းကောင်း၊ အမှိုက်ပုံသို့လည်းကောင်း၊ စည်းကမ်းမဲ့စွန့်ပစ်သော လမ်းသွယ်၊ လမ်းငယ်၊ လမ်းမကြီးဝဲယာသို့လည်းကောင်း ရောက်ရှိကြသည်။ ၎င်းမှတစ်ဆင့်မိုးရေများဖြင့် ချောင်းငယ်၊ မြောင်းငယ်၊ မြစ်အသွယ်သွယ်မှတစ်ဆင့် ပင်လယ်သမုဒ္ဒရာသို့ ခရီးအဆုံးသတ်ပါသည်။ ပင်လယ်သမုဒ္ဒရာများအတွင်း စုစည်းရောက်ရှိနေသော စွန့်ပစ်အမှိုက်၏ ပမာဏများမှာ ၉၀ ရာခိုင်နှုန်းခန့်ရှိသည်ဟု ခန့်မှန်းထားပါသည်။ အဆိုပါစွန့်ပစ်အမှိုက်များက ရေနေသတ္တဝါကို ဒုက္ခပေးနေခြင်းဖြစ်ပါသည်။ ရေကြောင်းသွားလာရေး ကမ်းနီးကမ်းဝေး ရေယာဉ်များကို အနှောက်အယှက်ဖြစ်နေသည်။

တောင်အမေရိကတိုက်၏ အနောက်ဘက်ကမ်းခြေတွင် သမုဒ္ဒရာအတွင်း စုဝေးရောက်ရှိလာသော စွန့်ပစ်မှိုက်များ တန်ချိန်သည် သန်းချီရှိသည်ဟု ဆိုပါသည်။ အမေရိကန်နိုင်ငံအနောက်ဘက်ကမ်းခြေတွင်လည်း လှိုင်းပုတ်၍ စုဝေး၊ ကမ်းကပ်၊ ကမ်းတင်လာသော စွန့်ပစ်အမှိုက်မှာ အံ့မခန်းဖွယ်ဟုဆိုပါသည်။ အာဖရိကတိုက်၏ အနောက်ဘက်ကမ်းခြေတွင်လည်း လှိုင်းနှင့်အတူပါလာသော စွန့်ပစ်အမှိုက်များ စုပုံနေမှုမှာ ကမ်းခြေတစ်ခုလုံး ဖုံးလွှမ်းခံနေရသည်ဟု ဆိုပါသည်။ အိန္ဒိယအနောက်ဘက်ကမ်းခြေ၊ သိရိလင်္ကာကမ်းခြေတို့တွင်လည်း စွန့်ပစ်အမှိုက်များ စုဝေးမှုကြောင့် အခက်ကြုံနေရသည်ဟု ဆိုပါသည်။ အရှေ့တောင်အာရှနိုင်ငံများ၏ ကမ်းခြေများတွင်လည်း စွန့်ပစ်အမှိုက်များ ထုနှင့်ဒေးရှိနေသည်ဟု ဆိုသည်။ မြန်မာနိုင်ငံ ရန်ကုန်မြစ်အတွင်း ရေတက်ဖြင့်ပါလာပြီး ရေကျတွင် သောင်တင်ကျန်ရစ်သော စွန့်ပစ်အမှိုက်များသည်ပင် ထုထည်ပမာဏကြီးမားစွာ အစုလိုက်အပုံလိုက် တွေ့မြင်နေရသည်။

ပင်လယ်သမုဒ္ဒရာအတွင်း စုဝေးရောက်ရှိနေသော စွန့်ပစ်အမှိုက်များကို ရှင်းလင်းသုတ်သင်ရန်မှာ အလွန်ခဲယဉ်းသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့မြေပေါ်ရှိ လူသားများက နေ့စဉ်အမှိုက်သရိုက်များကိုစည်းကမ်းမဲ့စွန့်ပစ်နေကြ၍ဖြစ်သည်။

ပင်လယ်သမုဒ္ဒရာအတွင်းစွန့်ပစ်အမှိုက်များ စုဝေးရောက်ရှိနေသဖြင့် ရေနေသတ္တဝါများ အတိဒုက္ခနှင့် ကြုံနေကြရသည်။ ၂၀၁၈ ခုနှစ် အနှောင်းပိုင်းကာလတွင် ထိုင်းနိုင်ငံ၌ ပင်လယ်ကမ်းစပ်တွင် ဝေလငါးတစ်ကောင်သေဆုံးနေသည်ကိုတွေ့ရှိခဲ့ရသည်။ ဝေလငါး၏ ဝမ်းဗိုက်ကိုခွဲကြည့်ရာ ပလတ်စတစ်အိတ် ကီလိုဂရမ် ၈၀ စားမိ၍ သေဆုံးရသည်ဟု ဆိုပါသည်။ တရုတ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင် သမုဒ္ဒရာအတွင်း လမ်းဆုံးသည့် ပလတ်စတစ်အမှိုက်မှာ ၆၀ ရာခိုင်နှုန်းရှိသည်ဟုဆိုသည်။ ဆယ်စုနှစ်တွင် သမုဒ္ဒရာထဲ၌ စွန့်ပစ်ပလတ်စတစ်အမှိုက်များ သုံးဆမှ လေးဆအထိများလာနိုင်ကြောင်း ဗြိတိန်နိုင်ငံအစိုးရ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်ကိုတွေ့ရှိရသည်။ ဒါဗာအိုမြို့၏ အရှေ့ဘက်ကမ်းပင်လယ်ကမ်းစပ်တွင် D-Bone စုဆောင်းရေးပြတိုက်မှ ဝန်ထမ်းများက ဝေလငါးအသေတစ်ကောင်ကို အမှတ်မထင်တွေ့ခဲ့ကြသည်။ ဝေလငါး၏ ဗိုက်ကိုခွဲကြည့်ရာ ပလတ်စတစ်အိတ်များနှင့် ပီနံအိတ်ခွံ ၁၆ လုံးတွေ့ရှိခဲ့သည်ဟိုဆိုသည်။ ၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းမှာ ဖိလစ်ပိုင်နိုင်ငံကမ်းခြေတစ်ခုတွင် ဝေလငါးအသေတစ်ကောင်ကို တွေ့ရှိခဲ့သည်။ ဝေလငါး၏ ဝမ်းဗိုက်ကိုခွဲကြည့်ရာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်များ ၄၀ ကီလိုဂရမ် (၈၈ ပေါင်)ကို တွေ့ရှိရသည်ဟုဆိုသည်။ ထို့အတူပင် အခြားသောနိုင်ငံများ၏ ကမ်းခြေများတွင်လည်း ဝေလငါးအပါအဝင် ရေနေသတ္တဝါ ငါး၊ ပုစွန်အမြောက်အမြား စုပြုံသေကျေပျက်စီးနေသည့်သတင်းများလည်း မကြာခဏဖတ်ရှုရပါသည်။ မြန်မာနိုင်ငံတွင်မူ ရန်ကုန်မြစ်အတွင်း ခရီးသည်သယ်ယူပို့ဆောင်နေသော စက်တပ်ရေယာဉ်ငယ်များ ရေယက်ပန်ကာတွင် ပလတ်စတစ်အိတ်များ ညှိတွယ်ရစ်ပတ်သဖြင့် ရေယာဉ်တိမ်းမှောက်ကာ ခရီးသည်များ အသက်ဆုံးရှုံးနေရသည်မှာ အကြိမ်ကြိမ်အခါခါပင် ဖြစ်သည်။

ဤသို့ဆိုလျှင် ကမ္ဘာကြီးကို ခြိမ်းခြောက်နေသော စွန့်ပစ်အမှိုက်ပြဿနာအဖြေရှာကုစားရန်မှာ အကြိတ်အနယ်စဉ်းစားရတော့မည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်နေသည်။ ဤပြဿနာကို ဖြေရှင်းကုစားနိုင်ရန်မှာ ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အစည်း၊ နိုင်ငံအလိုက်အုပ်ချုပ်သူ အစိုးရအဖွဲ့အစည်း၊ ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်၊ ပီနံအိတ် ထုတ်လုပ်သည့်ကုမ္ပဏီ၊ လုပ်ငန်းရှင်အဖွဲ့အစည်း၊ သွယ်ဝိုက်သုံးစွဲသူများနှင့် တိုက်ရိုက်သုံးစွဲသူများ စုစည်းညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။

ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အစည်းသည် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပလတ်စတစ်အိတ်နှင့် ပလတ်စတစ်ပစ္စည်းစသည့် မဆွေးမြည့်ဘဲ ကြာရှည်စွာ ရပ်တည်နေနိုင်သည့် ပစ္စည်းများ မထုတ်လုပ်ရေး စည်းကမ်းမဲ့ မစွန့်ပစ်ရေးကို မူဝါဒများကို ပြတ်ပြတ်သားသား ချမှတ်၍ တိုက်တွန်းနှိုးဆော်ဆောင်ရွက်သင့်သည်။ နိုင်ငံအလိုက် အုပ်ချုပ်သူအစိုးရအဖွဲ့များမှလည်း မဆွေးမြည့်ဘဲ ကြာရှည်စွာ ရပ်တည်နေနိုင်သည့် ပစ္စည်းများ မထုတ်လုပ်ရေး၊ စည်းကမ်းမဲ့မစွန့်ပစ်ရေးများကို ဥပဒေတစ်ရပ်ပြဋ္ဌာန်း၍ ထိရောက်စွာ တားမြစ်အရေးယူဆောင်ရွက်သင့်ပါသည်။ မဆွေးမြည့်ဘဲ ကမ္ဘာပေါ်တွင် နှစ်ပေါင်းကြာရှည်စွာ ရပ်တည်နေနိုင်သော ပစ္စည်းများ ထုတ်လုပ်သည့်ကုမ္ပဏီ၊ လုပ်ငန်းရှင်များကလည်း ဥပဒေအားလိုက်နာ၍ ဆွေးမြေ့လွယ်သည့် ထုပ်ပိုးပစ္စည်းများအစားထိုးထုတ်လုပ်ဖြန့်ဖြူးရန် ကြိုးပမ်းသင့်ပါသည်။ မလိုက်နာပါက ထိရောက်စွာအရေးယူသင့်ပါသည်။ သွယ်ဝိုက်သုံးစွဲသူ၊ တိုက်ရိုက်သုံးစွဲသူများကလည်း မဆွေးမြည့်ဘဲ ကြာရှည်စွာရပ်တည်နေနိုင်သောပစ္စည်းများကို အသုံးမပြုခြင်း၊ ဆွေးမြည့်လွယ်သောပစ္စည်းများကို အစားထိုးအသုံးပြုခြင်း၊ အမှိုက်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းများဖြင့် အန္တရာယ်ကိုကာကွယ်တားဆီးနိုင်ကြမည်ဖြစ်သည်။

ထိုင်းနှင့် စင်ကာပူနိုင်ငံတွင် မဆွေးမြည့်ဘဲ ကြာရှည်ရပ်တည်နေနိုင်သော ပလတ်စတစ်အိတ်နှင့် ပလတ်စတစ်ပစ္စည်းများကို လုံးဝမထုတ်လုပ်ရန် ပင်ရင်းထုတ်လုပ်သည့် စက်ရုံအလုပ်ရုံ၊ ကုမ္ပဏီ များကို ဥပဒေဖြင့် တားမြစ်ခဲ့သည်မှာ လေးနှစ်ကျော်ရှိခဲ့ပြီဖြစ်သည်။ သုံးစွဲသူကို မသုံးရဟု တားမြစ်ပြောဆိုနေခြင်းမပြုတော့ပါ အောင်မြင်နေခြင်းကို အတုယူရန်လိုအပ်သည်။

မြန်မာနိုင်ငံတွင် မဆွေးမြည့်ဘဲ ကြာရှည်ရပ်တည်နေနိုင်သော ပစ္စည်းများ၊ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်းဆိုင်ရာ ပြတ်သားသော ဥပဒေတစ်ရပ်ပြဋ္ဌာန်းဆောင်ရွက်သင့်ပါသည်။ သို့မဟုတ်လျှင် အမှိုက်ပြဿနာမဖြေရှင်းနိုင်ဘဲ သံသရာမဆုံးနိုင်ဖြစ်နေမည်ဖြစ်ပါသည်။ အဆိုပါပစ္စည်းများထုတ်လုပ်နေသော စက်ရုံအလုပ်ရုံ၊ ကုမ္ပဏီ၊ လုပ်ငန်းရှင်များကို လုံးဝမထုတ်လုပ်ရန် ဥပဒေဖြင့် ထိထိရောက်ရောက်မတားဆီးဘဲ ပရဟိတအဖွဲ့များ၊ လူငယ်အဖွဲ့အစည်းများ၊ ရပ်ကွက်အဖွဲ့အစည်းများဖြင့် စုပေါင်း၍ ပလတ်စတစ်ကောက်၊ အမှိုက်ကောက်နေခြင်းသည် မှန်ကန်ထိရောက်သော ဖြေရှင်းနည်းမဟုတ်ပါ။ ဒီနေ့အမှိုက်စုပေါင်းကောက်ပြီး၊ နောက်နေ့ ၎င်းနေရာ အမှိုက်ပြန်ရောက်လာမည်ဖြစ်သည်။ အမှိုက်ကွင်းဆက်သံသရာ လုံးဝပြတ်တောက်သွားနိုင်မည်မဟုတ်ပါ။ ပြည်သူလူထုအား စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းကိုလည်း ထိရောက်စွာ ထားမြစ်ရန်လိုအပ်ပါသည်။

သို့ပါ၍ ကမ္ဘာကြီးအား ခြိမ်းခြောက်နေသော စွန့်ပစ်အမှိုက်ပြဿနာကို နိုင်ငံတိုင်း၊ လူသားတိုင်းက ထိရောက်သော မူဝါဒ၊ ဥပဒေများ ချမှတ်ပြဋ္ဌာန်း၍ ဆောင်ရွက်ချိန်တန်ပြီဟု တိုက်တွန်းလိုက်ရပါသည်။

**စာမျက်နှာ (၆) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ . . . မှအဆက်**

(င) ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအထိ တစ်နှစ်အတွင်း ဆောင်ရွက်မည့် အချိန်ဇယားကို အခြေခံ၍ ရှင်းလင်းဆွေးနွေးခြင်း၊ အခြားတစ်ဖက်မှလည်း အသိပညာပေးလုပ်ငန်းအဖြစ် နိုင်ငံပိုင်သတင်းစာများတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဆောင်းပါးများ ရေးသား ဖော်ပြခြင်းနှင့် ဌာနက ထုတ်ဝေသော Commerce ဂျာနယ်တွင် အခန်းဆက်သတင်းဆောင်းပါးများရေးသားခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။ ထို့ပြင် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍ လက်ကမ်းစာစောင်များနှင့် စာအုပ်များရေးသား ထုတ်ပြန်နိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်လျက် ရှိသည်။

အထက်ဖော်ပြပါလုပ်ငန်းများအပြင် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ တူညီသည့် လုပ်ငန်းစဉ်များအလိုက် ကုန်သွယ်မှုနှင့်ဆက်စပ်လျက်ရှိသည့်ဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအား Sub-Group များဖွဲ့စည်း၍ လစဉ်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ကာ လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်သွားရန် စီမံချက်ရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းကဲ့သို့ အသိပညာပေးလုပ်ငန်းစဉ်များအား သတ်မှတ်အချိန်ဇယားရေးဆွဲကာ စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းအားဖြင့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း အပြီးဆောင်ရွက်သွားမည့် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်မှာ ရည်မှန်း ချက်အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဟု ထပ်လောင်းယုံကြည်မိပါသည်။

# နိုင်ငံ့ GDP သည် ၂၀၁၈ ခုနှစ်တွင် ကန်ဒေါ်လာ ၇၁ ဘီလီယံအထိ တိုးတက်လာ

မြန်မာနိုင်ငံ၏ GDP သည် ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ဘီလီယံမှ ၂၀၁၈ ခုနှစ်တွင်အမေရိကန်ဒေါ်လာ ၇၁ ဘီလီယံအထိ တိုးတက်လာကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ဩဂုတ် ၂၀ ရက်က ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်သော"Myanmar- Japan- US Forum Fostering Responsible Investment Forum" တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယခုလို ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ GDP သည် ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ ဘီလီယံရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၁ ဘီလီယံအထိ တိုးတက်လာခဲ့ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအနက် စီးပွားရေးတိုးတက်မှုအမြင့်မားဆုံးတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများကြောင့် ကုမ္ပဏီသစ်များ၊ ပြည်တွင်းနှင့် နိုင်ငံ



ခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတွင်ကျယ်လာသည်ကို တွေ့နိုင်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

"Myanmar- Japan- US Forum Fostering Responsible Investment Forum"ကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan-MSDP) နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်း (Myanmar Investment Promotion Plan)တို့အရ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းများအား သိရှိနိုင်ရန်နှင့် တာဝန်ယူမှုရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဖိုရမ်ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ဂျပန်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊အမေရိကန်ကုန်သည်ကြီးများ အသင်း၊ ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီနှင့် အမေရိကန်စီးပွားရေးဝန်ဆောင်မှုအဖွဲ့တို့က ပူးပေါင်းပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်း စတင်မိတ်ဆက်

မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်း စတင်မိတ်ဆက်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ရှိ တော်ဝင်ဂါးဒင်းဟိုတယ်တွင် ဩဂုတ် ၂၂ ရက်ကျင်းပခဲ့သည်။

အဆိုပါအသင်း ဖွဲ့စည်းရခြင်းမှာ စီးပွားရေးနယ်ပယ်အသီးသီးမှ လုပ်ငန်းရှင်များ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ဆောင်ရွက်နိုင်စေရန်နှင့် ယခုထက်ပို၍ ပူးပေါင်းဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အသင်းကြီးကို တည်ထောင်ထားခြင်းဖြစ်ကြောင်း သိရသည်။

"အခုအချိန်က စီးပွားရေးလုပ်ငန်းတိုင်းမှာ အခက်အခဲ၊ အကျပ်အတည်းတွေ ရင်ဆိုင်နေရတာပါ။ အဲဒီလို အကျပ်အတည်းဆိုတဲ့နေရာမှာ ငွေကြေး အခက်အခဲပါဝင်သလို ကျွမ်းကျင်ဝန်ထမ်း၊ လုပ်သား၊ စက်ပစ္စည်းကိရိယာများရဲ့ စွမ်းရည်မြင့်မားစွာ အသုံးဝင်မှု၊ အကျိုးရှိမှုနဲ့ ကုန်ကျစရိတ်သက်သာစေမှု၊ ဆော့ဖ်ဝဲလ်များကိုစနစ်တကျအသုံးချပြီး စာရင်းစနစ်နဲ့ စီမံခန့်ခွဲမှု စတဲ့ စီးပွားရေးအခြေအနေ တိုးတက်ပြောင်းလဲနိုင်မှုတွေကို လုပ်ငန်းရှင်တွေအချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်မှ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်"ဟု အသင်းဥက္ကဋ္ဌ ဦးကိုကိုထွေးက ပြောသည်။

"အဲဒါကြောင့် နည်းပညာကောင်းများ၊ နည်းစနစ်ကောင်းများကို အကျိုးရှိစွာအသုံးချနိုင်ဖို့ နိုင်ငံတော်နဲ့ လုပ်ငန်းရှင်ကြား၊ လုပ်ငန်ရှင်းအချင်းချင်းတို့အတွက် ပေါင်းကူးတံတားဖြစ်အောင် ဒီအသင်းက လုပ်ဆောင်ပေးသွားပါမယ်။ အသင်းကြီးအောင်မြင်ဖို့အတွက်ကိုလည်း လုပ်ငန်းအမျိုးမျိုးက လုပ်ငန်းရှင်ကြီး/ ငယ်အားလုံး ပါဝင်ဖို့ပြောချင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

အဆိုပါ အသင်းကို ဗဟိုကော်မတီဝင်များ၊ ကော်မတီအသီးသီးကို တာဝန်ယူဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များ၏ ထည့်ဝင်ငွေဖြင့် အဓိက အသုံးပြုသွားမည်ဖြစ်ပြီး အသင်းသားများ၏ ဝင်ကြေး၊ လစဉ်ကြေးတို့ကောက်ခံ၍ ရပ်တည်မည်မဟုတ်ကြောင်း၊ ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များ၏ အောင်မြင်မှုများကို ဆောင်ရွက်ပေးမည်ဖြစ်သလို တောင်သူများ၊ အလုပ်သမားများ၏ ဘဝများကိုပါ မြှင့်တင်နိုင်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

# ရေကြီးရေလျှံမှုကြောင့် ငါးကန်များ ထိခိုက်ဆုံးရှုံးမှု မရှိစေရန် လုပ်ငန်းရှင်များအား အသိပေးပြောကြား

ရာသီဥတုပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသည့် ရေကြီးရေလျှံမှုများတွင် ငါးကန်များ ထိခိုက်ဆုံးရှုံးမှုမရှိစေရန်နှင့် ငါးမွေးမြူရေး လုပ်ငန်းရှင်များ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နိုင်ရန်အတွက် ငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဦးစီးမှူးက အသိပေးပြောဆိုခဲ့ကြောင်း သိရသည်။

"အခုဖြစ်နေတဲ့ ရာသီဥတုပြောင်း လဲမှုကြောင့် ရေကြီးနစ်မြုပ်မှုတွေ ဖြစ်ပေါ်နေတယ်။ အခုဖြစ်နေတဲ့ ဒေသကတော့ မွန်၊ ကရင်၊ တနင်္သာရီတိုင်းတွေမှာ အဓိကဖြစ်တာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ ငါးမွေးမြူရေးကဏ္ဍအနေနဲ့တော့ အဲ့ဒီနေရာတွေမှာ ဖွံ့ဖြိုးမှု သိပ်မရှိတဲ့အတွက် ဆုံးရှုံးမှုက အနည်းအကျဉ်းလောက်ပဲ ရှိနေနိုင်ပါတယ်။ တကယ် ဖြစ်လာမယ့် ဧရာဝတီမြစ်ရဲ့ ရေကြီးရေလျှံမှု ဖြစ်လို့ရှိရင်တော့ ဧရာဝတီတိုင်းရော ရန်ကုန်တိုင်းရော ထိခိုက်မှုများမှာဖြစ်ပါတယ်။ အဲဒါကြောင့် ကြိုတင်ပြင်ဆင်ထားဖို့ လိုပါတယ်''ဟု ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးလှဝင်းက ပြောသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ငါးမျိုးပြုန်းတီးမှု ကာကွယ်ရန်အတွက် ငါးမျိုးစိုက်ထည့်မှုများ ပြုလုပ်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးရေလျှံမှုကြောင့် ငါးကန်များ ထိခိုက်ပျက်စီးဆုံးရှုံးပါက ငါးသားပေါက်များ ကူညီထောက်ပံ့ရန်အတွက် မြန်မာတစ်နိုင်ငံလုံးရှိ နိုင်ငံတော်ပိုင် ငါးသားပေါက်စခန်းများ၌ ငါးသားပေါက်များ ထိန်းသိမ်းပြုစုထားကြောင်း သိရသည်။

အဆိုပါ ငါးသားပေါက်များမှာ မွေးမြူရေးငါးများဖြစ်သည့် ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးကြင်းတို့ဖြစ်ပြီး ရေကြီးရေလျှံ မှုကြောင့် ထိခိုက်ဆုံးရှုံးမှုဖြစ်ပါက သက်ဆိုင်ရာအုပ်ချုပ်ရေးပိုင်းနဲ့ ပူးပေါင်း၍ ထိခိုက်ဆုံးရှုံးမှု စာရင်းကောက်ခံပြီး ထိခိုက်ဆုံးမှုတန်ဖိုး၏ ပမာဏအတိုင်း မဟုတ်သော်လည်း အတိုင်းအတာတစ်ခုအထိ အခမဲ့ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ချောစု**

# ဆန်စပါးအထွက်တိုးခြင်းဆိုင်ရာစာအုပ်များကို အစိုးရနှင့် တောင်သူများထံ ပေးအပ်

မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်က ဆန်စပါးအထွက်တိုးခြင်းဆိုင်ရာ စာအုပ်များကို အစိုးရဌာနဆိုင်ရာနှင့် တောင်သူလယ်သမားများထံ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၂၃ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ပြုလုပ်ခဲ့သည်။

"မြန်မာနိုင်ငံမှာရှိနေတဲ့ တောင်သူလယ်သမားတွေရဲ့ အရေးကိစ္စသည် ဆန်စပါးအသင်းချုပ်ရဲ့အရေးကိစ္စလို သဘောထားပြီး စိုက်ပျိုးထုတ်လုပ်မှုနဲ့ ပတ်သက်တာကို ပိုမိုဆောင်ရွက်ပေးခဲ့ပါတယ်။ အလားတူပဲ နည်းပညာပြန့်ပွားရေးအတွက်ကိုလည်း NGO တွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ အများကြီးရှိပါတယ်။ ဆန်စပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးဆိုင်ရာ နည်းပညာစာအုပ်ကိုလည်း ထပ်မံရိုက်နှိပ်ထုတ်ဝေ လှူဒါန်းနိုင်တာ ဖြစ်ပါတယ်။ ထို့အတူပဲ ပေါ်ဆန်းမွှေးနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတွေ အများကြီးလုပ်ခဲ့ပြီး စာအုပ်ကို ထုတ်ဝေနိုင်ခဲ့တာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးသောင်းဝင်းက ပြောသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် 'မြန်မာ့ပေါ်ဆန်းမွှေး၏အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလား အလာဆွေးနွေးပွဲ'စာအုပ်ဆောင်ရွက်ခဲ့မှုများကို ဒေါက်တာစိန်လှဗိုလ်ကလည်းကောင်း၊ 'စပါးအထွက်တိုးနည်းပညာ အခြေခံဖြင့် မျိုးကောင်းမျိုးသန့် စိုက်ပျိုး ထုတ်လုပ်ပုံနည်းလမ်း' စာအုပ်ပြုစုနိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို စာရေးသူ ဦးဘဟိန်း (ဘဟိန်း-စိုက်ပျိုးရေး)ကလည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က မြန်မာ့ပေါ်ဆန်းမွှေး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာဆွေးနွေးပွဲစာအုပ်နှင့် စပါးအထွက် တိုးနည်းပညာအခြေခံဖြင့် မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ပုံနည်းလမ်းစာအုပ်များကို ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အသင်းချုပ်ဝင် တောင်သူလယ်သမားများအား ပေးအပ်လှူဒါန်းခဲ့သည်။

**သန်းထိုက်အောင်**

# ခရီးသည် နားနေဆောင်သစ် ရန်ကုန်လေဆိပ်တွင် ဖွင့်လှစ်

နိုင်ငံတကာစံနှုန်းနည်းတူ ပရီမီယမ် ဝန်ဆောင်မှုပေးသည့် ခရီးသည်နားနေဆောင်သစ်ကို ဩဂုတ် ၂၀ ရက်တွင် ရန်ကုန်လေဆိပ်၌ စတင် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ နားနေဆောင်သစ်ကို ပြည်တွင်း၊ ပြည်ပခရီးသည်များ လေယာဉ်ဆိုက်ရောက်ချိန်၊ ထွက်ခွာချိန်များတွင် နိုင်ငံတကာစံနှုန်းအတိုင်း အပြည့်အဝ ဝန်ဆောင်မှုပေးနိုင်စေရန် ရည်ရွယ်ခြင်းဖြစ်ပြီး လေဆိပ် Terminal 1 ၌ Mingalar Sky Premium Lounge ကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mingalar Sky Premium Lounge ဝန်ဆောင်မှုအနေဖြင့် အစားအသောက်၊ ရေချိုးခန်းတွဲလျက် နားနေခန်းအပြင် ခရီးသည်များ လွတ်လွတ်လပ်လပ်သွားလာနိုင်ရန်အတွက် ချက်ပြုတ်စားသောက်ခန်း စသည်တို့ ပါဝင်သည့်အပြင် အများပြည်သူ သွားလာနေသည့် ပုံစံမျိုးနှင့်မရောဘဲ သီးသန့်အနေဖြင့် VIP ပုံစံမျိုး ဝန်ဆောင်မှုအပြည့်အဝ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

# သမားရိုးကျထုတ်ကုန်များမှသည် ပြည်ပဈေးကွက်ဝင် အရည်အသွေးမြင့် ထုတ်ကုန်များဆီသို့

ခင်စောဝင်း (စစ်ကိုင်း)

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင်နေထိုင်ပြီး လယ်ယာ၊ သားငါး ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် အများဆုံးတွေ့ရှိရမည်ဖြစ်ကြောင်းနှင့် ကျေးလက်ဒေသကုန်ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်မှု၊ စီးပွားရေးတိုးတက်မှုတို့သည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကြီးမားသည့်အခန်းကဏ္ဍက ပါဝင်နေပြီး ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှ ဆင်းရဲနွမ်းပါးမှုလည်း လျော့ကျလာမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ချိတ်ဆက်ဆောင်ရွက်ရာတွင် ကျေးလက်များ၏ လယ်ယာ၊ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်၊ စားနပ်ရိက္ခာဖူလုံမှု၊ ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်ရရှိရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကိစ္စများကို နိုင်ငံတော်အစိုးရအနေဖြင့် ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမှာ အဟန့်အတားနှောင့်နှေးမှုများဖြစ်နေသည့် ထုတ်လုပ်မှုစရိတ်မြင့်မားခြင်း၊ ထုတ်လုပ်နိုင်မှုပမာဏနှင့် အရည်အသွေးမပြည့်မီမှုများကြောင့် ထိုက်သင့်သည့်ဈေးနှုန်းမရရှိခြင်း၊ ဝင်ငွေအကျိုးအမြတ်နည်းခြင်း၊ စီးပွားရေးလုပ်ငန်းများနှင့် တန်ဖိုးမြှင့် ထုတ်ကုန် (Value Added) ထုတ်လုပ်မှုကဏ္ဍများအား ပြည်တွင်းပြည်ပဈေးကွက်ရရှိနိုင်မှုလိုအပ်ချက်များအား ကြုံတွေ့နေရဆဲဖြစ်သည်။ သို့ဖြစ်၍ တောင်သူလယ်သမားများနေ့စဉ် ဝင်ငွေရရှိနိုင်မည့်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပေါင်းစည်းလယ်ယာလုပ်ငန်းများကိုလည်း ဆက်စပ်ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

စစ်ကိုင်းမြို့နယ် အောင်သာကျေးရွာရှိ Snacks Mandalay Co.Ltd မှ လယ်ယာထွက်ကုန်သီးနှံအမျိုးမျိုး ပြုပြင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေသည့် ဒေါက်တာ ပြည့်ဖြိုးအေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများတွေ့ဆုံ၍ မေးမြန်းရသမျှကို ရေးသားတင်ပြလိုက်ရသည်။

ထိုသို့ရေးသားတင်ပြခြင်းဖြင့် စစ်ကိုင်းခရိုင်၏ ငရုတ်သီးစိုက်တောင်သူများ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စားသုံးသူ ပြည်သူများ၏ ကျန်းမာရေးကောင်းမွန်ပြီး အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းသည့်၊ မှိုကင်းစင်သည့်ငရုတ်သီးကို စားသုံးနိုင်စေရန်၊ ဒေသရှိပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ ပြည်ပပို့ကုန်အဖြစ် နိုင်ငံခြားဝင်ငွေရရှိနိုင်စေရန်နှင့် ငရုတ်သီးတန်ဖိုးမြှင့်ထုတ်ကုန် (Value Added) ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်သူများ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်သည်။

Snacks Mandalay Co.Ltd., ကို ၂၀၁၅ ခုနှစ် ဩဂုတ်လမှ စတင်တည်ထောင်ခဲ့ရာ ၂၀၁၉ ခုနှစ် ဧပြီလတွင် စစ်ကိုင်းမြို့နယ် အောင်သာကျေးရွာရှိမြေဧရိယာ ၅ ဒသမ ၄၆ ဧကပေါ်တွင် လယ်ယာထွက်ကုန်သီးနှံအမျိုးမျိုး ပြုပြင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်သည့် ဒေါက်တာပြည့်ဖြိုးအေးက စက်ရုံကိုဆက်လက်တည်ထောင်ခဲ့သည်။ စက်ရုံမှထွက်သည့်ကုန်ချောကို ပြည်တွင်းနှင့် ထိုင်း၊ တရုတ်၊ အမေရိက၊ သီရိလင်္ကာနှင့် ဩစတြေးလျနိုင်ငံများသို့ တင်ပို့ ရောင်းချပါသည်။

တောင်သူများသည် မိရိုးဖလာလုပ်ငန်းပုံစံအတိုင်း သီးနှံများနေလှန်းအခြောက်ခံနေခြင်းကြောင့် လည်းကောင်း၊ ဟင်းခတ်အမွှေးအကြိုင် ထုတ်လုပ်သော စက်ရုံများနည်းပါးခြင်းကြောင့် လည်းကောင်း အဓိကပြဿနာဖြစ်သော မှိုတက်ခြင်း၊ ဖလံဖြူရာခိုင်နှုန်းများခြင်းများကြုံတွေ့ဖြစ်ပေါ် လျက်ရှိပါသည်။ ရိုးရာအစဉ်အလာအတိုင်း အခြောက်ခံသောနည်းလမ်းများတွင် ပို၍သန့်ရှင်းသော ပို၍မြန်ဆန်သော၊ ပို၍အရည်အသွေးမြင့်မားသောထုတ်ကုန်များ ဖြစ်စေရန်အတွက် နည်းလမ်းများမပါဝင်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် သီးနှံများ၏ထုတ်လုပ်ခြင်း ကွင်းဆက်များတွင် ခေတ်မီဆန်းသစ်သောနည်းလမ်းများ အသုံးပြုခြင်းဖြင့် ကုမ္ပဏီ၏အကျိုးအမြတ်များကို မြှင့်တင်နိုင်သည့် အခွင့်အလမ်းဖြစ်လာပေသည်။

တောင်သူများအား အထွက်နှုန်းတိုးစေသောမျိုးများ ဖြန့်ဝေပေးခြင်း၊ နည်းပညာအားဖြင့် ရောဂါထိန်းချုပ်ခြင်း၊ မြေဆီလွှာ စီမံခန့်ခွဲခြင်းအတွက် ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပါရဂူများဖြင့် တောင်သူများကို အသိပညာ၊ အတတ်ပညာများ မျှဝေသင်ကြားပေးပြီး ကြားပွဲစားများ၊ ကုန်စည်ဒိုင်များကိုကျော်လွန်၍ တောင်သူများဆီမှ တိုက်ရိုက်ဝယ်ယူမှုများအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ကုမ္ပဏီသည် သီးနှံတစ်မျိုးတည်းကို တစ်နှစ်ပတ်လုံး ထုတ်လုပ်နေခြင်းမဟုတ်ဘဲ ရာသီအလိုက် သီးနှံများကိုရွေးချယ်၍ ထုတ်လုပ်လျက်ရှိသည့်အတွက် တောင်သူများကို တစ်နှစ်ပတ်လုံး ဝင်ငွေရရှိရန် ကူညီပေးနိုင်သည်။

၂၀၂၀ ခုနှစ်တွင်ကုမ္ပဏီသည် ကျေးလက်ဒေသ၊ ကျေးရွာများမှ တောင်သူအယောက် ၁၀၀၀ တွင် ၆၀ ရာခိုင်နှုန်းရှိသော အမျိုးသမီးများကို အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူနေမှုဘဝမြင့်မားအောင် ဆောင်ရွက်ပေးမည်ဖြစ်ပြီး တောင်သူများဆီမှ ဝယ်ယူသော ငရုတ်သီး ဈေးနှုန်းများအား ခိုင်မာသောဈေးကွက်ဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ ငရုတ်စိုက်ပျိုးခြင်းလုပ်ငန်းဖြစ်သော ပျိုးထောင်ခြင်း၊ ဘောင်ရွှေ့ခြင်း၊ ပေါင်းရှင်းခြင်းနှင့် ခူးဆွတ်ချိန်များတွင် အမျိုးသမီးနေ့စားလုပ်သားများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်စေရုံသာမက မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးကတစ်ခုဖြစ်သည့် စိုက်ပျိုးရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ပေးနိုင်မည်ဟု ယုံကြည်သည်။

ကုမ္ပဏီမှနည်းပညာအခြေခံ၍ စနစ်တကျအခြောက်ခံခြင်း၊ ကုန်ထုတ်လုပ်မှုဆိုင်ရာတွင်လည်း FDA, GMP, HACCP, ISO 22000 စသည့် နိုင်ငံတကာစံချိန်စံညွှန်းများကိုလိုက်နာ၍ ထုတ်လုပ်ထားသဖြင့် စားသုံးသူများအတွက် ဘေးအန္တရာယ်ဖြစ်စေသော မှို၊ ဆိုးဆေးနှင့် Aflatoxin မှိုအဆိပ်များကို ကောင်းစွာထိန်းချုပ်ထုတ်လုပ်ထားစေသည်။

ငရုတ်ကိုအခြောက်လှန်းရာတွင် အခြောက်ခံစက်ဖြင့်လှန်းလျှင် နှစ်ရက်၊ သုံးရက်ခန့်လှန်းရပြီး အပြင်မှာလှန်းလျှင် ငါးရက်ခန့်ကြာပြီး ဖလံဖြူ ၁၂ ရာခိုင်နှုန်းပါဝင်ကြောင်း တွေ့ရှိရခြင်း၊ ဂတ်(စ်)ဖြင့်အပူပေး အခြောက်လှန်းလျှင် ၂၄ နာရီသာကြာ၍ဖလံဖြူ တစ်ရာခိုင်နှုန်းသာ ပါဝင်ကြောင်းတွေ့ရှိရသည်။ ငရုတ်အခြောက်ခံစက်တစ်လုံး၏ တန်ဖိုးမှာ ၁၇၈ ကျပ်သိန်းခန့်ရှိပြီး တစ်လုံးလျှင် ဗန်း ၁၈၀ ခန့် လှန်းနိုင်သည့် စက်လေးလုံးရှိကြောင်း တွေ့ရှိရသည်။ အဆိုပါအခြောက်ခံစက်ဖြင့် ယို၊ သရက်သီး၊ သရက်ပြားနှင့် ကောက်ပဲသီးနှံအစုံ လှန်း၍ရကြောင်း သိရှိရသည်။

ယခင်ကနည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှု အားနည်းမှုများကြောင့် ပြည်ပနိုင်ငံသို့ ကုန်ကြမ်းအတိုင်းသာ ရောင်းချနိုင်ပြီး လိုအပ်သောကုန်ကြမ်းအား ပြည်ပနိုင်ငံများမှပြန်လည်တင်သွင်းနေရခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန် မထုတ်လုပ်နိုင်ခြင်းကြောင့် ကုန်ကြမ်းဈေးကွက်တစ်ခုတည်းသာမှီခိုနေရ၍ ဈေးကွက်မတည်မငြိမ်ဖြစ်ခြင်း၊ ငရုတ်သီးကုန်ကြမ်း ပေါများစွာထွက်ရှိပါသော်လည်း ဈေးကွက်အရောအနှော၊ မှိုအဆိပ်နှင့် ဓာတုဆိုးဆေးများပါသော ငရုတ်ဆီ၊ ငရုတ်သီးမှုန့်နှင့် နနွင်းမှုန့်များအား ဝယ်ယူစားသုံးနေကြရသည်ကို တွေ့ရှိရသည်။

ယခုအခါစားသုံးသူများ၏ ကျန်းမာရေးအသိအမြင် ပြောင်းလဲလာမှုကြောင့် ကျန်းမာရေးနှင့်ညီညွတ်သော အရည်အသွေးပြည့်မီသည့် စားသောက်ကုန်၊ ဟင်းခတ်အမွှေးအကြိုင်များအား မြန်မာတစ်နိုင်ငံလုံးရှိ ကုန်တိုက်ကြီးများ၊ ဈေးများတွင် သင့်တင့်သောဈေးနှုန်းဖြင့် ရွေးချယ် ဝယ်ယူစားသုံးလာနိုင်မည်ဖြစ်ရာ ပြည်တွင်းကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာမှုကိုလည်း အထောက်အကူပြုလာမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် ငရုတ်သီးတင်ပို့ရောင်းချနေသည့် ထိပ်ဆုံးငါးနိုင်ငံတွင်ပါဝင်ကြောင်း၊ ထို့ကြောင့် လွတ်လွတ်လပ်လပ် Export တင်ခွင့်ပြုသင့်ကြောင်း၊ ပြည်ပနိုင်ငံများမှ ငရုတ်သီးတင်သွင်းခြင်းကို ခွင့်ပြုခြင်းမရှိမှသာ ပြည်တွင်း၌ ခိုင်မာသည့် ဈေးကွက်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်းငရုတ်သီးထွက်သည့်အချိန်မှာ ပြည်ပနိုင်ငံများမှ ပေးသွင်းခြင်းဖြင့် ပြည်တွင်းမှ ငရုတ်သီးဈေးနှုန်း ကျသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်း၏ လက်ရှိဈေးကွက်အနေအထားမှာ အိန္ဒိယ၊ တရုတ်နှင့် ထိုင်းတို့အား မှီခိုနေရကြောင်း၊ သို့ဖြစ်ပါ၍ ပြည်တွင်းစားသုံးနေ သည့်ဈေးကွက်၊ ပြည်တွင်းဝယ်လက်နှင့်ငရုတ်သီး သိုလှောင်သောသူ များအတွက် အိန္ဒိယ၊ တရုတ်နှင့် ထိုင်းဝယ်လက်တို့အား မှီခိုနေရပါ ကြောင်းသိရှိရ သည်။

တန်ဖိုးမြှင့် (Value Added) ထုတ်ကုန်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံသားများ ကျန်းမာရေးနှင့် ညီညွတ်သော မှိုအဆိပ်၊ ဓာတုဆိုးဆေးနှင့် အရောအနှောကင်းစင်၍ လတ်ဆတ်သောအသင့်သုံး ဟင်းခတ်ပစ္စည်းများ စားသုံးခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူပြုမည်ဖြစ်ကာ ပြည်တွင်းသာမက ပြည်ပနိုင်ငံများအထိ တင်ပို့ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်မည်ဖြစ်ကာ နိုင်ငံခြားသွင်းကုန်များကို လျှော့ချနိုင်ခြင်း၊ တည်ငြိမ်သော ဈေးကွက်ကို ဖော်ဆောင်နိုင်ခြင်း၊ တောင်သူများနှင့် အကျိုးတူစိုက်ပျိုးခြင်း၊ နည်းပညာဖြန့်ဖြူးပေးခြင်း၊ အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခြင်းတို့ကြောင့် ဒေသခံများနှင့် ငရုတ်စိုက်တောင်သူများ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးရာလည်း ရောက်ခြင်း၊ ငရုတ်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူလုပ်ငန်းရှင်များ၏ စီးပွားရေးအခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## စစ်ကိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၄) ကြိမ်မြောက် (၈/၂၀၁၉) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂၀ ရက်တွင် စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ကျင်းပခဲ့ရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင်များ စားသုံးသူကိုယ်စားလှယ်၊ စီးပွားရေးလုပ်ငန်းရှင်၊ ဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် စစ်ကိုင်းခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်ကျော်က ၇/၂၀၁၉ အစည်းအဝေးဆုံးဖြတ်ချက်အပေါ် မှတ်တမ်းတင်ခွင့်ပြုပါရန်၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် စစ်ကိုင်းခရိုင် ဦးစီးမှူးရုံး၊ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဩဂုတ်လလုပ်ငန်း ဆောင်ရွက်မှုလချုပ်၊ စားသုံးသူရေးရာအဖွဲ့ဖွဲ့စည်းပြီးစီးမှု၊ ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း ထုတ်ကုန်လုံခြုံ စိတ်ချရမှုဌာနခွဲမှ မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ လုံခြုံစိတ်ချရမှုမရှိသော ကုန်ပစ္စည်းများအား ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်း/တားမြစ်ခြင်းဆောင်ရွက်မှု၊ ဈေးကွက်စောင့်ကြည့်လေ့လာ စစ်ဆေးချက်မှတ်တမ်းဆောင်ရွက်မှု၊ ရှောင်တခင် ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်မှု၊ CICC ရုံးသို့ တိုင်ကြားလာမှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ (၉/၂၀၁၉) လအတွင်း ဆောင်ရွက်မည့်အစီအစဉ်နှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအား ဆောင်ရွက်ခွင့်ပြုပါရန်တင်ပြ၍ တက်ရောက်လာသည့် အဖွဲ့ဝင်များ၏ တင်ပြဆွေးနွေးမှုများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး မိတ်ဖက် ဆက်စပ်ဌာနများမှလည်း ရှေ့ဆက်လက် လုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

**သင်းယုနွယ် (စစ်ကိုင်း - DOCA)**

# ဘားအံ အထက(ခွဲ)ကျောင်းများတွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်းများစစ်ဆေး

ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ရုံးမှ ဩဂုတ် ၁၉ ရက်မှ ၂၁ရက်အထိ ဘားအံမြို့နယ် အ. ထ. က(ခွဲ)ကျောင်း သုံးကျောင်း၌ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများအား စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

ဩဂုတ်၁၉ရက်တွင် အ. ထ. ကခွဲ (မြိုင်ကလေး)ကျောင်းတွင်လည်းကောင်း၊ ဩဂုတ် ၂၀ ရက်တွင် အ. ထ. ကခွဲ(ကော့တာ)ကျောင်းတွင်လည်းကောင်း၊ ဩဂုတ် ၂၁ ရက်တွင် အ. ထ. ကခွဲ (တောင်ကလေး)ကျောင်းတွင်လည်းကောင်း ကျောင်းကျန်းမာရေးအဖွဲ့ ကော်မတီဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနဝန်ထမ်းများနှင့် အစားအသောက်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဝန်ထမ်းများ ပူးပေါင်း၍ စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စားသုံးသူရေးရာဦးစီးဌာနပြည်နယ် ဦးစီးမှူးရုံးမှ အကြီးတန်းစာရေး ဒေါ်ခင်ကြည်က ကုန်စည်နှင့် ဝန်ဆောင်မှု၊ စားသုံးသူကာကွယ်ရေး အကြောင်း၊ စားသုံးသူများရရှိနိုင်သည့် အခွင့်အရေးများနှင့်တာဝန်များအား အသိပညာပေး ဟောပြောခဲ့သည်။

ယင်းနောက်စားသုံးသူကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများအား စားသုံးသူကာကွယ်ရေးဥပဒေစာအုပ်ပေးအပ်ခြင်းတို့ပြုလုပ်ခဲ့ပြီး ဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ စုစုပေါင်း ၁၂၀၀ တက်ရောက်ကြောင်း သိရသည်။ ယင်းနောက် ကျောင်းဝင်းအတွင်းရောင်းချလျက်ရှိသည့် ဈေးဆိုင်များကိုလည်း စစ်ဆေးဆောင်ရွက်ခဲ့သည်။

**ခင်ကြည် (ကရင်ပြည်နယ်)**

## ယာမြေများ၌ နှစ်ရှည်ပင် စိန်တလုံးသရက်၊ သနပ်ခါးနှင့် လျှော်ဖြူစိုက်ပျိုးလာကြ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ပုံမှန်စိုက်သည့်နှမ်း၊ မြေပဲ၊ ပဲမျိုးစုံတို့အပြင် သစ်တောသီးနှံဖြစ်သော နှစ်ရှည်ပင်များကို စိုက်ပျိုးနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ယခုနှစ်ရာသီဥတုပြောင်းလဲမှုမှ ယခုနှစ်မိုးရာသီ မိုးခေါင်တယ်။ နှမ်းမြေပဲစိုက်သူတွေ တော်တော်စိတ်မောရတယ်။ မိုးမျှော်ကြရတယ်။ ဒီတော့ တောင်သူတွေ ပုံမှန်စိုက်တဲ့ သီးနှံအပြင်သစ်တောသီးနှံတွေဖြစ်တဲ့ စိန်တလုံးသရက်၊ လျှော်ဖြူ သနပ်ခါးပင်ကို သီးညှပ်အဖြစ် စိုက်ကြပြီး ငွေရတာပေါ့" ဟုရေနံချောင်းမြို့နယ် တောင်သူဦးသန်းက ပြောသည်။ ပြီးခဲ့သည့် သရက်သီးရာသီတွင် စိန်တလုံးတစ်ခြင်းလျှင် တရုတ်ငွေယွမ် ၁၂၀ ကနေ ၁၈၀ အထိရခဲ့ကြောင်း ၎င်းကပြောသည်။

လက်ရှိတောင်သူများသည် သစ်တောသီးနှံခေါ် နှစ်ရှည်ပင်ကိုစိုက်ခြင်းဖြင့်လည်း ဝင်ငွေရရှိကြောင်း စိန်တလုံးသရက်၊ လျှော်ဖြူပင်၊ သနပ်ခါးပင်များ ပြည်တွင်း၊ ပြည်ပ ဈေးကွက်ဝင်ကာ ဝင်ငွေရနေသည်။ သစ်တောသီးနှံအဖြစ် စိန်တလုံးသရက်ပျိုးပင် ၁၀၀၊ သနပ်ခါးပျိုးပင် ၁၀၀၊ လျှော်ဖြူပင် ၈၀၀ ကိုစိုက်ပျိုးရန် တောင်သူများအား ဖြန့်ဝေပေးထားကြောင်း ရေနံချောင်းမြို့ နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## ဖျာပုံမြို့ အထက(၃)၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အသိပညာပေးဟောပြော

၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကို ဖျာပုံမြို့ အထက(၃) သင်တန်းခန်းမတွင် ဩဂုတ် ၁၆ ရက်က အသိ ပညာပေး ဟောပြောပွဲပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင်မြို့နယ်ပညာရေးမှူး ဦးတိုးဝင်းက အဖွင့်အမှာ စကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသန့်ဇင်နိုင်က ရာသီတုပ်ကွေး ကြိုတင်ကာကွယ်ရေး အကြောင်းကိုလည်းကောင်း၊ စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးမိုးမင်းသန်းက ၂၀၁၉ ခုနှစ်၊ စားသုံးသူ ကာကွယ်ရေးဥပဒေပါ စားသုံးသူအခွင့်အရေး ရှစ်ချက်အား သရုပ်ပြပုံများနှင့် ရှင်းလင်းခြင်း၊ တိုင်ကြားနိုင်သည့်နည်းလမ်းများနှင့် တိုင်ကြားနိုင်သည့် လိပ်စာများ ပေးခြင်း၊ သရုပ်ဆောင် ကျော်ထူး၏ ဗီဒီယိုဖိုင်အားပြသခြင်း၊ ၂၀၂၀ ခုနှစ် မတ် ၁၅ ရက်တွင် Labelling အခန်းမှအာဏာသက်ရောက်မည့်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခြင်းဖြင့်လည်းကောင်း၊ ဒုတိယမြို့နယ်တာဝန်ခံဦးမင်းဇော်က အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာ ဘေးအန္တရာယ်ကင်းဝေးစေရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ အားကစား နှင့်ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းထိန်က အားကစားပြုလုပ်ရခြင်း၏ အကျိုးကျေးဇူးများအကြောင်းကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးညီညီလွင်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု ဒုတိယရဲအုပ်ဇာနည်ထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ မြို့ပေါ်ရှိ အထက်ကျောင်းအုပ်များ၊ ကျောင်းအကျိုးဆောင်များ၊ ဆရာ/ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ၂၉၂ ဦး တက်ရောက်ကြောင်းသိရသည်။

**မင်းဇော်မွန်(ဖျာပုံ)**

## မအူပင်တက္ကသိုလ်၌ စားသုံးသူရေးရာသိကောင်းစရာအသိပညာပေးဟောပြော

မအူပင်တက္ကသိုလ်၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန မအူပင် ခရိုင် ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီတွင် ဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မအူပင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသုခချမ်းက ရာသီတုပ်ကွေးကာကွယ်ရေးနှင့် ဖြစ်စဉ်များအကြောင်း၊ ကျောင်းကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ဇော်ဝင်းလှိုင်က B ပိုးနှင့် HIV အကြောင်း၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒေါက်တာကောင်းထွဋ်ဝင်းက သွားကျန်းမာရေးအကြောင်းများနှင့် မအူပင်ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးဇော်မင်းက စားသုံးသူကာကွယ်ရေးဥပဒေသစ်၏ အနှစ်သာရ စားသုံးသူများ၏ အခွင့်အရေးကုန်စည်နှင့် ဝန်ဆောင်မှု တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ကမ္ဘာ့စားသုံးသူများနေ့ ဖြစ်ပေါ်လာပုံများကို ဟောပြောဆွေးနွေးခဲ့သည်။

ဟောပြောဆွေးနွေးပွဲသို့ ပါမောက္ခချုပ်နှင့် တွဲဖက်ပါမောက္ခများ၊ ဆရာ/ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၉၀၀ ကျော် တက်ရောက်ခဲ့သည်။

**Consumer - MT**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်

အာဖရိကဝက်အပြင်းဖျားရောဂါဖြစ်ပွားလျက်ရှိသော တရုတ်နိုင်ငံနှင့် နယ်နမိတ်ထိစပ်နေသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသ ကျိုင်းတုံခရိုင်အတွင်းရှိ မြို့နယ်များတွင် အာဖရိကဝက်အပြင်းဖျားရောဂါ ပျံ့နှံ့လာခြင်းမရှိစေရန် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် သတင်းမီဒီယာများ ပူးပေါင်းဆောင်ရွက်ကြောင်း သိရသည်။

အာဖရိကဝက်အပြင်ဖျားရောဂါ ကာကွယ်နိုင်သည့်ဆေး မရှိသေးသည့်အတွက် ကျိုင်းတုံခရိုင်အတွင်းသို့ ရောဂါပျံ့နှံ့ခြင်းမဖြစ်ပွားစေရန်အတွက် ဝက်နှင့် ဝက်သားထွက်ကုန်များ ဝင်ရောက်လာခြင်းမရှိစေရန် တားမြစ်ထားပြီး ဩဂုတ် ၁၅ ရက်မှစ၍ ပူးပေါင်းစစ်ဆေးရေးဂိတ်များသို့ ဖြတ်သန်းဝင်ရောက်လာသည့် မော်တော်ယာဉ်များအား ပိုးသတ်ဆေးဖျန်းခြင်း၊ ဝက်နှင့်ဝက်သားထွက်ကုန်များ ဝင်ရောက်လာမှုမရှိစေရန် ကြပ်မတ်ဆောင်ရွက်နေကြောင်း သိရသည်။ ကျိုင်းတုံမြို့နယ်အတွင်းရှိ ဝက်မွေးမြူရေးခြံများ စည်ပင်သာယာဈေးများအတွင်းရှိ ဝက်သားရုံများနှင့် စည်ပင်သာယာပိုင် ဝက်သားသတ်ရုံ၌တွင်လည်း ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်နေပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

**ရန်နောင်(ကျိုင်းတုံ)**

# စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်

စားသုံးသူရေးရာဦးစီးဌာနအောက်ရှိဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားစေရန်နှင့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်စေရန်အတွက် ဩဂုတ် ၁၆ ရက်နှင့်၁၇ ရက်တို့တွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (Mobile Training) ကို စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ သင်တန်းသား/သင်တန်းသူ ၅၀ ဦးနှင့်ခရိုင်ဦးစီးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် စားသုံးသူရေးရာဦးစီး ဌာန စားသုံးသူရေးရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက အဖွင့်အမှာစကားပြောကြားပြီး ပထမနေ့သင်ခန်းစာများပို့ချခဲ့ရာ ဒုတိယညွှန်ကြားရေးမှူး ဦးခမ်လျန်စွမ်းက ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲ ဘာသာရပ်ကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းရည်မွန်ဟန်က စားသုံးသူရေးရာဌာနခွဲဘာသာရပ်ကို လည်းကောင်း၊ ညွှန်ကြားရေးမှူးဒေါ်ဝင်းကြူက ငွေစာရင်းဘာသာရပ်ကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီလာသိန်းက မူဝါဒလေ့လာရေးနှင့် စီမံကိန်းစာရင်းဌာနခွဲ ဘာသာရပ်ကိုလည်းကောင်း ဆွေးနွေးပို့ချခဲ့သည်။

သင်တန်းဒုတိယနေ့တွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စိုးမိုးက ယှဉ်ပြိုင်မှုဥပဒေဘာသာရပ်ကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝေရည်လင်းက သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေး စီမံခန့်ခွဲရေးဌာနခွဲ ဘာသာရပ်ကိုလည်းကောင်း၊ ဦးစီးအရာရှိဒေါ်ခင်မျိုးဆွေက ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုနှင့် သုတေသနဌာနခွဲ ဘာသာရပ်ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဟန်ဝင်းကျော်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဘာသာရပ်နှင့် စီမံရေးရာဌာနခွဲဘာသာရပ်ကို လည်းကောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် သင်တန်းသား/သူ ၅၀ အား အုပ်စု(၅)စုဖွဲ့၍ ခေါင်းစဉ်တစ်မျိုးစီဖြင့် တိုင်ကြားမှုဖြစ်စဉ်များ ဥပမာပေး၍ ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းများကို ညှိနှိုင်းဝိုင်းဝန်း ဆွေးနွေးဆုံးဖြတ်ချက်များတင်ပြမှုကို ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက အဖွဲ့များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ဖြည့်စွက်ရှင်းလင်း ဆွေးနွေးပေးခြင်း သင်တန်းသား/သူများ၏ တင်ပြချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**သင်းသင်းအေး(မုံရွာ)**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)ရှိ အထက (၂)၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများ စစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အတွင်းရှိ အ-ထ-က(၂) ၌ ဩဂုတ် ၁၆ ရက်တွင် ရန်ကုန် အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် စားသုံးသူများဖြစ်ကြသော ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများနှင့် ကျောင်းမုန့်ဈေးတန်းတို့တွင် ရောင်းချလျက်ရှိသော စီးပွားရေးလုပ်ငန်းရှင်တို့အား စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောဆွေးနွေးခြင်းနှင့် ကျောင်းမုန့်ဈေးတန်းတို့အား ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



အဆိုပါဟောပြောဆွေးနွေးပွဲတွင် အရှေ့ပိုင်းခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးစီးအရာရှိ ဒေါ်နွယ်ဇင်ဝင်းက စားသုံးသူကာကွယ်ရေးဥပဒေ စတင်ပေါ်ပေါက်လာပုံနှင့် ဥပဒေပါအကြောင်းအရာများ ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် အတည်ပြုပြဋ္ဌာန်းလိုက်သော စားသုံးသူကာကွယ်ရေး ဥပဒေတွင် ပါဝင်သော ဥပဒေ၏ရည်ရွယ်ချက်များ၊ ကော်မရှင်ဖွဲ့စည်းခြင်း၊ ကော်မရှင်၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ၊ စားသုံးသူရေးရာကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ စားသုံးသူ၏အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များဖြစ်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ လုံခြုံစိတ်ချမှုရှိစေခြင်းနှင့် ယင်းတို့၏အပေါ် စားသုံးသူအနေဖြင့် တောင်းဆိုနိုင်သည့် အခွင့်အရေးများ၊ ဥပဒေ၏အခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ(၄၃)အရ ပုဒ်မ(၄၁)၊ ပုဒ်မခွဲ(ခ)နှင့်(ဆ)တို့ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ မဖြစ်မနေ ရေးသားဖော်ပြရမည်ဖြစ်ပြီး ယင်းဥပဒေသည် ထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်ပြီးနေ့ရက်မှ စတင်၍ အာဏာတည်စေမည်ဖြစ်ကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ပြီး စားသုံးသူများအနေဖြင့် နစ်နာဆုံးရှုံးမှုရှိခဲ့လျှင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးဌာန CICC ရုံးများတွင် တိုင်ကြားနိုင်ကြောင်းတို့ကို ဖြည့်စွက် ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်အေးအေးမော်က မှည့်ဆေး၊ ဆိုးဆေး၊ တာရှည်ခံဆေး၊ ယင်မနားဆေးတို့၏ ဆိုးကျိုးများအကြောင်းနှင့် ပိုးသတ်ဆေးများ၏ ဘေးဥပဒ်အန္တရာယ်တို့ကို ရှင်းလင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချလျက်ရှိသော ဈေးသူ/ဈေးသားများ၏ တစ်ကိုယ်ရေသန့်ရှင်းမှု အခြေအနေနှင့် သက်တမ်းလွန်မုန့်များ ရောင်းချနေခြင်း ရှိ/မရှိ၊ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန FDA က တားမြစ်ထားသော မုန့်များ ရောင်းချနေခြင်းရှိ/မရှိတို့ကို ဆရာ/ ဆရာမများနှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ပြီး စားသုံးသူကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **တင်မင်း(ရန်ကုန်)**

# လှိုင်ကော်မြို့နယ် မထောခူကျေးရွာအုပ်စု၌ လယ်ယာသုံး စက်ကိရိယာများနှင့် စပ်လျဉ်း၍ အသိပညာပေး

ကယားပြည်နယ် လှိုင်ကော်ခရိုင် စားသုံးသူရေးရာဦးစီးဌာနက ဩဂုတ် ၂၁ ရက်တွင် လှိုင်ကော်မြို့နယ် မထောခူကျေးရွာအုပ်စုရှိ တောင်သူ ၃၃ ဦးအား လယ်ယာသုံးစက်ကိရိယာ ရိတ်သိမ်းခြွေလှေ့စက်များနှင့် စပ်လျဉ်း ၍ အသိပညာပေးဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြို့ရီက စက်မှုလယ်ယာဦးစီးဌာနနှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့ ညှိနှိုင်းသဘောတူချက်များအနက် တောင်သူများအနေဖြင့် ရိတ်သိမ်းခြွေလှေ့စက်များအပါအဝင် လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူရာတွင် သက်ဆိုင်ရာဌာန/အသင်းအဖွဲ့များ၏ အကြံဉာဏ်များကိုရယူပြီး လေ့လာရွေးချယ်ဝယ်ယူအသုံးပြုကြရန်နှင့် လယ်ယာသုံးစက်ကိရိယာများ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရာတွင် လက်မှတ်မရေးထိုးမီ စာချုပ်ပါအချက်များမှာ နှစ်ဦးနှစ်ဖက်ညီညွတ်မျှတ လက်ခံနိုင်မည့် အနေအထားရှိ/မရှိ၊ ရောင်းသူဘက်က တစ်ဖက်သတ် ထည့်သွင်းရေးသွင်းထားသည့် အချက်အလက်များ ပါဝင်မှုရှိ/မရှိ၊ ရောင်းသူဘက်က ဝယ်ယူသူတောင်သူများသို့ ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုနှင့် အပိုပစ္စည်းများရရှိနိုင်မှုအာမခံချက်များမှာ ကျိုးကြောင်းဆီလျော်မှုရှိ/မရှိနှင့် အတိုးနှုန်းသင့်တင့်မျှတမှု ရှိ/မရှိတို့အား သက်ဆိုင်ရာဥပဒေပညာရှင်များထံ အကြံဉာဏ်များရယူပြီးမှသာ စာချုပ်ချုပ်ဆိုကြရန်၊ ကုန်ပစ္စည်း(သို့) ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲရာတွင် နစ်နာဆုံးရှုံးမှုများရှိပါက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော တောင်သူလယ်သမားများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ရှင်းလင်းဖြေကြား၍ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စားသုံးသူ နစ်နာဆုံးရှုံးမှုအတွက် တိုင်ကြားနိုင်သည့် ကုန်စည်(သို့) ဝန်ဆောင်မှုများဖော်ပြထားသည့် ဗီနိုင်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **ကျော်မိုး (ကယား)**

# ပခုက္ကူခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ပခုက္ကူခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၄/၂၀၁၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၉ ရက်တွင် ပခုက္ကူခရိုင်၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပခုက္ကူခရိုင်ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းအရေးအဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အတွင်းရေးမှူး ခရိုင်ဦးစီးမှူးဦးသန်းဦးက မိမိတို့၏ စားသုံးသူရေးရာဦးစီးဌာနသည် ယခင်စားသုံးသူ အကာကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ် မတ် ၁၅ ရက်တွင် (ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ကြောင်း၊ ယခု စားသုံးသူကာကွယ်ရေး ဥပဒေသစ်ကို ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ကြောင်း၊ ဥပဒေသစ်၏ အခန်း(၃)တွင် ဗဟိုကော်မတီအစား ကော်မရှင်ဟုပြောင်းလဲသုံးစွဲထားကြောင်း၊ ယခင် ၂၀၁၄ ခုနှစ် ထုတ်ပြန်ထားသော ဥပဒေအရ စားသုံးသူ အငြင်းပွားမှု အစည်းအဝေးများ၊ အသိပညာပေး ဟောပြောပွဲများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန်ဈေးကွက် စောင့်ကြည့် စစ်ဆေးခြင်းများ၊ လုပ်ငန်းရှင်နှင့် တွေ့ဆုံခြင်းများကို ဗဟို၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ထိ ဆောင်ရွက်ခဲ့သည်ဖြစ်ကြောင်း၊ ယခု အစည်းအဝေးသည် စားသုံးသူကာကွယ်ရေး ဥပဒေသစ်အရ ဖွဲ့ စည်းမည့်ကော်မရှင် ဖွဲ့စည်းပြီးသည်အထိ စားသုံးသူ ကာကွယ်ရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသောကြောင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ အချက်အလက်မပြည့်စုံသော၊ ထောက်ခံချက်မပါရှိသော၊ တားမြစ်ထားသော အစားအစာများကို နမူနာပြသရှင်းလင်းခဲ့ပြီး ဥပဒေသစ်(၂၀၁၉)တွင် ပြဋ္ဌာန်းထားသော အခန်း(၁၈) ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ စသည့်အကြောင်းအရာများကို ရှင်းလင်း ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဌာနဆိုင်များမှ သက်ဆိုင်ရာကဏ္ဍအသီးသီးအလိုက် အကြံပြုဆွေးနွေးခဲ့ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သူဇာကျော် (ပခုက္ကူ)**

# စားသုံးသူအသိပညာပေးဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်းများ စစ်ဆေး

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ဩဂုတ် ၂၀ ရက်တွင် အ. ထ. က(ခွဲ) ကရင်ဝင်းစိန်ကျောင်းနှင့် အ. မ. က(ဘုရားကြီးကုန်း)တို့၌ ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးမင်းနောင်နှင့် ချောင်းဆုံမြို့နယ်မှ ဝန်ထမ်းများ၊ စားသုံးသူကာကွယ်ပေးရေး ဟောပြောပွဲအဖွဲ့ အမှတ်(၃)မှ ဝန်ထမ်းများဖြင့် ဟောပြောပွဲများ ကျင်းပခဲ့သည်။

ဟောပြောဆွေးနွေးပွဲများတွင် ချောင်းဆုံမြို့နယ်ပညာရေးမှူး ဦးလှဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးမင်းနောင်က ၂၀၁၉ ခုနှစ် စားသုံးသူ ကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းပြီးစီးမှုနှင့် စားသုံးသူအခွင့်အရေးများ၊ လိုက်နာရမည့် တာဝန်များ၊ သတိပြုရမည့် အချက်များ၊ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ အသိပညာပေးမှုများ၊ စားသုံးသူပြည်သူများအနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုတို့အပေါ် နစ်နာဆုံးရှုံးမှုများရှိလျှင် စားသုံးသူရေးရာ ဦးစီးဌာနရှိ CICC ရုံးများသို့ တိုင်ကြားနိုင်ကြောင်း၊ တိုင်ကြားနိုင်သည့် နည်းလမ်းများကိုလည်း အသေးစိတ် ရှင်းလင်းဆွေးနွေးခြင်း၊ မိမိတို့ဌာနအနေဖြင့် လက်ရှိညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည့် ဝန်ဆောင်မှု လုပ်ငန်းများကိုလည်း ထည့်သွင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲအပြီးတွင် ကျောင်းဝင်းအတွင်း ရောင်းချလျက်ရှိသည့် ကျောင်းမုန့်ဈေးတန်းအား ကျောင်း စားသုံးသူကာကွယ်ရေးအဖွဲ့များဖြင့်ရောင်းချသည့်မုန့်မျိုးစုံ /အချိုရည် / အသုပ်ဆိုင်များနှင့် အအေးဆိုင်များအား သန့်ရှင်းသပ်ရပ်မှု ရှိစေရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းအောင် ရောင်းချသွားနိုင်ရေး စစ်ဆေးမှာကြားခဲ့သည်။

**မင်းနောင် ( DOCA- မွန်)**

# တာဟန်းဈေးအတွင်းရှိ အလှကုန်ဆိုင်၊ ဆေးဆိုင်နှင့် ကုန်စုံဆိုင်များ ကွင်းဆင်းစစ်ဆေး

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနက ဦးဆောင်၍ ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီတွင် စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဈေးကော်မတီများ ပူးပေါင်း၍ ကလေးမြို့၊ တာဟန်းဈေးအတွင်းရှိ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များ၊ အလှကုန်ပစ္စည်းဆိုင်များ၊ ကုန်စုံဆိုင်များ စုစုပေါင်း ၂၁ ဆိုင်သို့ ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် FDA ဌာနက သုံးစွဲရန်မသင့် ကြေညာထားသောအလှကုန်များ၊ သက်တမ်းလွန်နေသောဆေးဝါးများနှင့် သက်တမ်းလွန်နေသောစားသောက်ကုန်များတွေ့ရှိ၍ သိမ်းဆည်းအရေးယူခြင်းနှင့် နောင်တွင်သတိပြု ရောင်းချရန်အတွက် ခံဝန်ကတိလက်မှတ်ရေးထိုးစေခြင်းများ ပြုလုပ်ခဲ့ကြသည်။

စားသုံးသူရေးရာဦးစီးဌာန ကလေးခရိုင် ဦးစီးအရာရှိက စားသုံးသူကာကွယ်ရေး ဥပဒေ အကြောင်းအရာပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်အညွှန်းအမှတ်အသား အကြောင်းအရာများ ရှင်းလင်းပြောကြားခဲ့ပြီး FDA ဌာန၊ ခရိုင်တာဝန်ခံက စားသုံးရန်/သုံးစွဲရန် မသင့်သော ကြော်ငြာထားသော အစားအသောက်၊ အလှကုန်နှင့် ဆေးဝါးများရိုက်နှိပ်ထားသော စာများဖြန့်ဝေကာ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**သိမ့်သိမ့် (ကလေး)**

# ရီဘာရီကို ဖီအိုရင်တီးနားအသင်း ခေါ်ယူ

အီတလီစီးရီးအေကလပ် ဖီအိုရင်တီးနားအသင်းသည် ဘိုင်ယန်မြူးနစ်အသင်း၏ တောင်ပံကစားသမားဟောင်း ရီဘာရီကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

အသက်(၃၆)နှစ်ရှိ ရီဘာရီသည် ဘိုင်ယန်မြူးနစ်အသင်းတွင် (၁၂)နှစ် ကစားခဲ့ပြီး ၂၀၁၈ - ၂၀၁၉ ဘောလုံးရာသီကုန်ဆုံးအပြီးတွင် စာချုပ်သက်တမ်း ကုန်ဆုံးမှုနှင့်အတူ အသင်းနှင့် တရားဝင်လမ်းခွဲခဲ့ခြင်းဖြစ်သည်။ ယခုအချိန်တွင် အဆိုပါ



ပြင်သစ် တောင်ပံကစားသမားဟောင်း ရီဘာရီကို ဖီအိုရင်တီးနားအသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူပြီး နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

'ကျွန်တော့် အသက်အရွယ်ကြောင့် ပွဲချိန် မိနစ် ၉၀ အပြည့် မကစားနိုင်ရင်တောင်မှ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု ရှိနေပါသေးတယ်။ ကျွန်တော့်ရဲ့ အကောင်းဆုံးအချိန်တွေကို ကျော်လွန်ခဲ့ပြီဆိုတာကို ကျွန်တော်လက်ခံပါတယ်။ ဒါပေမဲ့ ဖီအိုရင်တီးနားအတွက် ကျွန်တော် အကောင်းဆုံးပေးဆပ်သွားဖို့ ပြင်ဆင်ထားပါတယ်။ နေရာသစ်မှာ စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်ရင်း ဘောလုံးလောကကို ဆက်လက်လျှောက်လှမ်းရတော့မှာပေါ့'ဟု ရီဘာရီက ပြောခဲ့သည်။

ရီဘာရီသည် ပြင်သစ်လက်ရွေးစင် ကစားသမားဘဝမှ ၂၀၁၄ ခုနှစ်ကပင် အနားယူခဲ့သော်လည်း ကလပ်အသင်းများက မိမိကို လက်ခံနေချိန်အထိ ဆက်လက်ကစားသွားဦးမည်ဖြစ်ကြောင်း ထပ်မံပြောဆိုခဲ့သည်။ ရီဘာရီသည် ဖီအိုရင်တီးနားအသင်းတွင် ကျောနံပါတ် (၇) ဂျာစီကို ဝတ်ဆင်ကစားမည်ဖြစ်သည်။



# ဥရောပ၏ အချမ်းသာဆုံး ဘောလုံးအသင်း စာရင်းတွင် ရီးရဲလ်မက်ဒရစ် ထိပ်ဆုံးကိုရောက်လာ

ဥရောပ ဘောလုံးကလပ်များ၏ ဝင်ငွေနှင့် ချမ်းသာကြွယ်ဝမှုစာရင်းကို Goal.com က စစ်တမ်းကောက်ယူပြီး ဥရောပ၏ အချမ်းသာဆုံး ဘောလုံးအသင်း ၂၀ စာရင်းကို ထုတ်ပြန်ခဲ့ရာတွင် စပိန်လာလီဂါ ထိပ်တန်းအသင်းကြီးဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်းမှာ ကမ္ဘာ့အချမ်းသာဆုံးအသင်းဖြစ်လာသည်ကို တွေ့ရသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီ ကုန်ဆုံးပြီး တစ်ရာသီစာ စာရင်းချုပ်ရာတွင် ဝင်ငွေယူရို ၆၇၄ ဒသမ ၆ သန်းဖြင့် မန်ယူအသင်း၏နောက်မှ ဒုတိယနေရာတွင်သာ ရှိနေခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ဘောလုံးရာသီကုန်ဆုံးပြီး စာရင်းချုပ်ရာတွင် ဝင်ငွေ တိုးတက်လာပြီး ယူရို ၇၅၀ ဒသမ ၉ သန်းဖြင့် ပထမနေရာသို့ ရောက်ရှိလာခဲ့သည်။

ယခင်က အဆင့်(၁) နေရာတွင် ရပ်တည်နိုင်ခဲ့သည့် အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် မန်ယူအသင်းမှာ ဝင်ငွေ ယူရို ၆၆၆ သန်းဖြင့် တတိယနေရာသို့ ဆင်းပေးလိုက်ရသည်။ စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းမှာမူ ဝင်ငွေ ယူရို ၆၉၀ ဒသမ ၄ သန်းဖြင့် ယခင် တတိယနေရာမှ ဒုတိယနေရာသို့ တက်လှမ်းလာခဲ့သည်။

ရီးရဲလ်မက်ဒရစ်၊ ဘာစီလိုနာနှင့် မန်ယူအသင်းတို့၏ နောက်တွင် ဘိုင်ယန်မြူးနစ်၊ မန်စီးတီး၊ ပီအက်စ်ဂျီ၊ လီဗာပူး၊ ချယ်လ်ဆီး၊ အာဆင်နယ်၊ စပါး၊ ဂျူဗင်တပ်၊ ဒေ့မွန်၊ အက်သလက်တီကို၊ အင်တာမီလန်၊ ရိုးမား၊ ရှော်ကေး၊ အဲဗာတန်၊ အေစီမီလန်၊ နယူးကာဆယ်နှင့် ဝက်စ်ဟမ်းအသင်းတို့က အစဉ်လိုက် ရပ်တည်နေကြကြောင်း Goal.com တွင် ဖော်ပြထားသည်။

# လိုရန်တီကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် မန်ယူကမ်းလှမ်းထား



မန်ယူအသင်းသည် စပါးအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးသွားပြီဖြစ်သည့် စပိန်တိုက်စစ်မှူးဟောင်း လိုရန်တီကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားကြောင်း သိရသည်။

အသက်(၃၄)နှစ်ရှိ လိုရန်တီသည် ဘစ်ကိုနီယာ၊ ဘီဘာအို၊ ဂျူဗင်တပ်၊ ဆီဗီလာနှင့် ဆွမ်ဆီး စသည့်အသင်းများတွင် ကစားခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် စပါးအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်သည်။ လိုရန်တီသည် စပါးအသင်းတွင် ပုံမှန်ပွဲထွက်ခွင့် မရရှိဘဲ ဟယ်ရီကိန်းနှင့် ဆွန်ဟောင်မင်တို့၏နောက်မှ အရန်ကစားသမားအဖြစ်ဖြင့်သာ ပါဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် မန်ဇူကစ်နှင့် ဒိုင်ဘလားတို့ကို ခေါ်ယူရန် ဆန္ဒရှိခဲ့သော်လည်း အခက်အခဲမျိုးစုံဖြင့် ရင်ဆိုင်ခဲ့ရပြီး လက်လွှတ်ခဲ့ရသည်။ နာပိုလီအသင်းနှင့် လာဇီယိုအသင်းတို့က လိုရန်တီကို ခေါ်ယူရန် ပြင်ဆင်နေချိန်တွင် မန်ယူအသင်းကလည်း အဆိုပါကစားသမားကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ကမ်းလှမ်းလိုက်ခြင်းဖြစ်သည်။ မန်ယူအသင်း နည်းပြ ဆိုးလ်ရှားက အသင်းမှ ထွက်ခွာသွားသည့် တိုက်စစ်မှူး လူကာကူ၏နေရာတွင် အစားထိုးနိုင်ရန်အတွက် လိုရန်တီကို ကမ်းလှမ်းခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။

သို့သော် လိုရန်တီသည် လာဇီယိုအသင်းသို့ ရောက်ရှိရန် အလွန်ပင် နီးစပ်နေကြောင်း တခြားသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ မန်ယူ၊ လာဇီယို၊ နာပိုလီ စသည့် ဥရောပအသင်းကြီးများ၏ ကမ်းလှမ်းမှုကြောင့် လိုရန်တီအနေဖြင့် မည်သည့်အသင်းသို့ ပြောင်းရွှေ့ရမည်ကို ရွေးချယ်ရခက်ကောင်း ခက်နိုင်ပါသည်။

# ရီးရဲလ်မက်ဒရစ်၏ နေမာကို ခေါ်ယူရန် ကမ်းလှမ်းမှုကို ပီအက်စ်ဂျီ ပယ်ချ



စပိန်လာလီဂါ ကလပ် ရီးရဲလ်မက်ဒရစ်အသင်း၏ နေမာကို ခေါ်ယူရန် ကမ်းလှမ်းမှုကို ပီအက်စ်ဂျီအသင်းက ပယ်ချလိုက်ကြောင်း သိရသည်။ ရီးရဲလ်မက်ဒရစ်အသင်းသည် နေမာကို ခေါ်ယူနိုင်ရန်အတွက် ယူရိုသန်း ၁၀၀ အပြင် အသင်းရှိ ကစားသမားများဖြစ်သည့် ဂါရက်ဘေးလ်၊ နာဗစ်နှင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ် တို့ကို အလိုက်ပေး၍ ခေါ်ယူရန် ကမ်းလှမ်းခဲ့ရာ ပီအက်စ်ဂျီအသင်းက ပယ်ချလိုက်ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်း၏ ယခုကမ်းလှမ်းမှုမတိုင်မီ ဘာစီလိုနာအသင်းကလည်း နေမာကို ခေါ်ယူနိုင်ရန် အတွက် ယူရိုသန်း ၁၀၀ အပြင် အသင်းရှိ ကွင်းလယ်ကစားသမား ကော်တင်ဟိုကို အလိုက်ပေး၍ ကမ်းလှမ်းခဲ့ဖူးသည်။ ယင်းအချိန်ကလည်း ဘာစီလိုနာအသင်း၏ ကမ်းလှမ်းမှုကို ပီအက်စ်ဂျီအသင်းက ပယ်ချခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် နေမာကို ဘာစီလိုနာအသင်းထံမှ ခေါ်ယူခဲ့စဉ်က ယူရို ၂၂၂ သန်း ပေးခဲ့ရခြင်းကြောင့် ယခုအချိန်တွင် နေမာကို ယူရိုသန်း ၁၀၀ နှင့် ကစားသမားများ အလိုက်ပေး၍ခေါ်ယူရန် ကမ်းလှမ်းနေမှုကို ပယ်ချနေခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့အပြင် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းကလည်း နေမာကို ခေါ်ယူရန် ဆန္ဒရှိနေသော်လည်း ယင်းကစားသမား၏ ပြောင်းရွှေ့ကြေးက မြင့်မားလွန်းနေခြင်းကြောင့် စောင့်ကြည့်အဆင့်ဖြင့်သာ ကျေနပ်နေရသည်ဟုဆိုသည်။

ဟန်နေသစ် စုစည်းသည်

## ဘောလုံးလောက သတင်းတိုများ

- အသက်(၂၅)နှစ်ရှိ လီဗာပူးအသင်း ကွင်းလယ်ကစားသမား ချမ်ဘာလိန်သည် အသင်းတွင် ၂၀၂၃ ခုနှစ်အထိရှိနေမည့် စာချုပ်သစ်တစ်ရပ်ကို သက်တမ်းတိုးချုပ်ဆိုလိုက်ကြောင်း သိရသည်။
- **အာဆင်နယ်အသင်း၏ ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြပြီး ပထမပွဲထွက်ခွင့် ရရှိနေသည့် လူငယ်ကစားသမား ဂန်ဒိုဇီက ယခုနှစ်တွင် မိမိတို့အသင်းမှာ ပရီးမီးယားလိဂ် ချန်ပီယံဖြစ်နိုင်ကြောင်း ပြောကြားလိုက်သည်။**
- လီဗာပူးအသင်း၏ အဓိကဂိုးသမား အလစ်ဆင်သည် ခြေသလုံး ဒဏ်ရာကြောင့် တစ်လခန့် အနားယူ ရမည်ဟု ယခင်က သတင်းထုတ်ပြန်ခဲ့သော်လည်း ၎င်းကစားသမားမှာ ဒဏ်ရာအလျင်အမြန် ပြန်ကောင်းလာခြင်းကြောင့် မကြာမီအသင်းနှင့်ပြန်လည် ပူးပေါင်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

# ဂျပန်အစိုးရက အသေးစားစီးပွားရေးလုပ်ငန်းရှင်များအား ကူညီပံ့ပိုးပေးလျက်ရှိ



ဂျပန်နိုင်ငံ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်အေဂျင်စီက အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းဆောင်ရွက်နေကြသည့် သက်တမ်းရင့်လုပ်ငန်းရှင်များအား လုပ်ငန်းဖျက်သိမ်းခြင်းမျိုးမဖြစ်စေရန် အခွန်လျှော့ချပေးခြင်းနှင့် အခြားသော ကူညီပံ့ပိုးခြင်းများ ဆောင်ရွက်နေသည်။

ဂျပန်နိုင်ငံရှိ ကုမ္ပဏီ ၉၉ ရာခိုင်နှုန်းကျော်ပါဝင်သည့် အဆိုပါလုပ်ငန်းငယ်လေးများအတွက် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းရေရှည်တည်တံ့မှု၊ ကုန်ထုတ်လုပ်မှုစွမ်းရည်အပိုင်းတွင် မျိုးဆက်သစ်များအား လက်ဆင့်ကမ်းနိုင်စေရန် စသည်တို့အပေါ် မျှော်မှန်း၍ ဆောင်ရွက်နေခြင်းဖြစ်သည်ဟုသိရသည်။

လက်ရှိလုပ်ငန်း လည်ပတ်ဆောင်ရွက်နေကြသည့် အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများသည် ၆၄ ရာခိုင်နှုန်းခန့်ရှိရာမှ ၂၀၂၅ ခုနှစ်အရောက်တွင် ၇၀ ရာခိုင်နှုန်းထိ တိုးပွားလာနိုင်သည်ဟု အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းရှင် အေဂျင်စီက ဆိုသည်။ အဆိုပါ အေဂျင်စီက ထိုစီးပွားရေးလုပ်ငန်းငယ်များကိုဆက်ခံမည့်သူ မရှိပါက (၂၀၁၅ ခုနှစ်မှ ၂၀၂၅) ခုနှစ်တာ ကာလအတွင်း အလုပ်အကိုင်ပေါင်း ၆ ဒသမ ၅ သန်း ခန့်၊ GDP အားဖြင့် ယန်း ၂၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၀၉ ဘီလီယံ) ခန့် ဆုံးရှုံးနိုင်မည်ဟုခန့်မှန်းထားသည်။

ထို့ကြောင့် အေဂျင်စီအနေဖြင့် အဆိုပါ စီးပွားရေးလုပ်ငန်းငယ်လေးများဆောင်ရွက်နေကြသူများက ၎င်းတို့၏ စတော့ရှယ်ယာများကို ဆက်ခံသူများထံ လွှဲပြောင်းပေးရာတွင် ၂၀ ရာခိုင်နှုန်းအခွန်လျှော့ချပေးခြင်း၊ ဆက်ခံသူများက ပိုမိုကောင်းမွန်သည့် စီးပွားရေးလုပ်ငန်းပုံစံအသစ်များ ဆောင်ရွက်ရာတွင် အမတော်ကြေး များပေးခြင်း စသည့် ထောက်ပံ့မှုများ ဆောင်ရွက်နေခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော် ဘတ်ဂျက်နှစ် အစပြုသည့် ၂၀၂၀ ခုနှစ် ဧပြီလမတိုင်မီနှင့် လာမည့် ဒီဇင်ဘာလ၌ ဘဏ္ဍာရေးဝန်ကြီးဌာနက အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ မဆောင်ရွက်မီ ယခုသြဂုတ်လအတွင်း အခွန်ပိုင်းဆိုင်ရာသင့်လျော်သည့် အဆိုပြုမှုများကို ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အဆိုပြုရမည်ဟု သိရသည်။

**ရင်းမြစ်။ Japan Today, Aug 15, 2019.**

**နန္ဒာဝင်း၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ တိုကျိုမြို့**



# တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကုန်သွယ်ရေးတိုးတက်လာ

တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ယူနန်ပြည်နယ်သည် ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိကာလအတွင်း ရပ်ဝန်းနှင့် လမ်းကြောင်းနိုင်ငံများနှင့် ကုန်သွယ်ရေးမှာ အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၇ ဘီလီယံရရှိခဲ့သဖြင့် ယမန်နှစ်ကထက် ၁၆ရာခိုင်နှုန်း တိုးတက်လာခဲ့သည်ကို တွေ့ရသည်။

ကူမင်းအကောက်ခွန်ဌာနမှ ထုတ်ပြန်ချက်အရ ရပ်ဝန်းနှင့် လမ်းကြောင်းနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏမှာ ပြည်နယ်တစ်ခုလုံး၏ စုစုပေါင်း သွင်းကုန်ပို့ကုန်ပမာဏ၏ ၇၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ယခုနှစ် ပထမ ခုနစ်လအတွင်း ယူနန်ပြည်နယ်မှ ရပ်ဝန်းနှင့်လမ်းကြောင်းနိုင်ငံများသို့ ပို့ကုန်ပမာဏမှာ ယွမ် ၃၄ ဒသမ ၄ ဘီလီယံရှိခဲ့ကာ ယခင်နှစ်ကထက် ၂၂ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ယူနန်ပြည်နယ်ထဲသို့ ရပ်ဝန်းနှင့် လမ်းကြောင်းနိုင်ငံများထံမှ သွင်းကုန်ပမာဏမှာ ယွမ် ၅၆ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ကာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၂ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

ပြည်နယ်အကောက်ခွန်ဌာန၏အဆိုအရ လျှပ်စစ်သုံးပစ္စည်းများနှင့် ဓာတ်မြေသြဇာတင်ပို့မှုများမှာ လျင်မြန်စွာတိုးတက်လာကြောင်းနှင့် လယ်ယာထွက်ကုန်နှင့် လုပ်သားအင်အားသုံး ကုန်ပစ္စည်းများမှာ ဆက်လက်တိုးတက်နေကြောင်း သိရသည်။ ထို့ပြင် ယူနန်ပြည်နယ်တွင် စွမ်းအင်၊ သတ္တုရိုင်းနှင့် အခြားသွင်းကုန်ပစ္စည်းများမှာ ပုံမှန်တိုးတက်နေကြောင်းလည်း တွေ့ရှိရသည်။

**ရင်းမြစ်။ xinhuanet.com**

**ဒေါက်တာရွှေစင်ကို**
**စီးပွားရေးသံမှူး (နန်နင်းမြို့)**

# ကမ္ဘာတစ်ဝန်းမှ လုပ်ငန်းများအား ဆွဲဆောင်ရန် မူဝါဒအသစ်များ ရှန်ဟိုင်းစတင်

ရှန်ဟိုင်းမြို့တော်၏ မြို့ပြဧရိယာတွင် နိုင်ငံ စုံကော်ပိုရေးရှင်းကြီးများ၏ ဒေသရုံးချုပ်များ ဖွံ့ဖြိုးလာရေးကို မြှင့်တင်သွားမည်ဖြစ်သည်။ ရှန်ဟိုင်းမြို့မှာ နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ၏ ဒေသရုံးချုပ်ပေါင်း ၇၀၀ ကျော် ရုံးစိုက်ရာ ဖြစ်ကြောင်း၊ ကာလကြာရှည်စွာကပင် ဒေသရုံးချုပ်နှင့် နိုင်ငံရပ်ခြားမှ ရန်ပုံငွေ ပံ့ပိုးပေးသော သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန အများစုတည်ရှိလာခဲ့ကြောင်း ရှန်ဟိုင်း စည်ပင်သာယာရေးကော်မတီ၏ ကူးသန်းရောင်းဝယ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး Yang Chao က ပြောကြားခဲ့သည်။

နိုင်ငံစုံကော်ပိုရေးရှင်းများ၏ ဒေသရုံးချုပ်များ ဖွင့်လှစ်ခွင့်ပြုရန် ယခင်မှတ်ကျောက်မှာ လုပ်ငန်းလည်ပတ်မှုက ပိုင်ဆိုင်မှုထက် ပိုမိုကြီးမားလေ့ ရှိသည့် ကုမ္ပဏီများ၏ မဟာဗျူဟာ (asset-light strategy of the companies) နှင့် ကိုက်ညီမှုမရှိကြောင်း၊ မူဝါဒအသစ်များသည် မြို့တော်တွင် ဒေသရုံးချုပ်များ ပိုမိုဖွင့်လာကြစေရေး၊ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို တိုးချဲ့ရေးနှင့် အဆင့်မြှင့်တင်ရေးတို့ကို ပြုလုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

မူဝါဒများအရ ဒေသရုံးချုပ်များ၏ ပင်မကုမ္ပဏီများ၏ စုစုပေါင်းပိုင်ဆိုင်မှုအတွက် လိုအပ်ချက်ကို အမေရိကန် ဒေါ်လာသန်း ၂၀၀ သို့ပြန်လည်ချိန်ညှိထားသည်။

သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ထပ်ဆောင်း၍ သွက်လက်မြန်ဆန်စေရန် ခိုးယူ အသုံးပြုမှုများကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်လွယ်သည့် နာမည်ကျော်နိုင်ငံခြားကုန်အမှတ်တံဆိပ်များကို မြို့တော်၏ အဓိကကာကွယ်ပေးသည့် စာရင်းအတွင်းသို့ ပေါင်းထည့်ရန်ကိုလည်း ရှန်ဟိုင်းက စီမံထားပါသည်။ သို့မှသာ ဒေသရုံးချုပ်များအတွက် ပိုမိုကောင်းမွန်သော အသိဉာဏ် ပစ္စည်းမူပိုင်ခွင့် အကာအကွယ်ပေးသည့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

ယခုနှစ် ပထမ ခုနစ်လအတွင်း ရှန်ဟိုင်းမြို့တော်တွင် နိုင်ငံခြားမှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် လုပ်ငန်းပေါင်း ၄၁၀၅ ခုကိုစတင်ခဲ့ပြီး ၂၀၁၈ ခုနှစ် အလားတူကာလကထက် ၅၈ ဒသမ ၃ ရာခိုင်နှုန်း ပိုမိုလာခဲ့ခြင်းဖြစ်သည်။

**ရင်းမြစ်။ Xinhua**

**ဒေါက်တာရွှေစင်ကို**
**စီးပွားရေးသံမှူး (နန်နင်းမြို့)**

# တရုတ်နိုင်ငံ၏ စားသုံးသူဈေးနှုန်းများ တက်လာသော်လည်း ငွေကြေးဖောင်းပွမှု အသင့်အတင့်သာရှိ

၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း တရုတ်နိုင်ငံ၏ စားသုံးသူဈေးနှုန်းများမှာ တက်လာခဲ့သော်လည်း ဒုတိယနှစ်ဝက်အတွင်း ငွေဖောင်းပွမှုဖိအားအသင့်အတင့်သာ ဆက်လက်တည်ရှိလိမ့်မည်ဟု သုတေသီများက ခန့်မှန်းထားကြသည်။

ငွေကြေးဖောင်းပွမှု၏ အဓိက အတိုင်းအတာဖြစ်သည့် စားသုံးသူဈေးနှုန်းအညွှန်းကိန်း (CPI) မှာ ဇူလိုင်လအတွင်း ၂ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ဇွန်လအတွင်း၌ CPI မှာ ၂ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့သည်။



ထိုသို့ မြင့်တက်လာခဲ့ခြင်းမှာ CPI တွက်ချက်ရာတွင် အကြီးမားဆုံး အချိုးအစားဖြစ်သည့် စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်ခဲ့ရခြင်းကြောင့်ဖြစ်သည်။ အာဖရိကဝက်တုပ်ကွေးရောဂါဖြစ်ပွားနေခြင်းကြောင့် ဝက်သားဈေးနှုန်းများ ဆက်လက်မြင့်တက်နေခြင်းနှင့် ရာသီဥတုဆိုးရွားမှုကြောင့် ဟင်းသီးဟင်းရွက် ထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိခြင်းတို့မှာ အဓိကအကြောင်းရင်းများတွင် ပါဝင်နေသည်။

ယခုနှစ်တွင် CPI ကို သုံးရာခိုင်နှုန်းဝန်းကျင်၌ ထားရှိသွားရန် တရုတ်အစိုးရက ရည်မှန်းချက်ထားရှိထားသည်။

အညွှန်းကိန်းတွက်ချက်မှုတွင် တွေ့ရှိရသည့် သက်ရောက်မှုများအပေါ် ကုန်စည်ထောက်ပံ့မှုများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် တဖြည်းဖြည်းချင်း လျှော့ပါးသွားစေကာ၊ တရုတ်တစ်နိုင်ငံလုံး၏ စားသုံးသူဈေးနှုန်းများကို တည်ငြိမ်စေရန် ထိန်းသိမ်းသွားမည်ဟု အမျိုးသားအဆင့် ဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်၏ အရာရှိတစ်ဦးဖြစ်သူ YueXiuhu က ပြောကြားထားသည်။

တရုတ်နိုင်ငံသည် ၎င်း၏ သတိကြီးစွာထားသောငွေကြေးမူဝါဒကို အလွန်အမင်း မတင်းလွန်း မလျှော့လွန်းသည့် အနေအထားတွင် ထားရှိသွားရန်နှင့် အခြေအနေကို တန်ပြန်သည့် ထပ်ဖန်တလဲလဲ ပြုပြင်ပြောင်းလဲမှုများကို အချိန်မီစွာနှင့် လျော်ကန်သင့်မြတ်စွာ ပြုလုပ်သွားရန် အခိုင်အမာကတိပြုထားကြောင်း ဗဟိုဘဏ်က ၎င်း၏ ဒုတိယလေးလပတ်ငွေကြေးမူဝါဒ အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ရင်းမြစ်။ Xinhua**

**ဒေါက်တာရွှေစင်ကို**
**စီးပွားရေးသံမှူး (နန်နင်းမြို့)**

# ဂျပန်နိုင်ငံထွက် ပစ္စည်းအဟောင်းများတွင် ရေဒီယိုသတ္တိကြွမှု ရှိ/မရှိ တောင်ကိုရီးယား တင်းတင်းကျပ်ကျပ် စစ်ဆေးမည်

တောင်ကိုရီးယားနှင့် ဂျပန်တို့အကြား စီးပွားရေးနှင့် နိုင်ငံရေးပိုင်း သဘောထားတင်းမာနေစဉ် တောင်ကိုရီးယားနိုင်ငံက ပြီးခဲ့သည့်ဩဂုတ် ၁၅ ရက်က ဂျပန်နိုင်ငံမှတင်သွင်းသည့် recycle ပစ္စည်းသုံးမျိုးအပေါ် ရေဒီယိုသတ္တိကြွမှုအပိုင်းတင်းတင်းကျပ်ကျပ် စစ်ဆေးမှုများပြုလုပ်ခဲ့သည်။

ဂျပန်နှင့်ရုရှားမှတင်သွင်းသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ တာယာများ၊ ဘက်ထရီများအပေါ် ရေဒီယိုသတ္တိကြွမှုပိုင်းစစ်ဆေးခြင်းများကို တောင်ကိုရီးယား နိုင်ငံအနေဖြင့် ယခင်ကသုံးလတစ်ခါစစ်ဆေးမှုအစား ယခုမှစ၍ တစ်လအတွင်း ဆောင်ရွက်မည်ဖြစ်သည်ဟု ဆိုးလ်ရှိသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနကဆိုသည်။ ယွန်ဟပ်သတင်းဌာန၏အဆိုအရ ရေဒီယိုသတ္တိကြွစစ်ဆေးမှုများသည် ဂျပန်နှင့်ရုရှားနိုင်ငံတို့မှတင်သွင်းလာသည့် အဆိုပါပစ္စည်းများတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်နိုင်ခြေရှိသည့်အတွက် ကန့်သတ်မှုများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဆိုးလ်ရှိ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြည်သူလူထု၏ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံမှုနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအလို့ငှာ ထိုကဲ့သို့ စစ်ဆေးဆောင်ရွက်မှုများ ကြပ်မတ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းဆိုသည်။

ပြီးခဲ့သည့်ဇူလိုင်လအတွင်းက ဂျပန်နိုင်ငံအနေဖြင့် တောင်ကိုရီးယားနိုင်ငံသို့ ဆီးမီးကွန်ဒတ်တာများနှင့် display panel များထုတ်လုပ်မှုတွင် အသုံးပြုသည့် အဓိကဓာတုပစ္စည်းများ တင်ပို့ရာတွင် အဆင့်ဆင့်စစ်ဆေးမှုများနှင့်ထိန်းချုပ်မှုအစီအမံများချမှတ်ခဲ့သည်။ တောင်ကိုရီးယားဘက်ကမူ အဆိုပါတင်းကျပ်သည့် အစီအမံများချမှတ်ခြင်းသည် ၎င်းတို့၏နည်းပညာစက်မှုလုပ်ငန်းများကိုအဟန့်အတားဖြစ်စေရန် ရှေးယခင်ကနှစ်နိုင်ငံအကြား အငြင်းပွားနေခဲ့သည့်အတင်းအကျပ်အလုပ်သမားစေခိုင်းခဲ့မှုကိစ္စနှင့် ဆက်စပ်အရင်းခံပြု၍ထိုသို့ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ကိုရီးယားသို့ ကျောက်မီးသွေးပြာတင်သွင်းမှုများ အားလုံးနီးပါးသည် ဂျပန်နိုင်ငံမှတင်သွင်းမှုများဖြစ်ကြပြီး ၎င်းသွင်းကုန်များအပေါ် တောင်ကိုရီးယားကအပူစွမ်းအင်စက်ရုံများမှထွက်ရှိသည့်ဘေးထွက်ပစ္စည်းများအပေါ် ရေဒီယိုသတ္တိကြွမှုစစ်ဆေးခြင်းများပြုလုပ်ခြင်းသည် တိုကျိုကချမှတ်ခဲ့သည့်တင်းကျပ်သည့်ပို့ကုန်စည်းမျဉ်းများကို တန်ပြန်သည့်သဘောပင်ဖြစ်သည်ဟု အများကယူဆနေကြသည်။

ပြီးခဲ့သည့်ဩဂုတ် ၁၅ ရက်တွင် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးက ဂျပန်နိုင်ငံ၏ ၂၀၁၁ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖိုပြိုကျပျက်စီးမှု၏ အကျိုးသက်ရောက်မှုအဖြစ် နောက်ဆက်တွဲဆိုးကျိုးများဖြစ်နိုင်ခြေအပေါ် ထိထိရောက်ရောက်စစ်ဆေးဆောင်ရွက်ရန်ဆော်ဩခဲ့သည်။

အဆိုပါဂျပန်နိုင်ငံ၏နျူကလီးယားဓာတ်ပေါင်းဖိုပြိုကျခဲ့သည့်နောက်ပိုင်းတွင် ဂျပန်နိုင်ငံရှိစီရင်စုရှစ်ခုမှရေထွက်ကုန်အမျိုးအစားအချို့အပေါ် ပိတ်ပင်ကန့်သတ်မှုများ ဆောင်ရွက်ခဲ့သည်။ ၎င်းနောက် ၂၀၁၃ ခုနှစ်အရောက်တွင် ယင်းစီရင်စုရှစ်ခုမှ ရေထွက်ကုန်အားလုံးအပေါ် ဘေးကင်းလုံခြုံမှု အသိအမှတ်ပြုလက်မှတ် လိုအပ်ချက်ရှိခြင်းနှင့် အဆိုပါရေထွက်ကုန်များတွင် ရေဒီယိုသတ္တိကြွမှုများ တွေ့ရှိခဲ့ရခြင်းတို့ကြောင့် တောင်ကိုရီးယားနိုင်ငံက ပိတ်ပင်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

**ရင်းမြစ်။ The Japan Times, Aug 16, 2019**

**နန္ဒာဝင်း၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ တိုကျိုမြို့**



# ဂျီအိုင်လက်မှတ်ရ ထုတ်ကုန်များကို အွန်လိုင်းမှတစ်ဆင့် ရောင်းချရန် ထိုင်းစီစဉ်

ထိုင်းမူပိုင်ခွင့် ဦးစီးဌာနအနေဖြင့် လယ်သမားများနှင့်ပြည်တွင်းထုတ်လုပ်သူများအား လမ်းကြောင်းအသစ်များ ချဲ့ထွင်နိုင်ရေး ကူညီပေးနိုင်ရန် အလို့ငှာအွန်လိုင်းမှနေ၍ ပထဝီဒေသဆိုင်ရာ အညွှန်း Geographical Indicator (GI) လက်မှတ်ရှိ ထုတ်ကုန်များအား ရောင်းချနိုင်ရန် 7-Eleven လူသုံးကုန်ပစ္စည်းစတိုးဆိုင်များ၏ လုပ်ငန်းရှင် CP Plc နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဒီဇင်ဘာလကစ၍ ပထဝီဒေသဆိုင်ရာ အညွှန်း Geographical Indicator (GI) လက်မှတ်ရ ထုတ်ကုန် ၁၀ မျိုးအား ပထမအဆင့်အနေဖြင့် www.shopat24.com မှ စတင်ရောင်းချတော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းကုန်ပစ္စည်း ၁၀ မျိုးတွင် Thung Kula Rong Hai rice, Sangyod Muang Phatthalung rice, Chiya salted eggs, Pakpanang Tabtimsiam pomelo, Nakornchaisri pomelo နှင့် ChiangMai celadon pottery တို့ပါဝင်ကြောင်း သိရှိရသည်။ GI ဆိုသည်မှာ ကုန်ပစ္စည်းတစ်မျိုး၏ ပင်ရင်းထွက်ရှိရာနိုင်ငံ၊ ဒေသ၊ မြို့ရွာ၊ နယ်မြေမှ မူလထွက်ရှိသည့် ကုန်ပစ္စည်းဖြစ်ကြောင်းနှင့် ၎င်းတွင် သီးခြား အရည်အသွေးများ၊ သီးခြားနာမည်ဂုဏ်သတင်း သို့မဟုတ် သိသာထင်ရှားသော အသွင်အပြင်လက္ခဏာများ ပါဝင်လျက်ရှိသည့် ကုန်ပစ္စည်းတစ်ခုအတွက် သီးခြား အသိအမှတ်ပြုလက်မှတ်တစ်ခုပင်ဖြစ်သည်။

ပူးပေါင်း ဆောင်ရွက်မှုအစီအစဉ်တွင် (GI) ကုန်ပစ္စည်းများ ဝယ်ယူလိုသူများအနေဖြင့် www.shopat24.com သို့ဝင်ရောက်ကာ ၎င်းတို့အလိုရှိရာကို ရွေးချယ်၍ 7-Eleven စတိုးဆိုင်များတွင် ရယူနိုင်မည်ဖြစ်ကြောင်း၊ 7-Eleven စတိုးဆိုင်များမှာ တစ်နိုင်ငံလုံး၌ ရှိနေခြင်းကြောင့် ဝယ်ယူသူများအနေဖြင့် ပိုမို အဆင်ပြေစွာ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် ပြည်နယ်ပေါင်း ၇၁ ခုမှ မှတ်ပုံတင်ထားသော (GI) လက်မှတ်ရထုတ်ကုန် အမျိုးအစား စုစုပေါင်း ၁၁၁ မျိုးရှိကြောင်း၊ ပြည်နယ်ခြောက်ခု မှ ကျန်ရှိသော (GI) လက်မှတ်ရ ထုတ်ကုန်များအနေဖြင့် လတ်တလောဌာန၏ စဉ်းစားမှုတွင် မပါဝင်သေးကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံအနေဖြင့် နိုင်ငံခြားတိုင်းပြည်များတွင် ထုတ်ကုန်ခြောက်မျိုးအား (GI) မှတ်ပုံတင်ထားကြောင်း၊ အီးယူနိုင်ငံများတွင် Thung Kula Rong Hai hom mali rice, Doi Chaang and Doi Tung coffee နှင့် Sangyod Muang Phatthalung rice တို့ဖြစ်ကြောင်း၊ ဗီယက်နမ်တွင် Isan indigenous Thai silk yarn နှင့် အိန္ဒိယနှင့် အင်ဒိုနီးရှားတို့တွင် Lamphun brocate Thai silk တို့ဖြစ်ကြောင်း သိရှိရသည်။

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# တရုတ်တွင် ရွှေလက်ဝတ်တန်ဆာဝယ်လိုအား ဆက်လက်မြင့်မားနေ

တရုတ်နိုင်ငံ၏ ရွှေသတ္တုတူးဖော်ထုတ်လုပ်သောကဏ္ဍတွင် ခေတ်မမီတော့သော ထုတ်လုပ်ရေး အသုံးအဆောင်များကို ပိတ်သိမ်းခြင်းနှင့် ၎င်း၏ စက်မှုဆိုင်ရာ တည်ဆောက်မှုပုံစံကို အမြင့်ဆုံး ဖြစ်စေရန် ပြုလုပ်နေမှုများကြောင့် ထုတ်လုပ်မှုများ ကျဆင်းနေသော်လည်း ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်အတွင်း တရုတ်တို့၏ ရွှေဝယ်ယူမှုမှာ မက်ထရစ်တန်ချိန် ၅၂၃ ဒသမ ၅၄ တန်ရှိခဲ့ကာ ယမန် နှစ်ကထက် ၃ ဒသမ ၂၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တရုတ်ရွှေအသင်းမှ ထုတ်ပြန်ချက်အရ သိရှိရသည်။

ရွှေချောင်းများ ဝယ်ယူမှုမှာ ယခင်နှစ်က ထက် ၁၇ ဒသမ ၂၉ ရာခိုင်နှုန်းကျဆင်းခဲ့ကာ တန်ချိန် ၁၁၀ ဒသမ ၅၁တန်သာ ရှိခဲ့ပြီး၊ ရွှေပြားများ ဝယ်ယူမှုမှာ ၂၉ ဒသမ ၂၇ ရာခိုင်နှုန်းကျဆင်းခဲ့ကာ ၂ ဒသမ ၉ တန်သာ ရှိခဲ့သည်။ လုပ်ငန်းများတွင် အသုံးပြုရန် ရွှေဝယ်ယူမှုမှာ သုည ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့ကာ ၅၁ ဒသမ ၃၆ တန်ရှိခဲ့သည်။ ထိုကဲ့သို့ တရုတ်တွင် ရွှေဝယ်လိုအား ကျဆင်းခဲ့ရခြင်းတွင် ရွှေဈေးနှုန်းများ မြင့်တက်ခြင်းကလည်း အကြောင်းရင်းတစ်ရပ်ဖြစ်ခဲ့သည်။

သို့ရာတွင် ပြည်တွင်း ရွှေလက်ဝတ်တန်ဆာ ဝယ်လိုအားမှာမူ ကမ္ဘာ့ရွှေလုပ်ငန်းကို တွန်းအား ပေးနေသည်မှာ ကာလကြာရှည်လာပြီဖြစ်သည်။ ၂၀၁၉ ခုနှစ် ပထမခြောက်လအတွင်း လက်ဝတ် တန်ဆာဝယ်လိုအားမှာ တန်ချိန် ၃၅၈၈ ဒသမ ၇၇ တန်သို့ တဖြည်းဖြည်းတက်သွားခဲ့ရာ ယခင်နှစ်က ထက် ၁ ဒသမ ၉၇ ရာခိုင်နှုန်းဝန်းကျင် တိုးတက်လာခဲ့သည်ကို တွေ့ရသည်။ လက်ဝတ်တန်ဆာ ဝယ်လိုအားတက်ရခြင်းမှာ ပိုမိုကောင်းမွန်သော ဒီဇိုင်း၊ အမျိုးအစားနှင့် ပိုမိုမြင့်မားစွာတန်ဖိုးမြှင့်ထုတ်လုပ်လာခြင်းတို့ကြောင့် ဖြစ်သည်။

တစ်နည်းအားဖြင့် ဆိုရလျှင် တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုရန် လိုအပ်ချက်များ ကျဆင်းနေသည့်အတွက် ရွှေချောင်း၊ ရွှေပြားဝယ်လိုအားကျဆင်းနေသော်လည်း ဝယ်ယူသူများ၏ လိုအပ်ချက်များ မြင့်တက်လာခြင်းကြောင့် ရွှေလက်ဝတ်ရတနာဝယ်လိုအား မြင့်မားလာနေသည်။

ယခုနှစ် ပထမခြောက်လအတွင်း ရှန်တုန်း၊ ဟဲနန်၊ ယူနန်၊ မွန်ဂိုလီးယားအတွင်းပိုင်းနှင့် ဂန်းဆု အပါအဝင် ရွှေသတ္တုအများဆုံးထွက်ရှိသော ပြည်နယ်များတွင် စုစုပေါင်းရွှေသတ္တုထွက်ရှိမှု ၆၂ ဒသမ ၉၁ တန်ရှိခဲ့ပြီး နိုင်ငံအဆင့် စုစုပေါင်းထွက်ရှိမှု၏ ၄၁ ရာခိုင်နှုန်းနီးပါးပါဝင်နေကာ၊ ယခင်နှစ်ကထက် ခုနစ်ရာခိုင်နှုန်းကျော် ကျဆင်းခဲ့သည်။

ရွှေသတ္တုထွက်ရှိမှုမှာ ယခင်နှစ်ကထက်ငါးရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့ကာ တန်ချိန် ၁၅၃ ဒသမ ၈၉ တန် ထွက်ရှိခဲ့ပြီး၊ ရွှေမဟုတ်သော သတ္တုများထွက်ရှိမှုမှာ တန်ချိန် ၂၇ တန်နီးပါးသို့ ၆ ဒသမ ၅ ရာခိုင်နှုန်းကျော်ကျဆင်းခဲ့သည်။

တရုတ်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဇွန်လကုန်တွင် ရွှေအရန်သိုလှောင်ထားရှိမှုမှာ တန်ချိန် ၁၉၂၆ ဒသမ ၅၅ တန်သို့ရောက်ရှိခဲ့ပြီး ခုနစ်လဆက်တိုက် တက်လာခဲ့ခြင်းဖြစ်သည်။

**ရင်းမြစ်။ China Daily ဒေါက်တာရွှေစင်ကို စီးပွားရေးသံမှူး (နန်နင်းမြို့)**

# ဂျပန်နိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး ပြင်ဆင်နေ

ဂျပန်အစိုးရသည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် နျူကလီးယားစွမ်းအင်တို့မှ စွမ်းအင် ၄၄ ရာခိုင်နှုန်း ထုတ်ယူရန် ရည်မှန်းထားသည့် ဆိုလာစွမ်းအင် အသုံးပြုမှုသည် ဂျပန်နိုင်ငံတွင် တိုးတက်များပြားလာသော်လည်း ၂၀၁၆ ခုနှစ်၏ ပေါင်းစပ်စွမ်းအင်အချိုးကိုလေ့လာကြည့်ပါက ရေအားလျှပ်စစ်ပါဝင်မှု ၈ ရာခိုင်နှုန်းရှိပြီး ဆိုလာနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ပါဝင်မှုနှုန်းမှာ ၇ ရာခိုင်နှုန်းသာရှိသည်ကိုတွေ့ရသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုမှု တိုးတက်လာခြင်းသည် အနာဂတ် ဂျပန်နိုင်ငံ၏ စွမ်းအင်မူဝါဒတွင် မဏ္ဍိုင်တစ်ရပ်အဖြစ် ပါဝင်လာမည် ဖြစ်သည့် အသွင်ဆောင်နေသည်။

ဂျပန်နိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ပုံစံအမျိုးမျိုးရှိသည်ကိုတွေ့ရသည်။ ဂျပန်နိုင်ငံသည် ဘူမိအပူစွမ်းအင်နှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် တတိယမြောက် အလားအလာရှိဆုံးနိုင်ငံဖြစ်သော်လည်း စွမ်းအင်ထုတ်လုပ်သည့် နေရာအများစုမှာ စွမ်းအင်ထုတ်လွှတ်ရေး ကွန်ရက်ခိုင်ခံ့မှုမရှိသည့် တောင်ကုန်း ထုထပ်သည့်နေရာများ ဖြစ်ကြပြီး အမျိုးသားပန်းခြံနေရာများတွင်လည်း သဘာဝကိုထိန်းသိမ်းရမည့် စည်းမျဉ်းများရှိနေခြင်းကြောင့် စွမ်းအင် ထုတ်လုပ်ရေးဖွံ့ဖြိုးတိုးတက်မှု အပိုင်းတွင် ကုန်ကျစရိတ်အတန်ပင်များပြားကာ အချိန်ယူဆောင်ရွက်မည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် ဇီဝစွမ်းအင် အရန်သိုလှောင်မှုများ ပေါကြွယ်ဝသည့် နိုင်ငံအဖြစ် မှတ်တမ်းဝင်သော်လည်း ပြည်တွင်းမှစွမ်းအင်သိုလှောင်မှုတစ်ခုတည်းသည် များပြားလှသည့် ပါဝါထုတ်လုပ်မှုလုပ်ငန်းများ လည်ပတ်ရန် ကုန်ကြမ်း အလုံအလောက်ကို ပံ့ပိုးပေးနိုင်ခြင်းမရှိသည်ကို တွေ့ရ သည်။ ဂျပန်နိုင်ငံရှိ အကောင်းဆုံးသော ရေအားလျှပ်စစ် ထုတ်လုပ်သည့် အဓိကနေရာများသည် ဖော်ထုတ် ဆောင်ရွက်ပြီးဖြစ်သဖြင့် အသစ်အသစ်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာ အနည်းငယ်သာ ကျန်ရှိနေသည်။

ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်မှ အပြည့်အဝအကျိုးခံစားရပြီး ပြည်သူလူထုအတွက် ကုန်ကျစရိတ်များအား လုံးထိန်းချုပ်နိုင်ရေးသည် ဂျပန်နိုင်ငံ၏ စွမ်းအင်မူဝါဒတွင် အရေးကြီးဆုံးတစ်ခုဖြစ်သည်။

ဂျပန်နိုင်ငံအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ပတ်သက်၍ အခြားသောနိုင်ငံများတွင် တွေ့ကြုံရခြင်းမရှိသည့် အခြေအနေများဖြစ်ကြသည့် ရာသီဥတုအပြောင်းအလဲများပြီး ကျဉ်းမြောင်းသည့် တောင်ကုန်းဒေသများ၊ (မိုးရာသီနှင့် ပုံမှန်နှင်းကျသည့် ရာသီဥတုများအပါအဝင်) စသည်တို့ကို အသေအချာကျော်လွှားရမည်ဖြစ်သည်။ သို့သော် ဂျပန်နိုင်ငံ၏ ဆိုလာစွမ်းအင် ဈေးနှုန်းမှာအကြမ်းအားဖြင့် လတ္တီကျူ့အားဖြင့် ဂျပန်ထက်ပိုမြင့် မားသည့် ဂျာမနီနိုင်ငံ၏ ဈေးနှုန်းများထက် နှစ်ဆပိုများသည်ကို တွေ့ရသဖြင့် ဂျပန်နိုင်ငံ၏ FIT စနစ်ကို မဆိုင်းမတွ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သင့်သည်။ ထို FIT စနစ်ကိုပြောင်းလဲရန်နှင့် ဒေသခံမဟုတ်သူများကို ဆိုလာစွမ်းအင်အတွက် လေလံဆောင်ရွက်ခြင်းစနစ်ကို စတင်ကျင့်သုံးရန် ဆွေးနွေးမှုများ ဆောင်ရွက်နေပြီဖြစ်သည်။ ထို့ကြောင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် အဓိကစွမ်းအင် ပံ့ပိုးမှုအရင်းအမြစ် ဖြစ်လာစေရေးအတွက် ဈေးနှုန်းလျှော့ချရေးသည်လည်းအရေးပါသည့် အချက်တစ်ရပ်ဖြစ်နေသည်။

ဂျပန်နိုင်ငံသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက စွမ်းအင်ထုတ်လုပ်သည့် လိုင်းများသီးသန့်ဖြစ်နေသည့် ကျွန်းနိုင်ငံတစ်ခုဖြစ်သည်။ ထို့အပြင် ထိုလိုင်းများကိုနိုင်ငံ၏ အရှေ့ပိုင်းတွင် 50 Hz နှင့်အနောက်ပိုင်းတွင် 60 Hz ဟု လှိုင်းနှုန်းနှစ်ခုဖြင့် ခွဲခြားထားသည်။ တူညီသည့် လှိုင်းနှုန်းအတွင်းမှာပင် သေးငယ်သည့် လိုင်းများအဖြစ် ထပ်မံခွဲခြားထားပြီး ဟော့ကိုင်းဒိုးနှင့် တိုဟိုကူးဒေသအကြား၊ ချူဂိုကူး၊ ကျူးရှူးနှင့် ရှိကိုကူးတို့အကြား အားနည်းသည့် အပြန်အလှန် ချိတ်ဆက်မှုများဖြင့် ဆောင်ရွက်သည်။ အဆိုပါ လိုင်းနှုန်းအသေးများတွင် လိုအပ်ချက်နှင့် ပံ့ပိုးမှုအကြားဟန်ချက်ညီမျှမှုကို ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်သည် ဟုသုံးသပ်ကြသည်။

ဂျပန်နိုင်ငံတွင် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်၏ အချိုးနှုန်းကို မြှင့်တင်ဆောင်ရွက်ခြင်းသည် အခြားသော နိုင်ငံများထက် ပိုမိုခက်ခဲစေသည်။ အဆိုပါ အခက်အခဲများကို ဖြေရှင်းနိုင်ရန် Pumped-storage hydropower (PSH) ကိုအသုံးပြုခြင်း၊ storage batterie များ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာခြင်းနှင့် တည်ရှိပြီး ဓာတ်အားထုတ်လွှတ်သည့် လိုင်းများကို အကျိုးရှိရှိအသုံးချခြင်းတို့သည် အဓိကကျသည့် နည်းလမ်းများဖြစ်ကြသည်။ ဂျပန်နိုင်ငံ၏ ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင် ဖန်တီးရေးခရီးလမ်းသည် ချောမွေ့လိမ့်မည် မဟုတ်သော်ငြားလည်း ၎င်းနှင့်စပ်လျဉ်း၍ စီးပွားရေးအခွင့်အလမ်းများကို ပေါ်ပေါက်စေသည်ကို တွေ့ရသည်။

**ရင်းမြစ်။ The Japan Times**
**owif;pmyg Sumiko Takeuchi**
**နန္ဒာဝင်း၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ တိုကျိုမြို့**

# ဇူလိုင်လတွင် ထိုင်းနိုင်ငံ၏ ကုန်သွယ်မှု ကျဆင်းခဲ့

အမေရိကန်နှင့်တရုတ် ကုန်သွယ်ရေးစစ်ပွဲ ဆက်တိုက်ဖြစ်ပွားနေမှုနှင့်အတူ ၁၈ လအတွင်း ထိုင်းနိုင်ငံ၏ စီးပွားရေးမှာ ဇူလိုင်လတွင် အနိမ့်ဆုံးသို့ရောက်ခဲ့ကြောင်း၊ ပို့ကုန်များလည်း ကျဆင်းခဲ့ပြီး လယ်ယာထွက်ကုန်ဈေးနှုန်းများလည်း အခြားကုန်ပစ္စည်းများနှင့် နှိုင်းယှဉ်ပါက နိမ့်ကျခဲ့ကြောင်း သိရှိရသည်။

ထိုင်းကုန်သည်ကြီးများအသင်းအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ စီးပွားရေးအပေါ် ယုံကြည်မှု အညွှန်းကိန်းမှာ ငါးလမြောက် ဆက်တိုက်ကျဆင်းခဲ့ကြောင်း၊ ဇွန်လတွင် အညွှန်းကိန်း ၄၇ ဒသမ ၁ ရှိရာမှ ဇူလိုင်လတွင် ၄၆ ဒသမ ၇ သာရှိခဲ့ကြောင်း၊ မေလတွင် အညွှန်းကိန်း ၄၇ ဒသမ ၄ နှင့် ဧပြီလတွင် ၄၇ ဒသမ ၈ ရှိခဲ့ကြောင်း၊ မတ်လတွင်အန်းကိန်း ၄၈ ဒသမ ၄ နှင့် ဖေဖော်ဝါရီလတွင် ၄၈ ဒသမ ၅ ရှိခဲ့ကြောင်း သိရှိရသည်။ အဆိုပါ အညွှန်းကိန်းမှာ ထိုင်းကုန်သည်ကြီးများ အသင်းဝင်ဖြစ်သည့် လယ်ယာကဏ္ဍ၊ စက်မှု၊ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများ၏ အသင်းဝင် ၃၆၉ ဦးတို့ထံမှ စစ်တမ်းများ ကောက်ယူတွက်ချက်ခဲ့ခြင်းဖြစ်သည်။

ထိုင်းကုန်သည်ကြီးများအသင်း တက္ကသိုလ် University of the Thai Chamber of Commerce (UTCC) ၏ သုတေသနဌာန ဒုတိယဉက္ကဋ္ဌ Thanavath Phonvichai က တစ်နိုင်ငံလုံးရှိစီးပွားရေးလုပ်ငန်းများအနေဖြင့် အစိုးရအား SMEs လုပ်ငန်းများအတွက် ချေးငွေရရှိရေး စည်းမျဉ်းစည်းကမ်းများအား ဘဏ္ဍာရေးအဖွဲ့အစည်းများအနေဖြင့် ဖြေလျှော့ဆောင်ရွက်ပေးရေးဆွေးနွေးမှုများကိုအရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးရန် တိုက်တွန်းနေကြကြောင်း၊ ၎င်းတို့ကဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းအား ထပ်မံလျှော့ချပေးရန်လည်း တောင်းဆိုခဲ့ကြကြောင်း အစိုးရအနေဖြင့် ထိုင်းပြည်တွင်းထုတ်ကုန်များအား ပိုမို ဝယ်ယူသုံးစွဲရေးနှင့် ခရီးပိုမိုသွားလာကြရေး တွန်းအားပေးမြှင့် တင်ဆောင်ရွက်သင့်ကြောင်း၊ အရေးတကြီးလိုအပ်သော မူဝါဒအနေဖြင့် SMEs များ၏ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားတိုးတက်ရေးနှင့် လယ်ယာထွက်ကုန်ဈေးနှုန်းများ မြင့်မားတိုးတက်ရေးတို့ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**Source:Bangkok Post**
**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ဆော်ဒီအာရေးဘီးယား၏ ဆန်တင်သွင်းမှု စံနှုန်းသတ်မှတ်ချက်များအပေါ် အိန္ဒိယဆန်တင်ပို့သူများ စိုးရိမ်လျက်ရှိ

ဆော်ဒီအာရေးဘီးယားနိုင်ငံ အစားအစာနှင့် ဆေးဝါး အာဏာပိုင်အဖွဲ့ (Saudi Food and Drug Authority - SFDA) သည် ဘာစမာတီဆန်များအား တင်သွင်းခွင့်ပြုရာတွင် ဆန်တင်ပို့သူ၏ အသေးစိတ်အချက်အလက်များ ဖော်ပြပါရှိရမည့် ကုန်အညွှန်းအမှတ်အသားနှင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းမှ အတည်ပြုထားသည့် ဓာတ်ခွဲခန်းများက တင်ပို့သည့် ကုန်စည်အပေါ် ပိုးသတ်ဆေး ဓာတ်ကြွင်းစစ်ဆေးမှု သက်သေခံချက် စသည်တို့အပါအဝင် အိန္ဒိယနိုင်ငံမှ ဆန်တင်ပို့သူများ လိုက်နာရမည့် လမ်းညွှန်ချက် (Guideline) ခြောက်ရပ်ကို ယခုနှစ် ဇူလိုင်လ၌ ချမှတ်ခဲ့ရာ ၎င်းအချက်များအပေါ် သက်သာခွင့်ပြုထားသည့်ကာလမှာ ကုန်ဆုံးတော့မည်ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁ ရက်မှစတင်၍ ဆော်ဒီအာရေး ဘီးယားနိုင်ငံသို့ ဆန်တင်ပို့ရာတွင် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များသည် အထူးသဖြင့် ပိုးသတ်ဆေး ဓာတ်ကြွင်းပါဝင်မှု ကန့်သတ်ချက်ဆိုင်ရာ အရည်အသွေးကိုက်ညီမှုရှိကြောင်း သက်သေခံလက်မှတ် (Certificate of Conformity) အား သက်ဆိုင်ရာ အာဏာပိုင် အသိအမှတ်ပြုဓာတ်ခွဲခန်းများမှ ရယူခြင်း၊ SFDA က ကောင်းမွန်သော စိုက်ပျိုး ထုတ်လုပ်မှုကျင့်စဉ် (GAP) နှင့် ကိုက်ညီကြောင်း အသိအမှတ်ပြုထားပြီးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများထံမှ ဝယ်ယူစုစည်းတင်ပို့မှုဖြစ်ကြောင်း တင်ပြခြင်း၊ ဘာစမာတီဆန်အစစ် အမှန်ဖြစ်ကြောင်း DNA စစ်ဆေးချက် ရယူတင်ပြခြင်း စသည့် လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ အိန္ဒိယက တင်ပို့သည့် ဘာစမာတီဆန်များတွင် အခြားဆန်မျိုးကွဲများ ပါဝင်မှုများပြားသဖြင့် SFDA က ပို့ကုန်အုပ်စု (Consignment) တိုင်းတွင် ဘာစမာတီဆန်ပါဝင်မှု ၉၃ ရာခိုင်နှုန်း ရှိရမည်ဖြစ်ကြောင်းလည်း သတ်မှတ်ခဲ့သည်။ သို့ရာတွင် အိန္ဒိယကုန်သည်များဘက်ကမူ ဘာစမာတီဆန် ပါဝင်မှု ၈၅ ရာခိုင်နှုန်း သတ်မှတ်ရန် လိုလားလျက်ရှိကြသည်။

ဤလုပ်ငန်းစဉ်များ ဆောင်ရွက်ရပါက အိန္ဒိယကုန်သည်များအတွက် လုပ်ငန်းအဆင့်များပြားလျက် ကုန်ကျစရိတ် ပိုမိုလာမည်ဖြစ်ပြီး အခြားသော ဆန်တင်ပို့သည့်နိုင်ငံများနှင့် ဈေးနှုန်းအရ ပြိုင်ဆိုင်ရမှု မြင့်တက်လာခြင်းကို ကြုံတွေ့လာရနိုင်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် ဘာစမာတီဆန်ပြည်ပတင် ပို့ရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ တန်ချိန် ၄ ဒသမ ၄၁၄ သန်း၊ တန်ဖိုးအားဖြင့် ဒေါ်လာ ၄ ဒသမ ၇၁၂ ဘီလီယံကျော်ရှိပြီး ဆော်ဒီအာရေးဘီးယားနိုင်ငံသို့ တင်ပို့မှုမှာ ဒေါ်လာ ၉၃၈ ဒသမ ၉၁ သန်း (စုစုပေါင်းတင်ပို့မှု၏ ၂၀ ရာခိုင်နှုန်း) ခန့်ရှိသည်။

ဆော်ဒီအာရေးဘီးယားနိုင်ငံက သတ်မှတ်လိုက်သည့် ဘာစမာတီဆန် တင်သွင်းမှုလုပ်ငန်း လမ်းညွှန်ချက်များနှင့် စပ်လျဉ်း၍ အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန လက်အောက်ရှိ လယ်ယာထွက်ကုန်နှင့် ပြုပြင်ပြီးစားသောက်ကုန်များ ပြည်ပတင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့ (APEDA) သည် ၂၀၁၉ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် ပြည်တွင်းရှိ ဆန်တင်ပို့သည့်လုပ်ငန်းရှင် များနှင့် အစည်းအဝေးပြုလုပ်ပြီး ၎င်းလမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ရန် လိုအပ်သည့် အချိန်ကာလအား တိုးမြှင့်ပေးရေး SFDA သို့ ညှိနှိုင်းရန် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရသည်။

အိန္ဒိယရှိ ဆန်တင်ပို့သူ အချို့က SFDA ၏ လမ်းညွှန်ချက်ပါ ပိုးသတ်ဆေးဓာတ်ကြွင်းစစ်ဆေးမှု သက်သေခံချက်တင်ပြရေးမှာ မည်သည့် ပိုးသတ်ဆေးအား စစ်ဆေးပေးရမည်ကို ဖော်ပြထားခြင်းမရှိသကဲ့သို့ ကုန်အညွှန်းအမှတ်အသား ဖော်ပြရေးသည်လည်း ဆော်ဒီအာရေးဘီးယားရှိ သွင်းကုန်လုပ်ငန်းရှင်က ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၌ လယ်ယာလုပ်ငန်းခွင်၏ အရွယ်အစားမှာ အနောက်နိုင်ငံများနှင့်မတူညီဘဲ ကွဲပြားခြားနားမှုကြီးမားပြီး အများစုသည် လုပ်ငန်းပမာဏသေးငယ်သည့် လယ်ယာလုပ်ကိုင်သူများဖြစ်ကြောင်း၊ ပြည်ပရှိအဖွဲ့အစည်းတစ်ရပ်ထံမှ အသိအမှတ်ပြုလက်မှတ်ရယူလျက် စိုက်ပျိုးထုတ်ရေးမှာ အိန္ဒိယလယ်သမားများအတွက် ခက်ခဲကြောင်း ပြောဆိုလျက်ရှိသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

Super Car 1 Services

Company Limited




Add : No.8, Pyi Thu Kwat THit(1) Street, Sanchaung Township, Yangon
Office : 01 2304628
Hp : 09 5156549, 09 421118111, 09443153599,
Email : supercarone@gmail.com, oakarminmyat@gmail.com..

မုံရွာ ဆရာမိုး

အမှတ်တံဆိပ်




ပင်ရင်း-ဈ-၃၅၆၊ မေခါဝီလမ်းမကြီး၊ ဈ/ရပ်ကွက်၊ ရတနာသိင်္ဂီဈေးအနီး၊ မ/ဥက္ကလာပ၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၄၆၉၀၅၈၇၊ ၀၁၆၉၁၀၇၉၊ ၀၉-၅၁၈၈၆၃၂


## Hayman Capital Co.,Ltd. ၏ ထုတ်ပြန်ချက်သတင်းလွှာ

လုပ်ငန်းတိုးချဲ့လည်ပတ်ရန်အတွက် Hayman Microfinance ဒေါ်လာ ၃ သန်း မတည်ရင်း ချေးငွေရယူခဲ့သည်။

ရက်စွဲ ၅၊ ဩဂုတ်၊ ၂၀၁၉၊ ရန်ကုန်။

ဇူလိုင်လ ၂၂ ရက် ၂၀၁၉ တွင် သည် Hayman Capital Co., Ltd. မြန်မာနိုင်ငံ ဗဟိုဘဏ်နှင့် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဌာန စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ USD 3 သန်း၊ ချေးငွေကာလ ၂ နှစ်ဖြင့် Maybank Myanmar မှ ချေးယူရန် ခွင့်ပြုချက်ရရှိခဲ့ပါသည်။

ယခုရယူသည့် ချေးငွေအသစ် USD 3 သန်းနှင့် ညီမျှသည့် မြန်မာကျပ်ငွေ ၄.၅ ဘီလီယံအားအသစ်သော ငွေချေးဖောက်သည် ဦးရေ ၁၅,၀၀၀ ဦး၊ မြို့နယ်ပေါင်း ၄၆ မြို့နယ်၊ တိုင်းဒေသကြီး ၄ ခုတွင် ထုတ်ချေး သွားမည်ဖြစ်ပြီး နောက်ထပ်ရုံးခွဲသစ်များကို စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်များတွင် ဖွင့်လှစ်ပြီး Hayman ၏ လုပ်ငန်းတိုးချဲ့စီမံကိန်းအတိုင်း ထုတ်ချေးဆောင်ရွက်သွားမည်ဖြစ်သည်။

ယခု ချေးငွေသည် Maybank မှ လွန်ခဲ့သည့် နှစ်လမှစ၍ ချေးငွေလည်ပတ်ရန် ကူညီပေးခဲ့ခြင်း၏ ဆက်စပ်မှုဖြစ်သည်။ Maybank မှ ပထမဦးဆုံးချေးငွေ ဒေါ်လာ ၁ သန်းအား မတ်လ ၁၅ ရက် ၂၀၁၇ တွင် ရယူခဲ့ပါသည်။ ၎င်းချေးငွေဖြင့် ငွေချေးသူဦးရေ ၅,၀၀၀ ကျော်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတို့တွင် ထုတ်ချေးနိုင်ခဲ့ သည်။ ထို့နောက် အောက်တိုဘာလ ၂၀၁၇ တွင် Maybank မှ နောက်ထပ် ချေးငွေဒေါ်လာ ၉ သိန်းအား ထုတ်ချေးပေးခဲ့ပြီး မြန်မာနိုင်ငံတွင်းရှိ ဝင်ငွေနည်းပါးသည့် အသေးစားလုပ်ငန်းရှင် ၃၅,၀၀၀ ဦးထက်မက ငွေကြေးဝန်ဆောင်မှုပေးနိုင်ခဲ့သည်။ ပထမဆုံး ချေးငွေလည်ပတ်ခြင်းအား ဇွန်လိုင်လ ၂၀၁၈ တွင် မတည် ငွေရင်းကို ထပ်မံတိုးမြှင့်ခဲ့သည်။ ဒုတိယအကြိမ် မတည်ငွေရင်းတိုးမြှင့်ခြင်း ဒေါ်လာ ၁သန်းကို ၂၀၁၈ ဩဂုတ်လတွင် တိုးမြှင့်ခဲ့ပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း မတည်ငွေရင်း တိုးမြှင့်ပမာဏမှာ ဒေါ်လာ ၁.၉ သန်းရှိသည်။

ကျွန်ုပ်တို့အနေဖြင့် Maybank Myanmar အား ၎င်းတို့၏ ယုံကြည်အားကိုးမှု စဉ်ဆက်မပြတ်ထောက် ပံ့ပေးခြင်းဖြင့် ငွေကြေးဆိုင်ရာ တိုးချဲ့ပို့မှုများတွင် စိုက်ထုတ်ပေးခြင်းများအတွက် ကျေးဇူးတင်ရှိပါသည်။ ထိုသို့ ငွေကြေးကူညီစိုက်ထုတ်ပေးခြင်းဖြင့် ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းနှင့် အလှမ်းဝေးသည့် ပြည်သူများသို့ သွားရောက်၍ ငွေကြေးဝန်ဆောင်မှုများကို ဆောင်ရွက်ရာတွင် အထောက်အပံ့ ဖြစ်စေမည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ငွေကြေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ကြိုးစားဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံရှိ အသေးစားစီးပွားရေးလုပ်ငန်းရှင်များနှင့် ကျေးလက်ဒေသ လူမှုစီးပွားရေးများကို တိုးမြှင့်ဆောင်ရွက်နိုင်သည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုအဖြစ် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်သည်။ Mr.Sultan Marenov, Chairman of Board of Directors of Hayman Capital Co., ltd. Hayman Capital Co.,ltd အနေဖြင့် မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၄ နှစ်ကျော် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍတွင် ချေးငွေထုတ်ချေးမှုအား တိုးချဲ့ဆောင်ရွက်ခြင်း၊ ငွေချေးဖောက်သည်များနှင့် ပထဝီဝင် နယ်မြေဒေသများကို လေ့လာတွေ့ရှိပြီး ဆောင်ရွက်ခဲ့ပါသည်။ လက်ရှိငွေချေးသူ ၁၀၀,၀၀၀ ဦး၊ ထုတ်ချေးထားရှိမှု ချေးငွေ ဒေါ်လာ ၁၅.၁ သန်း၊ စုစုပေါင်းပုံသေပိုင်ဆိုင်မှု ဒေါ်လာ ၂၀.၃၂ သန်းနှင့် မတည်ငွေရင်း ဒေါ်လာ ၁၀.၈၆ သန်းရှိပြီး Hayman သည် မြန်မာနိုင်ငံရှိ မတည်ငွေရင်းထည့်ဝင်နိုင်သည့် MFI ထိပ်တန်းနံပါတ် ၁၀ တရင်းဝင်ဖြစ်သည်။

Hayman Capital Co., ltd အပ်ငွေလက်ခံသည့် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၎င်းအဖွဲ့သည် ဗဟိုအာရှဒေသ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ Hayman Capital Co., ltd ၏ ၁၀၀% အပြည့် လုပ်ငန်းခွဲဖြစ်သည်။ ကုမ္ပဏီအား ၂၀၁၄ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ပထမဆုံးသော ချေးငွေကို ဇွန်လိုင် ၂၀၁၅ တွင် စတင်ထုတ်ချေးခဲ့ပါသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး ၄ ခုတွင် ရုံးခွဲပေါင်း ၁၇ ခု ရှိပြီဖြစ်သည်။ ပိုမိုသိရှိလိုပါက - ကျေးဇူးပြု၍ ကျွန်ုပ်တို့၏ လူထုဆက်ဆံရေးအရာရှိ (PR Office) ဦးညာဏ်လင်းထွန်း နှင့် ဆက်သွယ်ဆောင်ရွက်ပါ။ ဖုန်း - ၀၉၅၉၄၅၇၁၉၉၆၅


ASPECT

Aspect Management (Myanmar) Co., Ltd.




NI NI MOE ENTERPRISES CO., LTD.

အမှတ်(၃၉/အေ)၊ ဖိုးစိန်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁ - ၅၄၁၇၅၈၊ ၀၁ - ၅၄၀၂၉၀
၀၉ - ၅၄၀၆၇၃၀၊ ၀၉ - ၅၁၀၉၈၈၄၊ ၀၉ - ၇၃၂၀၆၄၃၂


အအေးမိ၊ တုပ်ကွေး ကင်းဝေးဖို့ ကိုးလ်ဒရစ် ကို သောက်ကြစို့ . .
ကိုးလ်ဒရစ်
အအေးမိ၊တုပ်ကွေးပျောက်ဆေး
COLDRID
COLD & FLU TABLETS
ကိုးလ်ဒရစ် သည် ကမ္ဘာ့အသိအမှတ်ပြု ခေတ်မီနည်းပညာများဖြင့် ဖော်စပ်ထားသော ဆေးတစ်လက်ဖြစ်ပါသည်။
Marketed & Distributed by :
RDCL
care for life
Royal Distribution Co., Ltd.
အမှတ် (၁၀ - စီ)၊ မြေညီထပ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ၀၉ - ၉၅၄၄ ၃၄၄ ၂၃၊ ၀၉ - ၉၅၄၄ ၃၄၄ ၂၄၊ ၀၉ - ၉၅၄၄ ၃၄၄ ၂၅


နာရီဆိုလျှင်
CHERRY OO
WATCH GALLERY
G-SHOCK
https://www.facebook.com/cherryoowatchgallery
Contact : 09 730 222 48, 09 451 522 228

# COMMERCE INTERNATIONAL

## အမေရိကန်သွင်းကုန်များကို တရုတ်နိုင်ငံ အခွန်တိုးမြှင့် ကောက်ခံမည်

အမေရိကန်ဒေါ်လာ ၇၅ ဘီလီယံတန်ဖိုးရှိ အမေရိကန်သွင်းကုန်များအား လက်တုံ့ပြန် အခွန်တိုးမြှင့်ကောက်ခံရန် တရုတ်နိုင်ငံကဩဂုတ် ၂၃ ရက်တွင်ဆုံးဖြတ်ကြောင်း ချန်နယ်နယူးအေရှသတင်းတွင် ဖော်ပြထားသည်။ ကမ္ဘာ့နိုင်ငံကြီး နှစ်ခုအချင်းချင်း ကာလရှည်ကြာစွာအငြင်းပွားနေရာမှ လက်တုံ့ပြန်သည့်အနေဖြင့် ရှိရင်းစွဲအခွန်နှုန်းကို ၁၀ ရာခိုင်နှုန်း ပိုဆောင်းကာ ကောက်ခံမည်ဖြစ်သည်။

တရုတ်နိုင်ငံက နောက်ဆုံးအကြိမ် အခွန်တိုးမြှင့်ကောက်ခံခြင်းမှာ အမေရိကန်ဒေါ်လာဘီလီယံ ၃၀၀ ဖိုးရှိ တရုတ်ကုန်ပစ္စည်းများအပေါ်တွင် အမေရိကန်က အခွန်တိုးမြှင့်ကောက်ခံပြီးနောက်ပိုင်း ဆောင်ရွက်ခြင်းဖြစ်သည်။ တိုးမြှင့်ကောက်ခံမည့်ပစ္စည်းများတွင် အီလက်ထရွန်နစ်လူသုံးကုန်ပစ္စည်းများ ပါဝင်ပြီး စက်တင်ဘာ ၁ ရက်နှင့် ဒီဇင်ဘာ ၁၅ ရက် ဟူ၍ စတင်ကောက်ခံမည့်ရက်ကို အဆင့်နှစ်ဆင့်ခွဲထားသည်။

အမေရိကန်ကလာသော ကုန်ပစ္စည်း ၅၀၇၈ မျိုးကို ထပ်ဆောင်းခွန် ၅ ရာခိုင်နှုန်း သို့မဟုတ် ၁၀ ရာခိုင် နှုန်းတို့၍ကောက်ခံမည်ဖြစ်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။ ထုတ်ကုန်များတွင် ပဲပုပ်ကဲ့သို့သော လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များ၊ ရေနံစိမ်းနှင့် လေယာဉ်ငယ်များပါဝင်သည်။တရုတ်နိုင်ငံသည် အမေရိကန်မှလာသော ကားများနှင့် မော်တော်ကား အစိတ်အပိုင်းများအပေါ်တွင်လည်း အခွန်များပြန်လည်ပြင်ဆင်ကောက်ခံမည်ဖြစ်သည်။

တရုတ်နိုင်ငံနှင့် စေ့စပ်ညှိနှိုင်းမှုများကို အများပြည်သူသို့ မထုတ်ပြန်ဘဲဆောင်ရွက်နေဆဲဖြစ်ကြောင်း Fox Business News နှင့် သီးခြားတွေ့ဆုံရာတွင် အိမ်ဖြူတော်အကြံပေးအရာရှိပီတာနာဗာရိုက ပြောသည်။

## လွန်ခဲ့သောနှစ်အတွင်း စင်ကာပူတွင် နည်းပညာအလုပ်အကိုင် ၂၀ ရာခိုင်နှုန်းမြင့်တက်

စင်ကာပူနိုင်ငံရှိ နည်းပညာအလုပ်အကိုင်များသည် လွန်ခဲ့သော ၁၂ လက ၂၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း အလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ မိုက်ကယ်ပေ့ခ်ျ (Michael Page) မှထုတ်ပြန်သော - ၂၀၁၉ ခုနှစ် လစာအခြေခံစံနှုန်း အစီရင်ခံစာကို ကိုးကား၍ စထရိတ်တိုင်းမ်သတင်းတွင်ဖော်ပြသည်။ အထူးသဖြင့် စင်ကာပူတွင် အီးကောမတ်အထူးပြု ဒစ်ဂျစ်တယ်မားကက်တင်းနှင့် ဒေတာသိပ္ပံပညာ စသည့်ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများအတွက် အလုပ်အကိုင်လိုအပ်များမြင့်မားသည်။ သို့ရာတွင် နည်းပညာတိုးတက်မှုတစ်ဟုန်ထိုးမြင့်တက်လာမည်ဟု တွက်ဆထားသည့်အတွက် ကုမ္ပဏီများက ဒစ်ဂျစ်တယ်မဟာဗျူဟာကို အောင်မြင်အောင် စွမ်းဆောင်ပေးနိုင်မည့်ခေါင်းဆောင်များကိုရှာဖွေလျက်ရှိသော်လည်း ပညာရှင်များရှားပါးလျက်ရှိသည်။

အစီရင်ခံစာအရ နည်းပညာကဏ္ဍတွင် လစာအများဆုံးရသော အလုပ်အကိုင်မှာ နည်းပညာအရာရှိချုပ် (Chief technology officer) ဖြစ်ပြီး ပျမ်းမျှလစာမှာ တစ်လစင်ကာပူဒေါ်လာ ၂၂၀၀၀ ဖြစ်သည်။ နောက်ကလိုက်နေသော အလုပ်မှာ အိုင်တီဒါရိုက်တာ သို့မဟုတ် အိုင်တီလုံခြုံရေးဖြစ်ပြီး ပျမ်းမျှလစာ တစ်လ စင်ကာပူဒေါ်လာ ၁၈၀၀၀ ရရှိသည်။

တစ်ချိန်တည်းမှာ ဒစ်ဂျစ်တယ်ကဏ္ဍ၌ အီးကောမတ်ဒါရိုက်တာ၏ပျမ်းမျှလစာမှာ စင်ကာပူဒေါ်လာ ၂၃၀၀၀ ရှိပြီး ဒစ်ဂျစ်တယ်မားကက်တင်း ဒါရိုက်တာလစာမှာ တစ်လပျမ်းမျှ စင်ကာပူဒေါ်လာ ၁၈၀၀၀ ရှိသည်။ ဝက်ဘ်ဆိုက်လေ့လာဆန်းစစ်ရေးလုပ်ငန်းများဖြစ်သည့် SEO( ဆပ်ချ်အင်ဂျင်စီမံခန့်ခွဲသူ) သို့မဟုတ် SEM(ဆပ်အင်ဂျင်ဖြင့် မားကက်တင်းဆောင်ရွက်သူ) တို့၏လစာမှာ တစ်လကိုပျမ်းမျှ ဒင်ကာပူဒေါ်လာ ၉၆၀၀ ရှိကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။



## စက်တင်ဘာတွင် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးဆွေးနွေးပွဲကျင်းပရန် အမေရိကန်စီစဉ်

ယခုသီတင်းပတ်အတွင်း လက်ထောက်အဆင့်တာဝန်ရှိသူများ စေ့စပ်ညှိနှိုင်းရေးမှူးများ အချင်းချင်း အပြုသဘော ဆက်သွယ်မှုများပြုလုပ်ပြီးနောက် ကုန်သွယ်မှု ဆွေးနွေးပွဲများကျင်းပရန် အမေရိကန်နှင့် တရုတ်အရာရှိများက စီစဉ်လျက်ရှိကြောင်း အိမ်ဖြူတော်စီးပွားရေးအကြံပေး လာရီကတ်ဒလိုက ဩဂုတ် ၂၂ ရက်က ပြောကြားကြောင်း ရိုက်တာ သတင်းတွင် ဖော်ပြသည်။

ဂျပန်စီးပွားရေးဝန်ကြီး တိုရှိမိစုမိုတဲဂီနှင့် အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ် လိုက်ဟိုက်ဇာတို့၏ ကုန်သွယ်ရေး ဆွေးနွေးပွဲများတွင်လည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆက်သွယ်ရေးကိစ္စများအတွက် ဆွေးနွေးမှုများမှာ ရလဒ်ကောင်းများထွက်ပေါ်နေကြောင်း ကတ်ဒလိုကပြောသည်။

လက်ထောက်အဆင့် တာဝန်ရှိသူများအဆင့် ဆက်သွယ်ညှိနှိုင်းမှုများအောင်မြင်လာသည့်အတွက် အဓိကအရေးပါသူများ အဆင့်ဆွေးနွေးပွဲများကိုဝါရှင်တန်ဒီစီ၌ ကျင်းပရန်စီစဉ်ထားကြောင်း ဩဂုတ် ၂၂ ရက်က ဆောင်ရွက်ခဲ့သော ညှိနှိုင်းမှုရလဒ်များကို ရည်ညွှန်း၍ ၎င်းကပြောသည်။

လက်ထောက်အဆင့် တာဝန်ရှိသူများ တယ်လီဖုန်းကွန်ဖရင့် ဆွေးနွေးမှုများကို ထပ်မံပြုလုပ်ပြီး အချို့အရေးပါသော ကိစ္စရပ်များအတွက် အဓိကပုဂ္ဂိုလ်များအား ထောက်ခံတင်ပြနိုင်အောင် ဆောင်ရွက်ရန် သဘောတူထားကြောင်း ၎င်းကပြောသည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် ကုန်သွယ်ရေးအငြင်းပွားမှုများ လပေါင်းများစွာဖြစ်ပွားပြီး အပြန်အလှန် လက်တုံ့ပြန်ခဲ့ကြသဖြင့် ဈေးကွက်များကမောက်ကမဖြစ်ကာ စီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးခဲ့ရသည်။

**စံမီအောင် စုစည်းသည်**



## စွမ်းအင်ချွေတာရေး နည်းပညာအဆင့်မြှင့်ကြရန် ဗီယက်နမ် စီးပွားရေးလုပ်ငန်းများကို တိုက်တွန်း

စွမ်းအင်ချွေတာရန်၊ ကုန်ထုတ်လုပ်ငန်းတိုးမြှင့်ရန်နှင့် ကုန်ထုတ်လုပ်မှုအရည်အသွေးကိုမြှင့်တင်ရန် ကုန်ထုတ်လုပ်မှုလိုင်းများအား ဆန်းသစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများနှင့် ပြန်လည်စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ရန် ဩဂုတ် ၂၁ ရက်က ဟန္နိုင်းမြို့တွင်ပြုလုပ်သော ဖိုရမ်သို့ တက်ရောက်လာသူတို့က တိုက်တွန်းကြောင်း ဗီယက်နမ်နယူးသတင်းတွင်ဖော်ပြသည်။

စက်မှုလုပ်ငန်းကဏ္ဍမှ စွမ်းအင်သုံးစွဲမှုပမာဏမှာ နိုင်ငံစုစုပေါင်းသုံးစွဲမှုရဲ့ ၄၇ ရာခိုင်နှုန်းရှိကြောင်း စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ စွမ်းအင်ချွေတာရေးဖိုရမ်သို့ တင်ပြသော အစီရင်ခံစာအရ တွေ့ရသည်။ လောလောဆယ်တွင် ပင်မစွမ်းအင်အရင်းအမြစ်များသည် စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုနေသော စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းမပေးနိုင်သေးပေ။ ဗီယက်နမ်နိုင်ငံသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် ကျောက်မီးသွေးကို တင်သွင်းနေရပြီး ၂၀၂၃ ခုနှစ်မှ၍ သဘာဝဓာတ်ငွေ့ကို တင်သွင်းရလိမ့်မည်။

ဗီယက်နမ်လျှပ်စစ်ကဏ္ဍမှထုတ်လုပ်မှုသည် ရုပ်ကြွင်းလောင်စာနှင့် ပြန်ပြည့်မြဲစွမ်းအင်အပါအဝင် မဂ္ဂါဝပ် ၅၄၀၀၀ ရှိသည်။ တိုင်းပြည်၏ စွမ်းအင်လိုအပ်ချက်မှာ ၂၀၂၀ ပြည့်နှစ်တွင် မဂ္ဂါဝပ် ၆၀၀၀၀ နှင့် ၂၀၃၀ ပြည့်နှစ်တွင် မဂ္ဂါဝပ် ၁၃၀၀၀၀ ရှိမည်ဟု ခန့်မှန်းထားသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၁ မှ ၂၀၁၅ ခုနှစ်အထိ စွမ်းအင်သုံးစွဲမှုကို စုစုပေါင်း ရေနံတန် ၁၁ သန်းမှ ၁၇ သန်းကြား ချွေတာနိုင်သဖြင့် ရာခိုင်နှုန်းအားဖြင့် ၅ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအထိ ဖြည့်ဆည်းနိုင်ခဲ့သည်။ စွမ်းအင်ကို အမြောက်အမြားသုံးရသော စက်မှုလုပ်ငန်းများ၏သုံးစွဲမှုသည် ထိုကာလအတွင်း သုံးစွဲမှုတဖြည်းဖြည်း ကျဆင်းခဲ့ရာ သံမဏိထုတ်လုပ်မှုက ၈ ဒသမ ၀၉ ရာခိုင်နှုန်း၊ ဘိလပ်မြေထုတ်လုပ်ရေး က ၆ ဒသမ ၃၃ ရာခိုင်နှုန်းနှင့် အထည်ချုပ်လုပ်ငန်းက ၇ ဒသမ ၃၂ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့သည်။ သုံးစွဲမှုလိုအပ်ချက်မြင့်မားနေချိန်နှင့် ဓာတ်အားဖြန့်ဖြူးရေးအတွက် ပြဿနာများရှိနေချိန်တွင် စက်မှုကုန်ထုတ်လုပ်ရေးလုပ်ငန်းများ၌ နည်းပညာသစ်များကိုအသုံးပြုခြင်းသည် ထိရောက်သောနည်းလမ်းဖြစ်ကြောင်း ကျွမ်းကျင်သူတို့ကပြောသည်။


Be green, Keep our planet clean
စိမ်းလန်းလှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကိုစောင့်ရှောက်စို့။